Language L.58

# Burmese

مـركـز المعلومات الإسلامي
Islamic Information Center
للتعريف بالإسلام

Version Date: 2025




Part of the

ISLAMIC e-LIBRARY

Learn more about Islam with our informative and educational materials, translated to over 50+ languages

@islamicicdxb

CONTENTS



# “အိစ်လားမ်”
## သာသနာ၏မိတ်ဆက်နိဒါန်း

BURMESE (01/10) نبذة عن الإسلام FREE COPY

- လက်တွေ့ကျပြီး မျှတသောဘဝနေထိုင်မှုလမ်းစဉ်
- အလ္လာဟ်အရှင်မြတ်နှင့် ခိုင်မာပြီး တိုက်ရိုက်ဆက်ဆံမှု
- ဘုရားသခင်နှင့်ပတ်သက်၍ မှန်ကန်၊ ထင်ရှားသောနားလည်မှု
- အချိန်တိုင်းနှင့် နေရာတိုင်းအတွက် ကိုက်ညီသောသတင်းစကား


جمعية دار البر
Dar Al Ber Society
www.daralber.ae
الإمارات
THE EMIRATES
Your Path To Peace..
مركز المعلومات الإسلامي
Islamic Information Center
للتعريف بالإسلام
تصريح رقم: (2017/139)
دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department
www.islamicic.com


CONTENTS











# “အိစ်လားမ်” သည် မည်သည့်သာသနာဖြစ်သနည်း?

“အိစ်လားမ်” သာသနာမှာ အသင်သည် တစ်ပါးတည်း၊ စစ်မှန်၊ ခဝပ်ကိုးကွယ်ခံထိုက်သော (အာရဗီစာပေဖြင့် “အလ္လာဟု”) ကိုယုံကြည်ခြင်း၊ ထိုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းနှင့် တမန်တော် “မုဟမ္မဒ်” (ဆွလ္လလ္လာက်လ္လာဟုအလိုင်းဟိဝစလ္လမ်)မှာ အရှင်မြတ်၏နောက်ဆုံးစေလွှတ်ခြင်းခံခဲ့ရသောတမန်တော်ချုပ်ဖြစ်သည်ဟု ယုံကြည်ခြင်းပင်ဖြစ်သည်။

- ခန့်မှန်းခြေအရ ၄ ဦး၌ ၁ ဦး၊ (၂၃%) ရာခိုင်နှုန်းသည် “မုစ်လင်မ်” ယုံကြည်သူများဖြစ်ကြပြီး၊ ၂ ဘီလီယံထက်များပါသည်။

- “အိစ်လားမ်” သာသနာကိုလိုက်နာသူများမှာ “မုစ်လင်မ်” အမည်ဖြင့် သိရှိကြရပြီး၊ မည်သည့်မျိုးရိုး၊ မည်သည့်လူမျိုးမဆို“မုစ်လင်မ်” ဖြစ်နိုင်ပါသည်။

## ယုံကြည်မှုနှင့် ခံယူချက်

အလ္လာဟုအရှင်မြတ်သည် အရှင်မြတ်၏သက်သေလက္ခဏာတော်များမှတဆင့် အရှင်မြတ်ကို ယုံကြည်ရန် ကျွန်တော်တို့ကို ဖိတ်ခေါ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ဤအသိတရားကို ကျွန်တော်တို့၏တာဝန်များအနက်မှ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်တော်မူထားသည်။ ဤသည် ဤဘဝ၏စမ်းသပ်မှုမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ မှန်ကန်သောဦးတည်ချက်မရှိလျှင်၊ မည်သည့်သတင်းအချက်အလက်မျှ လူတစ်ဦးတစ်ယောက်ကို “မုအ်မင်န်” ယုံကြည်သူ မဖြစ်စေနိုင်ပါ။

- ✓ ယထာဘူတကျခြင်းနှင့် ပွင့်လင်းသော အသိဉာဏ်
- ✓ ရိုကျိုးခြင်းနှင့် စိတ်ထားဖြူစင်ခြင်း
- ✓ ကျွန်တော်တို့၏တည်ရှိခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ စဉ်းစားခြင်း
- ✓ အရှင်မြတ်၏သက်သေလက္ခဏာတော်များကို သိရှိနားလည်ခြင်း

- ✗ အတားအဆီးများ / မယုံကြည်ရန် နဂိုမူလး စွဲကပ်နေသောအယူအဆများ
- ✗ မာန်မာနထောင်လွှားခြင်းနှင့် မိမိကိုယ်ကိုအထင်ကြီးခြင်း
- ✗ ရုပ်ဝတ္ထုဖြစ်သောလောကတရားကိုသာ အာရုံစိုက်ခြင်း
- ✗ အဓိပ္ပာယ်မရှိသောအရာအားလုံးကို ပစ်ပယ်ခြင်း

## ပထမအကြောင်းရင်း နံပါတ် (၁)- စကြဝဠာ

အလ္လာဟုအရှင်မြတ်ကိုယုံကြည်ခြင်းအတွက် ပထမအကြောင်းရင်းသည် စကြဝဠာ၏မူလအစနှင့် ပတ်သက်၍ စဉ်းစားတွေးတောခြင်းနှင့် ဆက်စပ်နေသည်။

စကြဝဠာသည် မည်ကဲ့သို့ တည်ရှိလာသနည်း?

- ✗ မရှိခြင်းမှ တည်ရှိလာခဲ့သလော? မရှိခြင်းမှ၊ မည်သည့်အရာမျှမဖြစ်ပါ၊ ထို့ကြောင့်၊ သိသာထင်ရှားပါတယ် မဟုတ်ပါ။
- ✗ ၎င်းသည် မိမိကိုယ်ကိုမိမိ ဖန်ဆင်းခဲ့သလား? မဟုတ်ပါ၊ ဤသည် ယုတ္တိမရှိပါ။ ဤကဲ့သို့ ပြောဆိုခြင်းမှာ မိခင်တစ်ယောက်က သူမကိုသူမ မွေးဖွားခဲ့သည်ဟု ပြောဆိုခြင်းကဲ့သို့ ဖြစ်သည်။
- ✗ ၎င်းသည် အမြဲတစေတည်ရှိနေခဲ့သလား? မဟုတ်ပါ၊ ခေတ်သစ်သိပ္ပံပညာက စကြာဝဠာသည် အမြဲထာဝရမဟုတ်ကြောင်းနှင့် ၎င်းသည် အစပထမရှိခဲ့ကြောင်း ကောက်ချက်ချထားသည်။
- ✓ ၎င်းမှာ ဖန်ဆင်းခြင်းခံခဲ့ရပါသလား?။ ဟုတ်ကဲ့။ “မုစ်လင်မ်” များက ယုံကြည်ကြသည်မှာ ဤစကြဝဠာ၏ပြင်ပတွင် ၎င်းကိုဖန်ဆင်းခဲ့သောတစ်စုံတစ်ရာရှိနေသည်။ ဤသည် ဖန်ဆင်းရှင်ပင်ဖြစ်သည်။

သို့သော် မည်သူသည် အလ္လာဟုအရှင်မြတ်ကို ဖန်ဆင်းခဲ့သနည်း?။

အလ္လာဟုအရှင်မြတ်သည် ဖန်ဆင်းခံခဲ့ရခြင်းမရှိပါ၊ စကြဝဠာနှင့် အခြားသောအဖန်ဆင်းခံများနှင့် ဆန့်ကျင်တော်မူပါသည်၊ အလ္လာဟုအရှင်မြတ်သည် ပထမဦးဆုံးဖြစ်တော်မူ၍ အရှင်မြတ်၏အလျင် မည်သည့်အရာမျှမရှိ၊ ထို့ပြင် နောက်ဆုံးအရှင်ဖြစ်တော်မူ၍ အရှင်မြတ်၏ နောက်တွင် မည်သည့်အရာမျှမရှိပါ။


CONTENTS











# ဒုတိယအကြောင်းရင်း- စကြဝဠာကို စနစ်တကျစီစဉ်ထားခြင်း

အလ္လာဟ့အရှင်မြတ်ကိုယုံကြည်ရန် အခြားရိုးရှင်းသောအကြောင်းရင်းတစ်ခုမှာ အောက်ပါယုတ္တိဗေဒကို အသုံးပြု၍ စကြဝဠာ၏စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သုံးသပ်ခြင်းပင်ဖြစ်သည်-

၁- စနစ်တကျတည်ရှိနေသော မည်သည့်အရာမဆို ဉာဏ် အမြော်အမြင်တစ်ခုခု၏တည်ရှိမှုကို ညွှန်ပြနေသည်။

၂- ကျွန်ုပ်တို့၏နေရောင်ခြည်စနစ်သည် စနစ်များ၊ ဥပဒေများနှင့် ပုံစံများဖြင့် စနစ်တကျစုဖွဲ့စီစဉ်ထားသည်။

၃- ကျွန်တော်တို့၏စကြဝဠာတွင်ရှိသော အစီအစဉ်သည် ဖန်ဆင်းရှင်၏ဉာဏ်အမြော်အမြင်ကို ညွှန်ပြနေသည်။

စကြဝဠာ၌ရှိ များစွာသောအင်္ဂါရပ်များသည် ၎င်းတို့မှာ သက်ရှိရှင်သန်ခြင်းကိုထောက်ပံ့ရန် စီစဉ်ဖန်တီးထားကြောင်းညွှန်ပြနေသည်။ အကယ်၍ ဤအတိုင်းအတာများမှာ လက်ရှိအခြေအနေမှ အနည်းငယ်ခန့် ကွဲပြားသွားလျှင်၊ သက်ရှိရှင်သန်ခြင်းမဖြစ်နိုင်တော့ပါ။ ဥပမာအချို့မှာ-



* အိုဇုန်းလွှာ
* ကမ္ဘာမြေ၏အပေါ်ယံလွှာအထု
* လေထုတွင်းရှိ အောက်ဆီဂျင်၏ရာခိုင်နှုန်း
* နေနှင့်အကွာအဝေး
* နေ၊ ကမ္ဘာ၊ လ တို့၏အရွယ်အစား ဆက်စပ်မှု

ကြီးမားပြီး တိကျစွာစုဖွဲ့ထားသောစကြဝဠာကြီးသည် ကြီးကြပ်စောင့်ရှောက်မှုမရှိဘဲ သဘာဝအလျောက် ဖွဲ့စည်းထားခြင်း ဖြစ်နိုင်ပါသလား?။ "အိစ်လာမ်" သည် သိပ္ပံနည်းကျ သုတေသနပြုခြင်းနှင့် ဆင်ခြင်သုံးသပ်ခြင်းကို အားပေးသည်ဟု သတိပြုသင့်ပါသည်။ သိပ္ပံပညာ၏အခန်းကဏ္ဍသည် အလ္လာဟ့အရှင်မြတ်က မိမိ၏အဖန်ဆင်းခံများတွင် ဖြန့်ကြဲတော်မူထားသောမြင်နေရသည့်သက်သေလက္ခဏာများစွာကို ဖော်ကျူးရန်၊ ထို့ပြင် အရှင်မြတ်၏တန်ခိုးတော်နှင့် ဉာဏ်တော်၏အတိုင်းအတာကို တန်ဖိုးထားရန် ကူညီပံ့ပိုးပေးသည်။

# တတိယအကြောင်းရင်း- ဗျာဒိတ်တော် - "ကုရ်အာန်"

"ကုရ်အာန်" ကျမ်းသည် အလ္လာဟ့အရှင်မြတ်၏ တည်ရှိနေတော်မူခြင်းအပေါ် ညွှန်ပြရန် ခိုင်မာသောသက်သေပင်ဖြစ်သည်။ ဤကျမ်း၏စနစ်၊ ဉာဏ်ပညာ၊ လမ်းညွှန်မှု၊ အာဝဇ္ဇန်းမြောက်မှုနှင့် တစ်မူထူးခြားခြင်းတို့မှာ ဖတ်ရှုတ်သူကိုဆက်ဆံရာတွင် အနှိုင်းမဲ့ပင်ဖြစ်သည်။

မှားယွင်းမှုများ သို့မဟုတ် ဆန့်ကျင်မှုများမရှိ

အလ္လာဟ့အရှင်မြတ်နှင့်ပတ်သက်၍ မှန်ကန်စွာ ထင်ရှားစွာ ဖော်ကျူးထားခြင်း

အာရဗီဘာသာ၏အထွတ်အထိပ်လှပမှု

မရေးတတ်၊ မဖတ်တတ်သောတမန်တော် "မုဟမ္မဒ်" ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်ထံသို့ ပို့ချခြင်းခံခဲ့ရသည်။

နှစ်ပေါင်း ၁၄၀၀ အတွင်းတွင် ပြောင်းလဲခြင်းများမရှိဘဲ ထိန်းသိမ်းခြင်းခံရသောကျမ်း

လူသား၏အပြုအမူကို နက်နဲစွာ သိမြင်ခြင်း

သန်းပေါင်းများစွာသောလူတို့သည် ဤကျမ်းကို ၎င်းတို့၏မှတ်ဉာဏ်များတွင် ကျက်မှတ်ထားကြသည်။

ဤကျမ်းသည် ထိုအချိန်က လူသားတို့မသိခဲ့ကြသော သိပ္ပံဆိုင်ရာ အမှန်တရားများကို လွှမ်းခြုံပါဝင်သည်။

**﴿စင်စစ် ပထဝီမြေတွင် ဒွိဟသံသယမရှိယုံကြည်သူများအတွက် သက်သေလက္ခဏာများရှိနေသည်﴾။**
**﴿ ထို့ပြင် အသင်တို့၏ဖန်ဆင်းခြင်းတွင်လည်းရှိနေသည်။ အသင်တို့မမြင်ကြသလော?﴾။**
"လွင့်ပျံ့စေသောလေများ" ကဏ္ဍ (၅၁)၊ "အားယဟ်" တော် (၂၀-၂၁)။

CONTENTS





# အလ္လောဟ့်အရှင်မြတ်သည် မည်သူနည်း?

“အိစ်လားမ်” ၏လုပမှုများအနက်မှ အရေးကြီးဆုံးမှာ အလ္လောဟ့်အရှင်မြတ်၏ပြီးပြည့်စုံခြင်း၊ ကြီးမားခြင်း၊ တစ်ပါးတည်းဖြစ်ခြင်းတို့ကို အပြည့်အဝယုံကြည်ခြင်းပင်ဖြစ်သည်။

- အလ္လောဟ့်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်၍၊ အရှင်မြတ်ထံတွင် တူညီသူများ သို့မဟုတ် တုပနိုင်းယှဉ်သူများ သို့မဟုတ် သားသမီးများမရှိပါ။
- ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လောဟ့်အရှင်မြတ်သည် တိုက်ရိုက်ဖြစ်စေ၊ သီးသန့်ဖြစ်စေ ခဝပ်ကိုးကွယ်မှုအားလုံးကို ခံထိုက်တော်မူသည်။ ကြားခံသူများမရှိပါ။
- အလ္လောဟ့်အရှင်မြတ်သည် ပြည့်စုံတော်မူသောအရှင်ဖြစ်၍၊ အရှင်မြတ်၌ ချွတ်ယွင်းချက်များ သို့မဟုတ် ချည့်နဲ့ခြင်းဟူ၍မရှိပါ။
- အလ္လောဟ့်အရှင်မြတ်သည် မဟာကရုဏာတော်ရှင်ဖြစ်၍၊ ကျွန်တော်တို့မှာ ပြည့်စုံသူများမဟုတ်ကြောင်းနှင့် ပြစ်မှုများကိုကျူးလွန်ကြောင်း သိတော်မူသည်။ သို့ဖြစ်သော်လည်း သော့ချက်မှာ ကျွန်တော်တို့၏အမှားများကို အမြဲတစေ ဝန်ခံခြင်းနှင့် ဖြောင့်မတ်စွာ ခွင့်လွှတ်မှုကိုတောင်းခံခြင်းပင်ဖြစ်သည်။
- အလ္လောဟ့်အရှင်မြတ်သည် အရှင်မြတ်၏အဖန်ဆင်းခံများတွင် ကိန်းဝပ်တည်ရှိခြင်းမရှိသည့်ပြင်၊ အခြားသူများလည်း အရှင်မြတ်၏ဂုဏ်ရည်တော်များနှင့် ဖက်စပ်ခြင်းလည်းမရှိပါ။

“အိစ်လာမ်” သာသနာတွင် အလ္လောဟ့်၏အဓိပ္ပာယ်ကိုနားလည်ရန်ကြိုးစားသောအခါတွင်၊ ယေရှုနှင့်ပတ်သက်၍ ပြန့်နှံ့နေသောရှုပ်ထွေးမှုများနှင့် သူ၏သဘာဝနှင့်ပတ်သက်သောစွပ်စွဲမှုများကြောင့် ယေရှု၏အဆင့်အတန်းကိုဆွေးနွေးရန်အရေးကြီးသည်။

“အိစ်လားမ်” တွင် ယေရှုမှာ အလ္လောဟ့်အရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံခဲ့ရသောမွန်မြတ်သည့်တမန်တော်တစ်ဦးဖြစ်သည်ကို ကျွန်တော်တို့ယုံကြည်ကြသည်။ သို့သော် “မုစ်လင်မ်” များသည် ယေရှုကို ခဝပ်ကိုးကွယ်ခြင်းမပြုကြပါ။ အကြောင်းမှာ ခဝပ်ကိုးကွယ်မှုသည် ယေရှုနှင့် တည်ရှိနေသောအရာများအားလုံးကို ဖန်ဆင်းတော်မူသောအလ္လောဟ့်အရှင်မြတ်တစ်ပါးတည်းအတွက်သာဖြစ်သည်။ ထို့နောက် ယေရှုမှာ အလ္လောဟ့်ဖြစ်သည်။ သို့မဟုတ် အလ္လောဟ့်၏သားဖြစ်သည်။ သို့မဟုတ် သုံးပါးမှတစ်ဆူဖြစ်သည်ဟု ယုံကြည်ခြင်းမှာ “အိစ်လားမ်” တွင် အလ္လောဟ့်အရှင်မြတ်၏ ထင်ရှားသောသွန်သင်များနှင့် ဆန့်ကျင်နေသည်။

| | |
|---|---|
| အကယ်၍ ယေရှုသည် အလ္လောဟ့်ဖြစ်လျှင်၊ ယေရှုက မည်သူကို ခဝပ်ကိုးကွယ်သနည်း? | ယေရှုနှင့်ပတ်သက်ပြီး ခရစ်ယာန်ဘာသာ၏သင်ကြားမှုများတွင် ဥပမာများစွာရှိပါသည်။ ယေရှုမှာ စကား ပြောဆိုသည်၊ ပြုလုပ်သည်။ အလ္လောဟ့်အရှင်မြတ်က သူနှင့် ကင်းကွာနေသောအရာတစ်ခု (ခန္ဓာကိုယ်တစ်ခု)ကဲ့သို့ပင်ဖြစ်သည်။ ဥပမာ- ယေရှုသည် အလ္လောဟ့်အရှင်မြတ်ထံသို့ ဝတ်ပြုဆုတောင်းသည်။ |
| အလ္လောဟ့်မှာ ပြည့်စုံသည်နှင့် မပြည့်စုံသည်ဟု ဖြစ်နိုင်မည်နည်း? | ယေရှုသည် မွေးဖွားခြင်းခံခဲ့ရသည်၊ စားခဲ့သည်၊ အိပ်စက်ခဲ့သည်။ အကန့်အသတ်ဖြစ်သောအသိပညာသာရှိခဲ့သည်။- အလ္လောဟ့်အရှင်မြတ်နှင့် လိုက်ဖက်ခြင်းမရှိသောဂုဏ်ရည်များ။ အလ္လောဟ့်အရှင်မြတ်ထံတော်တွင် ပြီးပြည့်စုံသောဂုဏ်ရည်များရှိသည်။ လူသားမှာမူ ဆန့်ကျင်ဘက်ဖြစ်သည်။ |
| “အလ္လောဟ့်၏သား” ဟူသောအခေါ်အဝေါ်သည် အမှန်တကယ် မည်သည့်အဓိပ္ပာယ်ကို ဖော်ဆောင်သနည်း? | “အလ္လောဟ့်၏သား” ဟူသောအခေါ်အဝေါ်သည် ရှေးခေတ်ကာလ၏အရေးအသားစာပေတွင် “သူတော်စင်” အတွက် အမှတ်အသားအဖြစ် အသုံးပြုခဲ့သည်ကို ကျွန်တော်တို့တွေ့ရသည်။ ယေရှုတစ်ဦးတည်းအတွက်သာ အသုံးပြုခြင်းမဟုတ်ဘဲ လူများစွာအတွက် အသုံးပြုခဲ့သည်။ အလ္လောဟ့်အရှင်မြတ်သည် ကိုယ်ခန္ဓာရှိသော သားတစ်ယောက်နှင့် စာပေအရေးအသားအားဖြင့်ရှိခြင်းမှ အလွန်ဝေးကွာစွာ ကင်းစင်တော်မူပါသည်။ |

**အကယ်၍ အလ္လောဟ့်အရှင်မြတ်သည် မည်သည့်အရာကိုမဆို ပြုလုပ်နိုင်စွမ်းတော်မူလျှင်၊ အဘယ်ကြောင့် အရှင်မြတ်သည် လူသားတစ်ယောက်ဖြစ်ရန် မစွမ်းဆောင်နိုင်သနည်း?**

**အလ္လောဟ့်အရှင်မြတ်သည် ပြီးပြည့်စုံသောဂုဏ်ရည်များကို အမြဲတစေ ထိန်းသိမ်းတော်မူ၍၊ ထိုပြည့်စုံမှုများအား ထိခိုက်စေသော မည်သည့်အရာကိုမျှ ပြုလုပ်တော်မမူပါ။ “ကိုးကွယ်ရာအရှင်” ဟူသောအဓိပ္ပာယ်အရ၊ အရှင်နှင့် မအပ်စပ်သောလုပ်ရပ်များကို မပြုလုပ်ပါ။ ထို့ကြောင့် အကယ်၍ ကိုးကွယ်ရာအရှင်သည် လူသားတစ်ယောက်ဖြစ်၍၊ လူသား၏ဂုဏ်ရည်များကို ခံယူလိုက်လျှင်၊ ထိုသို့လူသားခံယူပြီးနောက်တွင် ကိုးကွယ်ရာအရှင်အဖြစ် မုချဖြစ်လိမ့်မဟုတ်တော့ပါ။**

CONTENTS





## တမန်တော်များ

တမန်တော် "အားဒမ်"၊

တမန်တော် "နူးဟ်"၊

တမန်တော် "အိဗ်ရောဟီးမ်"၊

တမန်တော် "မူးစား"၊

တမန်တော် "အီးစား" နှင့်

တမန်တော် "မုဟမ္မဒ်" ကဲ့သို့

များစွာသောတမန်တော်များ

အားလုံးသည်-

## တာဝန်များ

- တစ်ပါးတည်းသောခဝပ်ကိုးကွယ်ရှင်ကို အတည်ပြုကြသည်။
- ကိုးကွယ်ရာများနှင့် မှားယွင်းသောယုံကြည်မှုများကို ငြင်းပယ်ကြသည်။
- အလ္လာဟုအရှင်မြတ်အား မည်ကဲ့သို့ခဝပ်ကိုးကွယ်ရမည်ကို ရှင်းလင်းပြသကြသည်။
- သူတော်စင်နှင့် သူမြတ်လောင်းများအတွက် စံပြများဖြစ်ကြသည်။
- အမိန့်နာခံခြင်းအပေါ် ရှိသောကုသိုလ်အစားကို ဖော်ကျူးကြသည်။ ("ဂျန္နဟ်" ဥယျာဉ်ဘုံ)။
- အမိန့်ဖီဆန်ခြင်းအပေါ် ရှိသောပြစ်ဒဏ်မှ ရှောင်ကြဉ်ရန် သတိပေးကြသည်(ငရဲမီး)။

အလ္လာဟုအရှင်မြတ်သည် တစ်ပါးတည်းသောခဝပ်ကိုးကွယ်ခြင်းဟူသော တစ်ခုတည်းသောကြီးမားသည့်အမိန့်တော်ဖြင့် ခေတ်အဆက်ဆက်တိုင်းတွင်ရှိသောလူထုများထံသို့ တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ သို့သော် "မုစ်လင်မ်" များသည် တမန်တော်များအားလုံးကို ချစ်ကြ၊ လေးစားကြသော်လည်း၊ ထိုတမန်တော်များကို ခဝပ်ကိုးကွယ်ခြင်းမပြုကြပါ၊ သို့မဟုတ် ထိုတမန်တော်များသည် ကိုးကွယ်ရာများဖြစ်ကြသည်ဟုလည်း မပြောဆိုကြပါ၊ အကြောင်းမှာ- ခဝပ်ကိုးကွယ်ခြင်းသည် အလ္လာဟုအရှင်မြတ်တစ်ပါးတည်းသာ ခံထိုက်တော်မူသောကြောင့်ဖြစ်သည်။

## သက်ရှင်နေထိုင်ခြင်း၏ရည်ရွယ်ချက်

ဉာဏ်တော်ရှင်အလ္လာဟုအရှင်မြတ်သည် ကျွန်တော်တို့ကို ရည်ရွယ်မရှိဘဲ တဝဲလည်လည်ဖြစ်အောင် သို့မဟုတ် ကျွန်တော်တို့၏အခြေခံသဘာဝနှင့် စိတ်အလိုဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖန်ဆင်းတော်မူခဲ့ခြင်းမဟုတ်ပါ။ အမှန်မှာ- ကျွန်တော်တို့၌ မြင့်မားသောရည်ရွယ်ချက်ရှိသည်- အလ္လာဟုအရှင်မြတ်ကိုယုံကြည်ခြင်း၊ အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းနှင့် အရှင်မြတ်၏တရားတော်အတိုင်း နေထိုင်ခြင်းဖြစ်သည်။ ဤတရားလမ်းမှန်မှာ ကဏ္ဍအသီးသီးတွင် ပျော်ရွှင်၊ အောင်မြင်သောဘဝ၏အကြောင်းရင်းပင်ဖြစ်သည်။

အလ္လာဟုအရှင်မြတ်၏ အဆုံးမရှိသောသောဉာဏ်တော်အနက်မှတစ်ခုမှာ အရှင်မြတ်က ကျွန်တော်တို့ကို ဖန်ဆင်းတော်မူပြီး၊ အရှင်မြတ်ကိုသိနိုင်သောအခွင့်အလမ်း ၊ ကျွန်တော်တို့၏ဘဝအတွေ့အကြုံနှင့် မိမိတို့၏ ကိုယ်ပိုင်ရွေးချယ်မှုများကို ချီးမြှင့်တော်မူခဲ့သည်။

"အိစ်လားမ်" သာသနာသည် ရှင်သန်ခြင်း၏ပြည့်ဝသောနည်းလမ်းဖြစ်၍၊ တရားမျှတသူများ၊ ယဉ်ကျေးသိမ်မွေ့သူများ၊ လူ့အဖွဲ့အစည်းအတွက် စတေးသူများဖြစ်ကြရန် "မုစ်လင်မ်" များကို သင်ကြားပေးသည်။ "အိစ်လားမ်" တွင် ခဝပ်ကိုးကွယ်ခြင်း၏အလိုသဘောမှာ ဝတ်ပြုခြင်း၊ အလ္လာဟုအရှင်မြတ်ထံ၌ ဆုတောင်းခြင်းမျှသာ မဟုတ်ဘဲ အလ္လာဟုအရှင်မြတ်နှစ်သက်တော်မူသော မည်သည့်လုပ်ရပ်ကိုမဆို လွှမ်းခြုံသောအခေါ်အဝေါ်တစ်ခုဖြစ်သည်။ ဥပမာအချို့မှာ-

- သန့်ရှင်းသောဝင်ငွေကို ရှာဖွေခြင်း၊
- မတရားမှုကို ဆန့်ကျင်တော်လှန်ခြင်း၊
- အဖမဲ့ကလေးများကို ဂရုစိုက်ခြင်း၊
- ပတ်ဝန်းကျင်ကို ဂရုစိုက်ခြင်း၊
- သည်းခံခြင်းနှင့် ရိုကျိုးခြင်း၊
- လူ့အဖွဲ့အစည်းကို အကျိုးပြုခြင်း၊
- မိဘကို ရိုသေလေးစားခြင်း၊
- တရားမျှတမှုဘက်၌ ရပ်တည်ခြင်း၊
- အိမ်နီးချင်းများနှင့် ကောင်းမွန်စွာဆက်ဆံခြင်း၊
- အလ္လာဟုအရှင်မြတ်အား ကြောက်ရွံ့အမိန့်နာခံခြင်း၊
- မိသားစုကို ထောက်ပံ့ခြင်း၊
- ရိုးသားဖြောင့်မတ်ခြင်း။

ခဝပ်ကိုးကွယ်မှုလုပ်ရပ်များသည် အလ္လာဟုအရှင်မြတ်အား နှစ်သက်စေရန် ဖြူစင်ဖြောင့်မတ်သောရည်ရွယ်ချက် လိုအပ်ပါသည်။ ထို့ပြင် "အိစ်လားမ်" ၏ဆုံးမသွန်သင်မှုများနှင့်အညီ မှန်ကန်သောပုံစံဖြင့် ခဝပ်ကိုးကွယ်ရမည် ဖြစ်သည်။

CONTENTS





# “အိစ်လာမ်” က မည်သို့ပြောသနည်း?-

**အမျိုးသမီးများနှင့်ပတ်သက်၍-** “အိစ်လာမ်” တွင်အမျိုးသမီးသည် အမြင့်ဆုံးလေးစားမှုကို ရရှိကြသည်။ အမျိုးသမီးကို ချစ်ခြင်း၊ ဂုဏ်ပေးခြင်းနှင့် လေးစားခြင်းတို့ဖြင့် ဆက်ဆံရမည်။ သူမတို့သည် အမျိုးသားများ၏ ညီအစ်မအရင်းများဖြစ်ကြ၍၊ ဤလက်တွေ့တရားအား မတရားသဖြင့်ဖြစ်စေ၊ အကျပ်ကိုင်၍ဖြစ်စေ မပြောင်းနိုင်ပါ။

**အကြမ်းဖက်ဝါဒ၊** “အိစ်လာမ်” က အပြစ်ကင်းစင်သောသူများ၏ကိုးကွယ်သောဘာသာမှာ မည်သို့ပင်ရှိစေကာမူ ၎င်းတို့ကို ဦးတည်တိုက်ခိုက်ခြင်းကို တားမြစ်ထား၍၊ ပြစ်မှုအဖြစ်သတ်မှတ်ထားပါသည်။ စစ်မက်တိုက်ခိုက်ခြင်းသည် “အိစ်လာမ်” တွင် မြင့်မြတ်သောရည်ရွယ်ချက်များအတွက်သာ သတ်မှတ်ခြင်းခံထားရ၍၊ လူ့အဖွဲ့အစည်းကိုထိန်းသိမ်းရန်၊ မတရားကျူးလွန်ခြင်း မပြန့်ပွားရန်နှင့် တရားမျှတမှုကို ဂုဏ်မြှင့်တင်ရန် သတ်မှတ်ထားသည်။

**ခွင့်ပြုထားသောသန့်ပြန့်သည့်အစားအစာ၊** ခွင့်ပြုထားသောသန့်ပြန့်သည့်အစားအစာဆိုသည်မှာ “မုစ်လင်မ်” များအတွက် စားသုံးရန် ခွင့်ပြုထားသောအစားအစာများပင်ဖြစ်သည်။ အသားစားတိရစ္ဆာန်များနှင့် ကြက်ဘဲများကို နာကျင်မှုအနည်းဆုံးနှင့် လူသားဆန်သောနည်းလမ်းဖြင့် လှီးဖြတ်ရသည်။ ထို့အတူ အလ္လောဟုအရှင်မြတ်၏ နာမည်တော်ဖြင့် လှီးဖြတ်ရသည်။

**ဆင့်ကဲဖြစ်စဉ်၊** အလ္လောဟုအရှင်မြတ်သည် ပထမလူသားဖြစ်သူ “အားဒမ်” ကို မျောက်မှ ဆင့်ကဲဖြစ်စဉ်ဖြင့်မဟုတ်ဘဲ သူ၏နောက်ဆုံးပုံပန်းသဏ္ဍာန်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထိုဖန်ဆင်းခြင်းကို သိပ္ပံပညာဖြင့် တိုက်ရိုက်အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မဖြစ်နိုင်ပါ။ အကြောင်းမှာ ဖန်ဆင်းခြင်းက တစ်မူထူးခြားသောသမိုင်းဝင်ဖြစ်ရပ်(အံ့ဖွယ်) ဖြစ်သောကြောင့် ဖြစ်သည်။
ထို့ကြောင့် သူတေသနပြုခြင်း၏နယ်ပယ်အောက်တွင် မပါဝင်ပါ။



CONTENTS



# တမန်တော် “မုဟမ္မဒ်”

## ဆွလ္လောက်လ္လောဟုအလိုင်းဟိ ဝစလ္လမ်

BURMESE | (02/10) | النبي محمد عليه الصلاة والسلام | FREE COPY

## အသင်သည် ဤယောကျ်ားကို သိရပါမည်!


جمعية دار البر
Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center

www.islamicic.com

تصريح رقم:
(2017/139)

دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department

CONTENTS





# မည်သူသည် တမန်တော် “မုဟမ္မဒ်” ဆွလ္လော်ကလ္လော်ဟုအလိုင်းဟိဝစလ္လမ် ဖြစ်သနည်း?

﴾အလ္လော်ဟုအရှင်မြတ်၏တမန်တော် “မုဟမ္မဒ်” ဆွလ္လော်ကလ္လော်ဟုအလိုင်းဟိဝစလ္လမ်တွင် အသင်တို့အတွက် အတုယူလိုက်နာကျင့်သုံးရမည့် ကောင်းမွန်သောစံပြနမူနာ မုချရှိလေသည်၊ အလ္လော်ဟုအရှင်မြတ်နှင့် နောင်တမလွန်နေ့ကို မျှော်လင့်၍၊ အလ္လော်ဟုအရှင်မြတ်အား များစွာသတိရသူကသာ တမန်တော်၏လမ်းစဉ်ကို လိုက်နာ၊ အတုယူလေသည်﴿။

“ကုရ်အာန်” ကျမ်း၊ ၃၃- ၂၁

တမန်တော် "မုဟမ္မဒ်" သည် အလ္လော်ဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းသို့ လူသားများကို ဖိတ်ခေါ်ရန် အလ္လော်ဟုအရှင်မြတ်စေလွှတ်တော်မူခဲ့သော ရှည်လျားလှသည့်တမန်တော်များ၏အဆက်ဆက်မှ နောက်ဆုံးအဆက် တမန်တော်ဖြစ်သည်ကို မုစ်လင်မ်များက ယုံကြည်ကြပါသည်။ တမန်တော်အဆက်ဆက်သည် တမန်တော် “အားဒမ်”၊ “နူးဟ်”၊ “အိဗ်ရေးဟီးမ်”၊ “အိစ်မားအီးလ်”၊ “အိစ်ဟားက်”၊ “ယအ်ကူးဗ်”၊ “ယူးစုဖ်”၊ “မူးစား”၊ “ဒါဝူးဒ်”၊ “စုလိုင်းမားန်” နှင့် “အီးစား” ယေရှုတို့ကိုလည်း လွှမ်းခြုံပါသည်။

လူသားများအတွက် ရှင်းလင်းသင်ပြရန်နှင့် လူသားများက အလ္လော်ဟုအရှင်မြတ်အား ကြောက်ရွံ့အမိန့်နာခံရန် တမန်တော် “မူးစား” အပေါ်သို့ “သောင်ဝ်ရေးဟ်” ကျမ်း၊ တမန်တော် “အီးစား” အပေါ်သို့ “အင်န်ဂျီးလ်” ကျမ်းပို့ချခြင်းခံခဲ့ရသကဲ့သို့ပင် တမန်တော် “မုဟမ္မဒ်” အပေါ်သို့ “ကုရ်အာန်” ကျမ်းပို့ချခြင်းခံခဲ့ရသည်ကို မုစ်လင်မ်များက ယုံကြည်ကြပါသည်။

ယုံကြည်သူတို့၏မိခင်ဖြစ်သူ “အားအိရှဟ်” သည် တမန်တော် “မုဟမ္မဒ်” ဆွလ္လော်ကလ္လော်ဟုအလိုင်းဟိဝစလ္လမ်နှင့်ပတ်သက်၍ ပြောပြရန် တောင်းဆိုခံရသောအခါ၊ သူမကပြောသည်- “တမန်တော်သည် ပထဝီမြေပေါ်တွင် လျှောက်လှမ်းနေသော “ကုရ်အာန်” ကျမ်းပင် ဖြစ်သည်”။ ဆိုလိုသည်မှာ- တမန်တော်သည် နေ့စဉ်ဘဝတွင် “ကုရ်အာန်” ကျမ်းမြတ်ကို သင်ပေးသောခန္ဓာကိုယ်ဖြစ်သည်။ တမန်တော်သည် ထူးမြတ်သော “ကုရ်အာန်” ကျမ်းမြတ်၏သွန်သင်မှုများကို လက်တွေ့လုပ်ရပ်များတွင် မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ခဲ့သည်ကို  အောက်တွင် ဆက်လက်ရှင်းလင်းတင်ပြပါမည်။

## ကြင်နာခြင်း၏ တမန်တော်

﴾အို တမန်တော်၊ စင်စစ် ငါအရှင်မြတ်သည် အသင့်အား အဖန်ဆင်းခံများအတွက် ကရုဏာတော်အဖြစ် စေလွှတ်တော်မူခဲ့သည်﴿။

(“ကုရ်အာန်” ကျမ်း၊ ၂၁- ၁၀၇)

တမန်တော် “မုဟမ္မဒ်” ဆွလ္လော်ကလ္လော်ဟုအလိုင်းဟိဝစလ္လမ်၏ဖိတ်ခေါ်မှုသည် ဝတ်ပြုရန်၊ ဒါနကြေးပေးဆောင်ရန်မျှသာ လူသားများကိုသင်ကြားပေးရုံသာမဟုတ်ဘဲ၊ အလ္လော်ဟုအရှင်မြတ်ကိုယုံကြည်ခြင်းသည် အခြားသူများကို ဆက်ဆံရာတွင်လည်း သက်ရောက်မှုရှိရမည်။ တမန်တော် “မုဟမ္မဒ်” ကမိန့်တော်မူခဲ့သည် “အသင်တို့အနက်မှ အမွန်မြတ်ဆုံးသောသူသည် ကိုယ်ကျင့်တရားအကောင်းဆုံးသောသူဖြစ်သည်”။

ယုံကြည်မှုနှင့် လက်တွေ့ကျင့်သုံးခြင်းတို့၏ဆက်စပ်မှုရှိကြောင်း တမန်တော်မြတ်၏အမိန့်တော်မြောက်များစွာရှိသည်။ ဥပမာ- တမန်တော် “မုဟမ္မဒ်” ကမိန့်တော်မူခဲ့သည် “မည်သူသည် အလ္လော်ဟုအရှင်မြတ်နှင့် နောင်တမလွန်နေ့ကိုယုံကြည်လျှင်၊ သူ၏အိမ်နီးနားချင်းကို ဒုက္ခမပေးနှင့်။ ထို့နောက် မည်သူသည် အလ္လော်ဟုအရှင်မြတ်နှင့် နောင်တမလွန်နေ့ကိုယုံကြည်လျှင်၊ သူ၏ဧည့်သည်ကို ဂုဏ်ပေးပါ။ ထို့နောက် မည်သူသည် အလ္လော်ဟုအရှင်မြတ်နှင့် နောင်တမလွန်နေ့ကိုယုံကြည်လျှင်၊ ကောင်းမြတ်သောစကားကို ပြောဆိုပါ၊ သို့မဟုတ် ဆိတ်ဆိတ်နေပါ”။ “ဗုခါးရီယ္ယ်” ကျမ်း၊ (၆၀၁၈)

CONTENTS





နောက်ဆုံးတမန်တော်ချုပ်သည် လူသားများအချင်းချင်းတစ်ယောက်ကိုတစ်ယောက် ကြင်နာကြရန်၊ လေးစားကြရန် သင်ပေးခဲ့သည်။ တမန်တော်မြတ်က မိန့်တော်မူခဲ့သည် "ကြင်နာခြင်းမရှိသောသူသည် ကြင်နာခြင်းခံရမည် မဟုတ်ပေ"။ "ဗုခါးရိယ္ယ်" ကျမ်း၊ (၅၉၉၇)

အခြားဆင့်ပြန်ချက်တစ်ခုတွင် တမန်တော်မြတ်၏ အချို့သာဝကများက တုပန္နိုင်းယှဉ်ကိုးကွယ်သူများ အပေါ်၌ ပြစ်ဒဏ်ချပေးတော်မူရန် အလ္လာဟ့အရှင်မြတ်ထံတော်တွင် တောင်းခံပေးပါဟု တောင်းဆိုကြသောအခါ တမန်တော်မြတ်က မိန့်တော်မူခဲ့သည် "စင်စစ် ကျွန်တော်သည် ကျိန်ဆဲသူအဖြစ် စေလွှတ်ခြင်းခံခဲ့ရသည် မဟုတ်။ ကျွန်တော်သည် ကြင်နာသူအဖြစ်သာ စေလွှတ်ခြင်းခံခဲ့ရသည်"။ "မုစ်လင်မ်" ကျမ်း၊ (၂၅၉၉)

## ခွင့်လွှတ်ခြင်း

**﴾ခွင့်လွှတ်ကြ၊ ညှာတာကြ။ အလ္လာဟ့အရှင်မြတ်က အသင်တို့ကို ခွင့်လွှတ်တော်မူမည်ကို အသင်တို့မနှစ်သက်ကြသလော?﴿။**

**("ကုရ်အာန်" ကျမ်း၊ ၂၄- ၂၂)**

တမန်တော် "မုဟမ္မဒ်" သည် လူသားများအနက်မှ ခွင့်လွှတ်မှု အရှိဆုံးသူ၊ နှလုံးသားအဖြူစင်ဆုံးသူ ဖြစ်ခဲ့သည်။ အကယ်၍ တစ်ဦးတစ်ယောက်က တမန်တော်ကို ဒုက္ခပေးမိလျှင်၊ တမန်တော်က ထိုသူကို ခွင့်လွှတ်သည်။ လူတစ်ဦးတစ်ယောက်က ပို၍ဒုက္ခပေးလျှင်၊ တမန်တော်က ပို၍သည်းခံပါသည်။ တမန်တော်သည် အလွန်ခွင့်လွှတ်သောသူဖြစ်ပါသည်။ အထူးသဖြင့် မိမိအတွက် ဩဇာအာဏာနှင့် စိုးမိုးမှု ရရှိသောအခါတွင် ခွင့်လွှတ်သောသူဖြစ်ပါသည်။

တမန်တော် "မုဟမ္မဒ်" သည် ခွင့်လွှတ်မှုရှိသူဖြစ်၍၊ မည်သည့်ရန်လိုမှု၊ မည်သည့်ဒုက္ခပေးမှုမျှ မရှိခဲ့ပါ။ တမန်တော်သည် မြင့်မြတ်တော်မူသောအလ္လာဟ့အရှင်မြတ်၏ အမိန့်တော်ကိုလိုက်နာ၍ ခွင့်လွှတ်ရာတွင် ကောင်းမွန်သောစံပြနမူနာဖြစ်ခဲ့သည်။

﴾အို တမန်တော်၊ လူသားများ၏အကျင့်စာရိတ္တများနှင့် လုပ်ရပ်များအနက်မှ ကောင်းမြတ်သည်ကို လက်ခံပါလေ၊ ထို့ပြင် ကောင်းမြတ်သောစကားတိုင်းနှင့် လှပသောလုပ်ရပ်ဖြင့် အမိန့်ပေးပါလေ၊ ထို့ပြင် ဉာဏ်ပညာနည်းပါးသူများ၊ အသိမဲ့သူများကို ကျောခိုင်းပါလေ﴿။ ("ကုရ်အာန်" ကျမ်း၊ ၇- ၁၉၉)

## တန်းတူညီမျှမှု

**﴾စင်စစ် အသင်တို့အနက်မှ အလ္လာဟ့အရှင်မြတ်ထံတော်တွင် အမြင့်မြတ်ဆုံးသောသူမှာ အရှင်မြတ်အား အကြောက်ရွံ့ဆုံး၊ အမိန့်အနာခံဆုံးသောသူသာဖြစ်သည်﴿။**

**"ကုရ်အာန်" ကျမ်း၊ ၄၉- ၁၃**

အလ္လာဟ့အရှင်မြတ်ထံတော်တွင် လူသားများအားလုံးသည် တန်းတူညီမျှကြကြောင်း အောက်ဖော်ပြပါ "ဟဒီးစ်" တမန်တော်၏အမိန့်တော်များတွင် လူသားများကို တမန်တော်က သင်ကြားပေးထားသည်။

တမန်တော်မြတ်မိန့်တော်မူခဲ့သည်- "စင်စစ် အသင်တို့၏ဖခင်သည် "အားဒမ်" ဖြစ်သည်။ "အားဒမ်" သည် မြေကြီးမှ ဖြစ်သည်။ အလ္လာဟ့အရှင်မြတ်အား ကြောက်ရွံ့အမိန့်နာခံခြင်းဖြင့်မှလွဲ၍၊ အာရဗ်တစ်ယောက်သည် အာရဗ်မဟုတ်သောသူထက် ပို၍မြင့်မြတ်သည်မရှိ။ အသားမည်းသောသူကလည်း အသားနီသောသူထက် ပို၍မြင့်မြတ်သည်မရှိပါ"။ "အဟ်မဒ်" ကျမ်း (၂၃၄၈၉)

ထို့အတူ တမန်တော်မြတ်မိန့်တော်မူခဲ့သည်- "မြင့်မြတ်တော်မူသောအလ္လာဟ့အရှင်မြတ်သည် အသင်တို့၏ရုပ်ရည်၊ ပုံပန်းသဏ္ဌာန်များကို ကြည့်တော်မူမည် မဟုတ်၊ အသင်တို့၏ ဥစ္စာပစ္စည်းများကိုလည်း ကြည့်တော်မူမည် မဟုတ်ပါ။ သို့သော် အရှင်မြတ်သည် အသင်တို့၏နှလုံးသားများနှင့် လုပ်ရပ်များကိုသာ ကြည့်တော်မူမည်"။ "မုစ်လင်မ်" ကျမ်း (၂၅၆၄)

ဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ- တမန်တော်၏ သာဝကများအနက်မှ တစ်ယောက်သည် အခြားသာဝကတစ်ယောက်ကို "အို အမည်းမ၏သား" ဟု ခေါ်လိုက်သည်ကို တမန်တော်က အမျက်ဒေါသဖြစ်၍

CONTENTS





မိန့်တော်မူခဲ့သည်- "အသင်သည် ထိုသူ၏မိခင်ကို ပြစ်တင်ပြောဆိုလိုက်သလား?၊ မုချအသင်သည် အသိမဲ့သောသူ ဖြစ်သည်"။ "ဗုခါးရီယ္ဖ်" ကျမ်း၊ (၃၀)။

## သည်းခံ ခွင့်လွှတ်ခြင်း

﴾ကောင်းမှုနှင့် မကောင်းမှုတို့သည် မတူညီကြပေ။ အသင့်ကို ဆိုးသွမ်းစွာ ဆက်ဆံသူကို ကောင်းမွန်စွာ ဆက်ဆံခြင်းဖြင့် ပြန်လည် တုံ့ပြန်ပါလေ၊ ထိုကဲ့သို့ပြုမူခြင်းဖြင့် အသင့်နှင့် သူ၏ကြားတွင် ရန်ငြိုးရှိသောသူ၊ အသင့်ကို ဆိုးသွမ်း စွာဆက်ဆံသောသူသည် အသင့်ကိုချစ်ခင်သူ၊ ကူညီသူ၊ အနီးကပ်မိတ်ဆွေ၊ ကြင်နာညှာတာသူကဲ့သို့ ဖြစ်လာလိမ့်မည်﴿။

"ကုရ်အားန်" ကျမ်း၊ ၄၁- ၃၄

တမန်တော် "မုဟမ္မဒ်" နှင့်ပတ်သက်၍ ဆင့်ပြန်လာသည်မှာ- "တမန်တော်သည် ဆိုးသွမ်းမှုကို ဆိုးသွမ်းမှုဖြင့် ပြန်လည် တုံ့ပြန်ခြင်းမပြုဘဲ၊ ခွင့်လွှတ်မှု၊ ကောင်းမွန်စွာ ပြန်လည်တုံ့ပြန်သည်"။ "ဗုခါးရီယ္ဖ်"၊ (၄၈၃၈)။

တမန်တော်သည် မိမိ၏ရပိုင်ခွင့်ကို မတရားကျူးလွန်သူတိုင်းနှင့် မိမိ၏ပုဂ္ဂိုလ်ရေးအပေါ် ရန်မူသူတိုင်းကို ဤကဲ့သို့ဆက်ဆံလေ့ရှိခဲ့သည်။

အိစ်လားမ်၏ကိုးကားကျမ်းများတွင် များစွာဖော်ပြပါရှိသည်မှာ- တမန်တော်သည် သူ့ကို ဒုက္ခပေးခဲ့သူများ၊ သူ့ကို ဆိုးရွားစွာ ဆက်ဆံခဲ့သူများအား လက်စားချေနိုင်သော်လည်း၊ လက်စားမချေခဲ့ဘဲ၊ ခွင့်လွှတ်ခဲ့သည်။

တမန်တော်မြတ်သည် ခက်ခဲမှုများနှင့် ကျပ်တည်းမှုများကို ရင်ဆိုင်ရာတွင် သည်းခံရန် လူသားများကို သင်ပေးလေ့ရှိခဲ့သည်။ တမန်တော်မြတ်က သာဝကတစ်ယောက်ကို ဤသို့ဆုံးမခဲ့သည်- "ခွန်အားဗလ သန်မာသူသည် လူတစ်ယောက်ကိုလှဲစေနိုင်သူမဟုတ်ပါ။ သန်မာသူမှာ ဒေါသဖြစ်သောအခါ မိမိကိုယ်ကိုမိမိ ထိန်းချုပ်နိုင်သောသူသာ ဖြစ်သည်"။ "ဗုခါးရီယ္ဖ်"၊ (၆၁၁၄)

သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းရှိခြင်းမှာ မုစ်လင်မ်တစ်ယောက်သည် ရန်မူခြင်းခံရသောအခါ မိမိကိုယ်ကိုမိမိ မကာကွယ်ရဟု အဓိပ္ပာယ်မဟုတ်ပါ။ တမန်တော်မြတ်ကမိန့်တော်မူခဲ့သည်- "ရန်သူများနှင့် ရင်ဆိုင်ရန် မမျှော်လင့်ကြနှင့်၊ အလ္လာဟုအရှင်မြတ်ထံတော်တွင် ဘေးရန်ကင်းရှင်းမှုကို တောင်းခံကြ။ အကယ်၍ အသင်တို့သည် ရန်သူများနှင့် ရင်ဆိုင်ရလျှင်၊ သည်းခံကြပါ"။ "ဗုခါးရီယ္ဖ်" ကျမ်း၊ (၂၉၆၆)။

## နူးညံ့ သိမ်မွေ့ခြင်း

﴾အလ္လာဟုအရှင်မြတ်၏ကရုဏာဖြင့် အသင်သည် ၎င်းတို့ကိုနူးညံ့စွာဆက်ဆံခဲ့သည်။ အကယ်၍ အသင်သာ အကျင့်စာရိတ္တယုတ်ညံ့သူ၊ စိတ်နှလုံးကြမ်းကြုတ်သူဖြစ်လျှင်၊ ထိုသာဝကများသည် အသင့်ထံမှ မုချထွက်သွားကြလိမ့်မည်?﴿။

"ကုရ်အားန်" ကျမ်း၊ ၃- ၁၅၉

တမန်တော်သည် မိမိနှင့်ပြောဆိုဆက်ဆံရာတွင် အမြဲတစေ နူးညံ့သိမ်မွေ့ခဲ့ကြောင်းကို တမန်တော်အား (၁၀) နှစ် ပြုစုခဲ့ရသော သာဝကတစ်ဦးက ဤသို့ပြောသည်- "ကျွန်တော်လုပ်ခဲ့သော မည်သည့် တစ်စုံတစ်ရာနှင့်ပတ်သက်၍မျှ အသင် ဘာကြောင့် ဤကဲ့သို့ပြုလုပ်ခဲ့သနည်းဟု တမန်တော်က ပြောခဲ့ခြင်း မရှိပါ။ ကျွန်တော်မပြုလုပ်ခဲ့သောအရာကိုလည်း အသင် ဤသို့ပြုလုပ်ပါလားဟုလည်း ပြစ်တင် ပြောဆိုခြင်း မရှိခဲ့ပါ"။ "အဟ်မဒ်" ကျမ်း၊ (၁၂၇၈၄)

တမန်တော်သည် လူသားများအနက်မှ ချစ်ခင်စရာအကောင်းဆုံးသောသူ ဖြစ်သည်။

အခြေအနေတစ်ခုတွင် တမန်တော်ကို ဂုဏ်သရေထိပါးအောင် ပြောဆိုခဲ့သောသူတစ်ဦးယောက်အပေါ် တမန်တော်၏ကြင်ယာတော်တစ်ဦးသည် အမျက်ဒေါသဖြစ်ခဲ့ပြီး၊ ထိုသူ့အပေါ် ကျိန်စာပို့သခဲ့သည်။

ထိုအခါ တမန်တော်မြတ်က သူမကို ဆုံးမတော်မူခဲ့သည်- "အို "အားအိရှဟ်"၊ စိတ်ထိန်းပါ၊

CONTENTS





မုချအလ္လာဟုအရှင်မြတ်သည် နူးညံ့သိမ်မွေ့တော်မူသောအရှင် ဖြစ်သည်၊ အရှင်မြတ်သည် အရာရာတိုင်းတွင် နူးညံ့သိမ်မွေ့ခြင်းကို နှစ်သက်တော်မူသည်”။ “ဗုခါးရီယ္ယ်” ကျမ်း၊ (၆၀၂၄)။

ထို့အတူ တမန်တော်မြတ်က မိန့်တော်မူခဲ့သည်- “နူးညံ့သိမ်မွေ့ခြင်းသည် တစ်စုံတစ်ရာတွင်ရှိလျှင်၊ ထိုအရာကို လှပတင့်တယ်စေ၍၊ တစ်စုံတစ်ရာမှ ချွတ်ယွင်းနေလျှင်၊ ထိုအရာကို ဆိုးရွားစေသည်”။ “မုစ်လင်မ်” ကျမ်း၊ (၆၀၂၄)။

# ရိုကျိုးခြင်း

﴿စင်စစ် မဟာကရုဏာတော်ရှင်၏သူတော်စင်ကျေးကျွန်များသည် ပထဝီမြေပေါ်တွင် တည်ကြည် အေးချမ်းစွာ၊ ကျိုးနွံစွာ သွားလာကြသည်၊ ထို့ပြင် အကယ်၍ အသိမဲ့၊ ဉာဏ်တိမ်သူများက ဒုက္ခပေး ကာပြောဆိုကြသည့်အခါ၊ ထိုသူတို့ကို ကောင်းမြတ်သောစကားများဖြင့် ပြန်လည်တုံ့ပြန်ကြသည်၊ သို့သာမက ထိုသူတို့နှင့် အပြစ်ကင်းသောစကား၊ အသိမဲ့သူ၏ အသိမဲ့ခြင်းဖြင့် အသိမဲ့စွာပြန်လည် တုံ့ပြန်ခြင်းမပြုဘဲ (ကောင်းမွန်စွာ)ပြောဆိုကြသည်﴾။

“ကုရ်အာန်” ကျမ်း၊ ၂၅- ၆၃

တမန်တော်သည် သူ့ကို အရိုအသေပေးရန် မတ်တတ်ရပ်ခြင်းကို အမြဲတစေတားမြစ်ခဲ့သည်။ တမန်တော်သည် ထိုင်ဝိုင်းတစ်ခု၏လစ်လပ်သောနေရာတွင် ထိုင်လေ့ရှိခဲ့သည်။ မိမိ၏သာဝကများနှင့် ထူးခြားကွဲပြားစေသောအဝတ်အထည်မျိုးကို လုံးဝဝတ်ဆင်ခဲ့ခြင်း မရှိပါ။ တမန်တော်သည် ဆင်းရဲသားများ၊ လူမွဲများနှင့်အတူ နေထိုင်လေ့ရှိခဲ့သည်။ သက်ကြီးရွယ်အိုနှင့်လည်း အတူထိုင်လေ့ရှိခဲ့သည်။ မုဆိုးမများကို ကူညီလေ့ရှိခဲ့သည်။ တမန်တော်သည် အခြားသူများ၏ကြားတွင်ရှိနေစဉ် သူ့ကိုမသိသောသူသည် တမန်တော်ကို ကွဲပြားစွာ မသိနိုင်ပါ။

တမန်တော်မြတ်သည် သူ၏သာဝကတစ်ဦးကို မိန့်တော်မူခဲ့သည်- “မုချအလ္လာဟုအရှင်မြတ်သည် ကျွန်တော့်ထံသို့ အမိန့်တော်ပို့ချတော်မူခဲ့သည်မှာ- တစ်ဦးတစ်ယောက်သည် အခြားသူအပေါ်၌ မာန်မာန ထောင်လွှားခြင်းမပြု၊ မတရားသဖြင့် မပြုလုပ်သည်ထိတိုင် အသင်တို့ ရိုကျိုးကြ”။ “မုစ်လင်မ်” ကျမ်း၊ (၂၈၆၅)။

တမန်တော်မြတ်သည် သူ၏သာဝကတစ်ဦးကို မိန့်တော်မူခဲ့သည်- “ခရစ်ယာန်ဘာသာဝင်များက “မရ်ယမ်” ၏သား “အီးစား” ယေရှုကို ကိုးကွယ်ခဲ့သည်ထိတိုင် ဘောင်ကျော်ခဲ့ကြသကဲ့သို့၊ အသင်တို့သည် ကျွန်တော့်အား ကိုးကွယ်ကြသည်ထိတိုင် ဘောင်မကျော်ကြနှင့်။ သို့သော်- အလ္လာဟု အရှင်မြတ်၏ကျေးကျွန်နှင့် အရှင်မြတ်၏တမန်တော် ဟုသာ အသင်တို့ခေါ်ဆိုကြ”။ “မုစ်လင်မ်” ကျမ်း၊ (၂၈၆၅)။

# စံပြဖြစ်သော လင်ယောကျ်ား

﴿အသင်သည် သူမ(ဇနီးမိန်းမ)တို့ကို ကောင်းမွန်စွာ ပြောဆိုဆက်ဆံပါလေ﴾။

“ကုရ်အာန်” ကျမ်း၊ ၄- ၁၉

တမန်တော်မြတ်၏ ချစ်ဇနီး “အားအိရှဟ်” ရသ္ဝိယောက်လ္လာဟုအန်ဟားက ပြောခဲ့သည်- “တမန်တော်သည် သူ၏မိသားစုဝင်များကို ပြုစုလေ့ရှိခဲ့သည်။ မိမိ၏အင်္ကျီကို ကိုယ်တိုင်ချုပ်လေ့ရှိခဲ့သည်။ မိမိ၏ဖိနပ်ကို ကိုယ်တိုင် ပြုပြင်လေ့ရှိခဲ့သည်။ အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် မိမိ၏အိမ်တွင်းရေးရာကိစ္စများကို ပြုလုပ်သကဲ့သိုပင် တမန်တော်သည်လည်း မိမိ၏ အိမ်တွင်းရေးရာကိစ္စများကို ကိုယ်တိုင်ပြုလုပ်လေ့ ရှိခဲ့သည်”။ “အဟ်မဒ်” ကျမ်း၊ (၂၅၃၄၁)

တမန်တော်မြတ်သည် မိမိ၏အိမ်သူအိမ်သားများနှင့် ကောင်းမွန်စွာ နေထိုင်ဆက်ဆံခဲ့သည်သာမက မိမိ၏ သာဝကများကိုလည်း ထိုကဲ့သို့ပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်- “ယုံကြည်သူများအနက်မှ


CONTENTS











ယုံကြည်မှု အပြည့်စုံသောသူနှင့် ကိုယ်ကျင့်တရား အကောင်းမွန်ဆုံးသောသူသည် မိမိ၏အိမ်သူအိမ်သားများ နှင့် နူးညံ့စွာ နေထိုင်ဆက်ဆံသူပင် ဖြစ်သည်”။ “အဟ်မဒ်” ကျမ်း၊ (၂၄၂၀၄)

# ကောင်းမွန်သော စံနမူနာ

﴿မုချအသင်သည် ကြီးမားလှသော အကျင့်စာရိတ္တရှိသူ ဖြစ်သည်﴾။

“ကုရ်အာန်” ကျမ်း၊ ၆၈- ၄

အထက်တွင် ဖော်ပြခဲ့သည်မှာ တမန်တော်မြတ်၏သက်တမ်းမှ တစေ့တစောင်းမျှသာ ဖြစ်သည်။ သို့သော် မီဒီယာများ၏ စဉ်ဆက်မပြတ် မှားယွင်းစွာ ပုံဖော်ခြင်းမှ “အိစ်လားမ်” နှင့်ပတ်သက်၍ သိရှိခဲ့ကြသော လူအချို့တို့မှာမူ တမန်တော်မြတ်၏ နူးညံ့သိမ်မွေ့မှုနှင့် ကြင်နာမှုအပေါ် ညွှန်ပြသော ဖော်ပြခဲ့သည့် အခြေအနေများကြောင့် အံ့အားသင့်ကြလေသည်။

အရေးကြီးသောအချက်တစ်ခုမှာ အကယ်၍ ကျွန်တော်တို့သည် “အိစ်လားမ်” နှင့်ပတ်သက်၍ သိလိုကြလျှင်၊ “အိစ်လားမ်” သာသနာ၏ မူရင်းကျမ်းစာအုပ်များဖြစ်သော- “ကုရ်အာန်” ကျမ်း၊ တမန်တော်၏လုပ်ရပ်များ နှင့် ဆိုရပ်များကို တိုက်ရိုက် ကြည့်ရှုလေ့လာရမည်။

“အိစ်လားမ်” ဘာသာဝင်အချို့တို့၏ မှားယွင်းသောအပြုအမူများဖြင့် “အိစ်လားမ်” သာသနာကို စီရင်ဆုံးဖြတ်ခြင်းသည် တရားမျှတမှု မရှိပါ။

# တမန်တော်နှင့်ပတ်သက်၍ မုစ်လင်မ် မဟုတ်သောသူများက မည်ကဲ့သို့ ပြောကြသနည်း?။

အိန္ဒိယ လွတ်လပ်ရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော နိုင်ငံရေးသမား မဟတ္တမဂန္ဒီက ပြောခဲ့သည်- “တမန်တော်၏ရိုးရှင်းမှုမှာ ကတိများတွင် တိကျမှန်ကန်မှု၊ ရိုးသားမှု၊ သူ၏မိတ်ဆွေများနှင့် နောက်လိုက်များ အပေါ် ဖြူစင်မှု၊ သစ္စာရှိမှု၊ သူ၏ဖန်ဆင်းမွေးမြူရှင်အပေါ်၌ အကြွင်းမဲ့ ယုံကြည်မှု၊ ပို့ချသွန်သင်ရာတွင် စိတ်ချရမှုတို့ ဖြစ်သည်။ ဤအရည်အချင်းများသည်သာ လမ်းကို ဖောက်ပေးသည်၊ အခက်အခဲများကို ဖယ်ရှားပေးသည်။ ဓားဖြင့် မဟုတ်ပါ”။

ဗြိတိန် စာရေးဆရာ ဂျော်ချ် ဗာနတ် က အတိအလင်းရေးသားခဲ့သည်- “ယနေ့တွင် ကမ္ဘာသည် ပြဿနာများ ကို ဖြေရှင်းရန် “မုဟမ္မဒ်” ကဲ့သို့သော လူတစ်ဦးကို အလွန်လိုအပ်နေသည်။ ရာစုနှစ်အလယ်ပိုင်းခေတ်ကာလ တွင် ဘာသာရေးဆရာများသည် အသိမဲ့ခြင်း သို့မဟုတ် တစ်ယူသန်ခြင်းကြောင့် “မုဟမ္မဒ်” ၏သာသနာကို ခရစ်ယာန်ဘာသာအတွက် ပုံစံတစ်ခုကို ဖော်ဆောင်ခဲ့ကြပြီး၊ သူ့ကို ရန်သူအဖြစ် သတ်မှတ်ခဲ့ကြသည်။

သို့သော် “မုဟမ္မဒ်” နှင့်ပတ်သက်၍ လေ့လာလိုက်သောအခါ အလွန်တရာ အံ့သြဖွယ်ရာကို တွေ့ရှိခဲ့ရသည် သာမက၊ သူသည် ခရစ်ယာန်ဘာသာအတွက် ရန်သူမဟုတ်ကြောင်း သိခဲ့ရသည်။ ကျွန်တော်၏အမြင်အရ အကယ်၍သာ “မုဟမ္မဒ်” သည် ယနေ့၏ကမ္ဘာရေးရာများကို ဦးဆောင်ခဲ့လျှင်၊ ပြဿနာများသည် ပြေလည် ကာ လူသားများမျှော်လင့်ကြသော ငြိမ်းချမ်းရေးနှင့် ပျော်ရွှင်မှုကို မုချရရှိကြမည်”။

အကယ်၍သာ “မုဟမ္မဒ်” ကဲ့သို့အမျိုးသားတစ်ဦးသည် ဥရောပတိုက်ကို ဦးဆောင်ခဲ့လျှင်၊ မုချဒုက္ခရောဂါများ ကို ကုသပေးမည် ဖြစ်သည်။ သို့သာမက သူ့ကို လူသားများ၏ကယ်တင်ရှင်ဟု ခေါ်ဆိုရမည် ဖြစ်သည်။

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com
info@islamicic.com
+971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS



# “မရ်ယမ်” ၏သား ယေရှုသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်သည်။

BURMESE | (03/10) | النبي عيسى عليه الصلاة والسلام | FREE COPY

## “မုစ်လင်မ်” များသည် ယေရှုကို ချစ်ကြသည်။


جمعية دار البر
Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center
التعريف بالإسلام

تصريح رقم:
(2017/139)

دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department

www.islamicic.com

CONTENTS





ယေရှုသည် ကမ္ဘာတစ်ဝန်းရှိ ဘီလီယံချီသောလူများ၏ ချစ်ခြင်းခံရသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သို့သော် ယေရှု၏ကြီးကျယ်သောပုဂ္ဂိုလ်ရေးနှင့်ပတ်သက်၍ ကြီးမားသောရှုပ်ထွေးမှုနှင့် မရေမရာမှုရှိနေသည်။ "မုစ်လင်မ်" နှင့် ခရစ်ယာန်တို့သည် ယေရှုကို မြင့်မားသောအဆင့်အတန်းပေး၍ အလေးထားကြသည်။ သို့သော် မိုးနှင့် မြေတို့၏ကြားတွင် ကွဲပြားနေသကဲ့သို့ ယေရှုကိုဖော်ကျူးခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ကြားတွင် ကွဲပြားကြသည်။

ဤလက်ကမ်းစာစောင်သည် ယေရှုနှင့်ပတ်သက်သောကိစ္စရေးရာကို ရှင်းလင်းရန် ရည်ရွယ်ပါသည်။ ယေရှုသည် ကိုးကွယ်ရာဟုတ်ပါသလော?။ သို့မဟုတ် ယေရှုသည် အလ္လောဟ့အရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသောတမန်တော်တစ်ဦးလော?။ ယေရှုသည် မည်သူနည်း?။

# ယေရှုသည် ကိုးကွယ်ရာဖြစ်သည်

ခရစ်ယာန်အများစုက စွပ်စွဲပြောဆိုကြသည်မှာ ယေရှုသည် အလ္လောဟ့အရှင်မြတ်ဖြစ်သည်။ သို့မဟုတ် သုံးဆူမှ တစ်ဆူဖြစ်သည်။ အလ္လောဟ့အရှင်မြတ်က ယေရှု၏ ပုံပန်းသဏ္ဍာန်ဖြင့် ကမ္ဘာမြေအပေါ်၌ တည်ရှိခဲ့သည်။ ထို့ပြင် အလ္လောဟ့အရှင်မြတ်သည် လူသား၏ပုံပန်းသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲခဲ့သည်။

သို့သော်လည်း ခရစ်ယာန်တို့၏သမ္မာကျမ်းစာအရ ယေရှုသည် မွေးဖွားခြင်းခံခဲ့ရသည်။ စားခဲ့သည်။ သောက်ခဲ့သည်။ ဝတ်ပြုခဲ့သည်။ သူ၏အသိပညာသည် အကန့်အသတ်ရှိ၍ အရာအားလုံးကို မသိခဲ့ပါ။ ဤကြန်အင်လက္ခဏာများအားလုံးသည် အလ္လောဟ့အရှင်မြတ်နှင့် အပ်စပ်ခြင်းမရှိပါ။ စင်စစ် ကြီးကျယ် မြင့်မားတော်မူသောဖန်ဆင်းမွေးမြူရှင်သည် ပြည့်စုံသောကြန်အင်များ ကြီးမားသောလက္ခဏာရှိသောအရှင်ဖြစ်သည်။ သို့သော် လူသားမှာ ဆန့်ကျင်ဘက်ဖြစ်၍ ချွတ်ယွင်းချက်ရှိသည်။ အဘယ်ကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်သောအရာနှစ်ခုသည် တစ်ချိန်တည်းတွင် စုစည်းနိုင်သနည်း?။

"အိစ်လားမ်" သာသနာက ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လောဟ့အရှင်မြတ်သည် အမြဲထာဝရ ပြည့်စုံသောဂုဏ်ရည်များရှိတော်မူသည်ဟု ကျွန်တော်တို့ကိုသင်ကြားပေးသည်။ ထို့ပြင် ကိုးကွယ်ရာအရှင်သည် လူသားတစ်ယောက်ဖြစ်သည်ဟု ယုံကြည်ခြင်းမှာ အလ္လောဟ့အရှင်မြတ်သည် (အချိန်ကာလတစ်ခုတွင်) မပြည့်စုံဟု သို့မဟုတ် မပြည့်စုံခဲ့၊ အလ္လောဟ့အရှင်မြတ်သည် ချည့်နဲ့သောကြန်အင်လက္ခဏာများရှိသည်ဟု စွပ်စွဲခြင်းပင်ဖြစ်သည်။ အလ္လောဟ့အရှင်မြတ်သည် ဤစွပ်စွဲပြောဆိုခြင်းမှ ကြီးမား မြင့်မြတ်စွာ ကင်းစင်တော်မူပါ၏။ ခရစ်ယာန်ဘာသာဝင်တစ်ယောက်သည် မိမိကိုမိမိ မေးခွန်းထုတ်ရမည်မှာ- အချိန်ကာလတစ်ခုတွင် အင်အားချည့်နဲ့သောကလေးတစ်ယောက်ဖြစ်ခဲ့သည့် ကိုးကွယ်ရာ သို့မဟုတ် အစားအသောက်မရှိဘဲ၊ အိပ်စပ်ခြင်းမရှိဘဲ အသက်မရှင်နိုင်သောလူသားတစ်ယောက်ဖြစ်ခဲ့သည့် ကိုးကွယ်ရာကို ယုံကြည်သလား?။ ဤကိုးကွယ်ရာမှာသမ္မာကျမ်းဟောင်းတွင် ဖော်ပြထားသော ကြီးမားတော်မူသောကိုးကွယ်ခံထိုက်သောအရှင်ပင်ဖြစ်သည်ဟု သူယုံကြည်သလား?။ အမှန်မှာ ထိုသို့မဟုတ်ပါ။

လူတစ်ယောက်က မေးကောင်းမေးလိမ့်မည်- အကယ်၍ အလ္လောဟ့အရှင်မြတ်သည် အရာရာအားလုံးအပေါ် စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်၍ အဘယ်ကြောင့် အလ္လောဟ့အရှင်မြတ်သည် လူသားတစ်ယောက်ဖြစ်ရန် မစွမ်းနိုင်သနည်း?။

အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကိုးကွယ်ရာအရှင်သည် အဖန်ဆင်းခံများကဲ့သို့ ပြုလုပ်ခြင်းမရှိသည့်ပြင်၊ အဖန်ဆင်းခံများ၏ လုပ်ရပ်များနှင့် ၎င်းတို့၏ကြန်အင်လက္ခဏာများနှင့် တူညီခြင်းလည်းမရှိပါ။ အကြောင်းမှာ ကိုးကွယ်ရာအရှင်ထံမှ ပြည့်စုံသောအရာသာ ဖြစ်ပေါ်၍ ကြီးကျယ်သောကြန်အင်လက္ခဏာများကိုသာ ရှိတော်မူသည်။ အကယ်၍ ကိုးကွယ်ရာအရှင်သည် အရှင်မြတ်၏ အဖန်ဆင်းခံများအနက်မှ တစ်ယောက်ယောက်ဖြစ်ခဲ့လျှင်၊ သို့မဟုတ် အဖန်ဆင်းခံများ၏ကြန်အင်လက္ခဏာများရှိလျှင်၊ ကိုးကွယ်ရာရှင်အဖြစ် မည်သည့်အခါမျှ တဖန်မဖြစ်နိုင်တော့ပါ။

ယေရှုသည် တစ်နည်းတစ်ဖုံအားဖြင့် ကိုးကွယ်ရာ ဖြစ်ကြောင်းပြသရန် ခရစ်ယာန်များ၏သမ္မာကျမ်းစာမှ မရှင်းလင်းသော ကျမ်းပိုဒ်အချို့ကို မှားယွင်းစွာအသုံးချနိုင်သည်။ သို့သော် အကယ်၍ ကျွန်တော်တို့သည် သမ္မာကျမ်း၏ကျမ်းပိုဒ်များကို ကြည့်ရှုလျှင်၊ ထိုကျမ်းပိုဒ်များက အကြိမ်ကြိမ် ထပ်ခါတလဲလဲ တိုက်ရိုက် ရှင်းလင်းစွာ ညွှန်ပြသည်မှာ- ယေရှုသည် လူသားတစ်ဦး၊ အလ္လောဟ့အရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံခဲ့ရသောတမန်တော်တစ်ဦးဖြစ်၍ ထိုထက်မပိုပေ။ ထို့ပြင် သမ္မာကျမ်း၏ကျမ်းပိုဒ်များစွာတွင် အလ္လောဟ့အရှင်မြတ်က ယေရှုနှင့် ကွဲကွာ၍ သီးခြားဖြစ်တော်မူသကဲ့သို့ ယေရှုက ပြောဆို ပြုမူသည်ဟုဖော်ပြထားသည်။ ဥပမာဆိုရသော်

- "ယေရှုသည် မိမိ၏မျက်နှာအပေါ်၌ ဦးချခဲ့သည်" (မက်သယူး ၂၆း၃၉)၊ အကယ်၍ ယေရှုသည် ကိုးကွယ်ရာဖြစ်ခဲ့သည်ရှိသော် ကိုးကွယ်ရာအရှင်က မိမိ၏မျက်နှာအပေါ်၌ ဦးချသည်ဟု အသိဉာဏ်အရ ဖြစ်နိုင်သလော?။ ထို့ပြင် ဤကိုးကွယ်ရာအရှင်က မည်သည့်အရှင်ကို ဦးချသနည်း?!။
- "ခရစ်ယာန်များ၏သမ္မာကျမ်းစာတွင် ဖော်ပြထားသည်မှာ ယေရှုသည် တမန်တော်တစ်ဦးဖြစ်သည်" (မက်သယူး ၂၁း၁၀-၁၁)၊ သို့ဆိုလျှင် ယေရှုသည် တစ်ချိန်တည်းတွင် ကိုးကွယ်ရာအရှင်နှင့် တမန်တော်တစ်ဦး မည်ကဲ့သို့ဖြစ်နိုင်မည်နည်း?!။
- ယေရှုကပြောခဲ့သည် "ကျွန်တော်သည် ဖခင်ထံသို့သွားမည်၊ အကြောင်းမှာ ကျွန်တော်၏ဖခင်သည် ကျွန်တော့်ထက် ပို၍ကြီးမားသောကြောင့်ဖြစ်သည်" (ယော ၁၄း၂၈)။

CONTENTS





- ယေရှုကပြောခဲ့သည် "ကျွန်တော်သည် ကျွန်တော်၏ဖခင်၊ အသင်တို့၏ဖခင်၊ ကျွန်တော်၏ ကိုးကွယ်ရာအရှင်နှင့် အသင်တို့၏ကိုးကွယ်ရာအရှင်ထံသို့ တက်သွားမည်၊" (ယော ၂၀-၁၇)။ အကယ်၍ ယေရှုသည် ကိုးကွယ်ရာဖြစ်လျှင်၊ သူသည် အဘယ်ကြောင့် ကျွန်တော်၏ဖခင်၊ အသင်တို့၏ဖခင်၊ ကျွန်တော်၏ ကိုးကွယ်ရာအရှင်နှင့် အသင်တို့၏ကိုးကွယ်ရာအရှင်ဟု ပြောဆိုသနည်း?! ထို့ပြင် သူသည် မည်သူ့ထံသို့ တက်သွားမည်နည်း?!

အကယ်၍ ယေရှုသည် ကိုးကွယ်ရာအရှင်ဖြစ်လျှင်၊ သူ့ကို ကိုးကွယ်ရန် လူသားများကို ရှင်းလင်းပြတ်သားစွာ ပြောဆိုလိမ့်မည်၊ သူ့ကို ကိုးကွယ်ရာအဖြစ် သတ်မှတ်ရန် ထင်ရှားစွာ ညွှန်ကြားလိမ့်မည်။ ထို့ပြင် သမ္မာကျမ်း၏ ကျမ်းပိုဒ်များကလည်း ထိုသို့ပြုလုပ်ရန် မုချ ညွှန်ပြ၍ ဤအခန်းကဏ္ဍနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးသောကျမ်းပိုဒ်များဖြစ်မည်ဖြစ်သည်။ သို့သော် ယေရှုသည် သူ့ကို ကိုးကွယ်ရန် မည်သူကိုမျှ အမိန့်မပေးခဲ့ပါ။ သူသည် ကိုးကွယ်ရာအရှင်ဖြစ်ကြောင်း သို့မဟုတ် ဖန်ဆင်းရှင်ဖြစ်ကြောင်း ဖော်ကျူး သော မည်သူကိုမျှ အတည်ပြုထောက်ခံပေးခဲ့ခြင်းမရှိပါ။ သို့သာမက သူပြောခဲ့သည်မှာ- ၎င်းတို့က ကျွန်တော့်အား ကိုးကွယ်ကြခြင်း သည် မှားယွင်း၍ အချည်းနှီးဖြစ်သည်။ (မက်သယူး ၁၅း၉)

# "အလ္လောဟုအရှင်မြတ်၏သား"

ယေရှုသည် အလ္လောဟုအရှင်မြတ်၏သားဖြစ်သည်ဟု ခရစ်ယာန်အများစုတို့က မဟုတ်မမှန်စွပ်စွဲပြောဆိုကြသည်။ ထိုပြောဆိုမှုမှာ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုသနည်း? အလ္လောဟုအရှင်မြတ်သည် အရှင်မြတ်ထံတွင် သားရှိခြင်းမှ ကြီးကျယ် မြင့်မြတ်စွာ ကင်းစင်တော်မူပါ၏။ လူသားတို့သည် လူသားများကို မွေးဖွားကြသည်။ အဖန်ဆင်းခံများအားလုံးသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ သို့သော် အလ္လောဟုအရှင်မြတ်ထံတွင် သားရှိခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုသနည်း?!

စကားလုံးကို စာသားအရပြန်ဆိုမည့်အစား၊ ကျွန်တော်တို့သည် အလ္လောဟုအရှင်မြတ်၏သားဟူသောအခေါ်အဝေါ်မှာ ရှေး သမ္မာကျမ်း၏ကျမ်းစာဘာသာစကားတွင် သူတော်စင်ကျေးကျွန်ကိုညွှန်ပြရာတွင် တင်စား၍သုံးသောအသုံးအနှုန်းဖြစ်သည်ကို တွေ့ရသည်။ သို့သာမက သမ္မာကျမ်း၌ပင် ယေရှုတစ်ဦးတည်းအတွက်သာမဟုတ်ဘဲ "ဒါးဝူးဒ်"၊ "စုလိုင်းမားန်" နှင့် "ယအ်ကူးဗ်" တို့ကိုလည်း ထိုအသုံးအနှုန်းဖြင့် ခေါ်ဝေါ်ထားသည်။ "အိစ်ရေးအင်းလ်" သည် ကျွန်တော်၏ပထမသားဦးဖြစ်သည်။ (ထွက်မြောက်ရာကျမ်း ၄း၂၂)။ အမှန်မှာ "သား" ဟူသောအခေါ်အဝေါ်သည် အလ္လောဟုအရှင်မြတ်၏ကျေးကျွန်အမျိုးသားများ အနက်မှ မည်သည့်သူတော်စင်ကျေးကျွန်နှင့် အလ္လောဟုအရှင်မြတ်၏ ကျေးကျွန်အမျိုးသမီးများအနက်မှ သူတော်စင်ကျွန်မကို ညွှန်ပြသောစကားလုံးဖြစ်သည်။ အလ္လောဟုအရှင်မြတ် ၏ဝိညာဉ်တော်ဖြင့် အမိန့်နာခံကြသောသူအားလုံးတို့သည် အလ္လောဟုအရှင်မြတ်၏သားများနှင့် သမီးများဖြစ်ကြသည်။ (ရောမဩဝါဒစာ ၈း၁၄)

# ဖခင်နှင့် ကိုးကွယ်ရှင်

﴾မြင့်မြတ်တော်မူသောအလ္လောဟုအရှင်မြတ်အတွက် အရှင်မြတ်၏ကျေးကျွန်နှင့် အဖန်ဆင်းခံများအနက်မှ သားသမီးတစ်စုံတစ်ယောက် သတ်မှတ်ပြုလုပ်ခြင်းခြင်းသည် အရှင်မြတ်နှင့် လုံးဝမအပ်စပ်ပေ၊ အရှင်မြတ်သည် သားသမီးရှိခြင်းမှ ကင်းစင်သန့်ရှင်းတော်မူသည်၊ အရှင်မြတ်သည် ကိစ္စရေးရာများအနက်မှ သေးငယ်သောကိစ္စတစ်စုံတစ်ရာကိုဖြစ်စေ သို့မဟုတ် ကြီးလေးသောကိစ္စတစ်စုံတစ်ရာကိုဖြစ်စေ၊ ကိစ္စတစ်စုံတစ်ရာကိုစီရင်ဆုံးဖြတ်တော်မူလျှင်၊ ထို့ပြင် ထိုကိစ္စကိုအလိုတော်ရှိလျှင်၊ အရှင်မြတ်မစွမ်းဆောင်နိုင်သည်ဟူ၍ အလျင်းမရှိ၊ သို့သာမက အရှင်မြတ်က ထိုကိစ္စကို ဖြစ်စေဟု မိန့်ကြားတော်မူလိုက်သည်နှင့် ထိုကိစ္စသည် အရှင်မြတ်အလိုတော်ရှိသည့်အတိုင်း ဖြစ်ပေါ်လေတော့သည်﴿။

"ကုရ်အားန်" ကျမ်း၊ "မရ်ယမ်" ကဏ္ဍ၊ ၃၅

ဤနည်းအတိုင်းပင်၊ "ဖခင်" ဟူသောဝေါဟာရကို အသုံးပြုသောအခါ ၎င်း၏စကားလုံးအပေါ်ယံမှ မယူရပေ။ "ဖခင်" ဟူသော ဝေါဟာရမှာ အလ္လောဟုအရှင်မြတ်သည် အရာရာအားလုံးကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် ကျွေးမွေးတော်မူသောအရှင် ဖြစ်ကြောင်း ညွှန်ပြရာတွင် အသုံးပြုသောကြောင့်ဖြစ်သည်။ "ဖခင်" ဟူသောဝေါဟာရကို တင်စားသောအားဖြင့် အသုံးပြုသည်ကို ညွှန်ပြသောသမ္မာကျမ်းပိုဒ်များစွာရှိပါသည်။ ဥပမာ- "အားလုံးအတွက် ကိုးကွယ်ရှင် တစ်ပါးတည်းနှင့် ဖခင်တစ်ပါးတည်း"။ (ဧဖက်ဩဝါဒစာ ၄း၆)

သို့သာမက ယေရှု၏သာဝကများကလည်း ယေရှုကို "ဖခင်" ဟုခေါ်ဆိုခဲ့ကြသည်။ ဤ "ဖခင်" ဟူသောအခေါ်အဝေါ်မှာ ဧဝံဂေလိ ကျမ်း၏မူရင်းဘာသာစာပေအရ ဘုရားနှင့် အဆင့်အတန်းမြင့်မားသောသူများအတွက် အသုံးပြုခဲ့သည်။ ဥပမာ- ဂရိဘာသာစကား ဖြင့် ရေးသားထားသောဓမ္မသစ်ကျမ်းတွင် "kurios" ဟူသောအခေါ်အဝေါ်မှာ ဘုရားနှင့် မွန်မြတ်သောအမျိုးသားအတွက် အသုံးပြု သည်။ (မက်သယူး ၂၀:၈)

ထိုကဲ့သို့ပင် မိမိ၏အမိန့်နာခံခြင်းမရှိသောကျေးကျွန်ကို ရိုက်သောသခင်အတွက် အသုံးပြုသည်။ (လုကာခရစ်ဝင်ကျမ်း 20;42-47)

ဧဝံဂေလိကျမ်း၏အခြားအပိုဒ်များတွင် သာဝကများက ယေရှုကို "အလ္လောဟုအရှင်မြတ်၏ကျေးကျွန်" ဟူသောအမည်ဖြင့် ခေါ်ကြသည်။ (အပြုတေလုပ်ရပ်ကျမ်း ၃း၁၃) တွင် "ကျွန်တော်တို့ဖခင်၏အရှင်သည် သူ၏ကျေးကျွန် ယေရှုကို ချီးကျူး တော်မူခဲ့သည်"။ ဤသည် "ဖခင်" ဟူသောအခေါ်အဝေါ်သည် ယေရှုနှင့် ဆက်လျက်ဖော်ပြသောအခါ ဂုဏ်ပေးခြင်းကို ဖော်ကျူးသည်ဟု အထင်အရှားသိရသည်။ ကိုးကွယ်ရာဟု မဖော်ကျူးပါ။


CONTENTS











# ယေရှု- တမန်တော်

ယေရှုသည် စောင့်ဆိုင်းခြင်းခံရသောမေရှိယဖြစ်ကြောင်းကို ဂျူးလူမျိုးများက လက်မခံကြပါ။ ဤငြင်းဆန်ခြင်းသည် ယေရှုကို ကိုးကွယ်ရာအဖြစ် သို့မဟုတ် အလ္လာဟုအရှင်မြတ်၏သားအဖြစ် ခံယူသောခရစ်ယာန်ဘာသာ၏သွန်သင်မှုများနှင့် ဆန့်ကျင်နေသည်။ သို့သော် “အိစ်လားမ်” မှာမူ ဂျူးနှင့် ခရစ်ယာန်တို့၏ကြား၌ အလယ်အလတ်သာသနာဖြစ်၍၊ မရ်ယမ်၏သား ယေရှုသည် အလ္လာဟုအရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသောတမန်တော်အဖြစ် ယုံကြည်သည်။ ထို့အတူ ယေရှုသည် စောင့်ဆိုင်းခြင်းခံရသောမေရှိယဖြစ်ကြောင်းကိုလည်း ယုံကြည်သည်။ သို့သော် “မုစ်လင်မ်” များက ယေရှုကို ခဝပ်ကိုးကွယ်ခြင်းမပြုကြပါ။ အကြောင်းမှာ ခဝပ်ကိုးကွယ်ခြင်းသည် ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်တစ်ပါးတည်းအတွက်သာဖြစ်၍ အရှင်မြတ်သည် ယေရှုနှင့် အဖန်ဆင်းခံများအားလုံးကို ဖန်ဆင်းတော်မူခဲ့သည်။

﴿တမန်တော် “အီးစား” အလိုင်းဟိစ္စလားမ်က ပြောသည်- မုချကျွန်တော်သည် အလ္လာဟုအရှင်မြတ်၏ကျေးကျွန်တစ်ယောက်သာဖြစ်သည်၊ ထိုအရှင်မြတ်သည် ကျွန်တော်အား “အင်န်ဂျီးလ်” ကျမ်းကို ချီးမြှင့်တော်မူရန် စီရင်ဆုံးဖြတ်တော်မူခဲ့၍၊ ကျွန်တော်အား တမန်တော်တစ်ဦးအဖြစ် ပြုလုပ်တော်မူခဲ့သည်﴾။

“ကုရ်အားန်” ကျမ်း၊ ၁၉၊ ၃၀

# အံ့ဖွယ်မွေးဖွားခြင်း

ကုရ်အားန်ကျမ်းမြတ်အရ၊ အလ္လာဟုအရှင်မြတ် သည် ကောင်းကင်တမန် "ဂျိဗ်ရီးလ်" အား အပျိုစင် “မရ်ယမ်” ထံသို့ လူသား၏ပုံပန်းသဏ္ဍာန်ဖြင့် စေလွှတ်တော်မူခဲ့ပြီး၊ သူမသည် မည်သည့်လူသား၏ထိတွေ့မှုမျှမရှိဘဲ အလ္လာဟုအရှင်မြတ်၏တန်ခိုးတော်ဖြင့် သားတစ်ယောက်မွေးမည်ကို သတင်းပေးခဲ့သည်။

﴿ကောင်းကင်တမန်က သူမကိုပြောသည်- မုချကျွန်တော်သည် အသင်မထံသို့စေလွှတ်တော်မူလိုက်သော အသင်မအားဖန်ဆင်းမွေးတော်မူသောအရှင်မြတ်၏စေတမန်တစ်ဦးမျှသာဖြစ်ပြီး၊ ပြစ်မှုများမှ ကင်းစင်သန့်ရှင်းသောကလေးငယ်တစ်ယောက်ကို အသင်မအား ပေးအပ်ရန်ဖြစ်သည်﴾။
﴿“မရ်ယမ်” က ကောင်းကင်တမန်ကိုပြောသည်- ကျွန်မထံတွင် မည်ကဲ့သို့သားတစ်ယောက်ရှိနိုင်မည်နည်း?၊ စင်စစ် မည်သည့်လူသားတစ်ဦးကမျှ မှန်ကန်သန့်ရှင်းသောထိမ်းမြားခြင်းဖြင့် ကျွန်မကို မထိတွေ့ဖူးသည့်ပြင် ကျွန်မသည် “ဇိနား” ခေါ် ထိမ်းမြားခြင်းမရှိဘဲ တရားမဝင် လိင်ဆက်ဆံခြင်းကိုလည်း မကျူးလွန်ဖူးခဲ့ပေ﴾။
﴿ကောင်းကင်တမန်က သူမကိုပြောသည်- အခြေအနေသည် အသင်မ ဖော်ကျူးသကဲ့သို့ပင်ဖြစ်သည်၊ မည်သည့်လူသားတစ်ဦးကမျှ အသင်မအား ထိတွေ့ခဲ့ဖူးခြင်းမရှိ၊ အသင်မသည် ဆိုးသွမ်းသောမိန်းမလည်းမဟုတ်၊ သို့သော် အသင်မ၏ဖန်ဆင်းမွေးမြူရှင်ကမိန့်တော်မူသည်- ထိုသို့ဖြစ်စေခြင်းမှာ ငါအရှင်မြတ်အပေါ် အလွန်လွယ်ကူလှပေသည်၊ ထို့ပြင် ထိုကလေးငယ်သည် လူသားများအတွက် မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏တန်ခိုးတော်ကိုညွှန်ပြသောသက်သေတစ်ခု၊ ငါအရှင်မြတ်ထံတော်မှ သူနှင့်အတူ၊ သူ၏မိခင်နှင့် လူသားများကို ကြင်နာသောကရုဏာတော်တစ်ခုဖြစ်စေရန်ဖြစ်သည်၊ တမန်တော် “အီးစား” သည် ဤအခြေ အနေအတိုင်းဖြစ်ရသည်မှာ ရှေးအရင်ကပင် စီရင်ဆုံးဖြတ်၊ သတ်မှတ်ပြီးဖြစ်သောကိစ္စဖြစ်သည်၊ “အလ်လောင်ဟုလ် မဟ်ဖူးဇ်” သင်ပုန်းတွင်လည်း ရေးမှတ်ပြီးဖြစ်၍၊ မုချဖြစ်ပေါ်မည်ဖြစ်သည်﴾။

“ကုရ်အားန်” ကျမ်း၊ ၁၉၊ ၂၁

ယေရှု၏အံ့ဖွယ်စွာ ဖွားမြင်ခြင်းမှာ သူသည် ကိုးကွယ်ရာဖြစ်သည်ကို ညွှန်ပြသောလက္ခဏာပင် ဖြစ်သည်ဟု လူအချို့က စွပ်စွဲပြောဆိုကြသည်။ သို့သော် ယေရှုမှာ ဖခင်မရှိဘဲ ပထမဦးဆုံးဖွားမြင်ခြင်းခံရသောသူမဟုတ်ပါ။ ယေရှု၏အလျင် “အားဒမ်” ဖခင်မရှိ၊ မိခင်လည်းမရှိခဲ့ပေ။ အလ္လာဟုအရှင်မြတ်ကမိန့်တော်မူသည်-

﴿မုချအလ္လာဟုအရှင်မြတ်သည် “အီးစား” ကို အဖေမရှိဘဲ ဖန်ဆင်းတော်မူခဲ့ခြင်း၏ ဥပမာမှာ အရှင်မြတ်သည် “အားဒမ်” ကို ဖခင်မရှိ၊ မိခင်လည်းမရှိဘဲ ဖန်ဆင်းတော်မူခဲ့သည့်အတိုင်းပင်ဖြစ်သည်- အရှင်မြတ်သည် “အားဒမ်” ကို မြေကြီးဖြင့်ဖန်ဆင်းတော်မူပြီး သူ့အား “အသင်လူတစ်ယောက်ဖြစ်စေ” ဟုမိန့်တော်မူလိုက်သည်နှင့် လူတစ်ယောက်ဖြစ်လာခဲ့တော့ သည်﴾။
﴿အို တမန်တော်၊ “အီးစား” နှင့်ပတ်သက်၍ ဒွိဟာသံသယမရှိသောအမှန်တရားမှာ အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အသင့်ထံသို့ ပို့ချသောအရာသာဖြစ်၍၊ ထို့ကြောင့် အသင်၏ယုံကြည်မှုနှင့် ဒွိဟာသံသယစွန့်လွှတ်မှုအပေါ်၌ စွဲမြဲစွာတည်ရှိပါလေ၊ ဒွိဟာသံသယရှိသူများအနက်မှ တစ်ဦးအပါအဝင်မဖြစ်နှင့်﴾။

“ကုရ်အားန်” ကျမ်း၊ ၃၊ ၆၀

ယေရှုသည် ဖခင်မရှိဘဲ မွေးဖွားခြင်းခံခဲ့ရသောကြောင့် ကိုးကွယ်ခံရလျှင်၊ စင်စစ် “အားဒမ်” သည် ဒွိဟာသံသယမရှိ ပို၍ကိုးကွယ်ခံရတော့မည်။ အကြောင်းမှာ အားဒမ်သည် ဖခင်မရှိ၊ မိခင်မရှိဘဲ မွေးဖွားခြင်းခံခဲ့ရသောကြောင့်ဖြစ်သည်။

CONTENTS





# ယေရှု၏အံ့ဖွယ်များ

ယေရှု၏အံ့ဖွယ်များသည် ဖခင်မရှိဘဲ မွေးဖွားခြင်းခံခဲ့ရသည့်မျှသာမက ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လောဟုအရှင်မြတ်၏ခွင့်ပြုချက်ဖြင့် ယေရှု၏လက်နှစ်ဘက်နှင့် အံ့ဖွယ်များစွာကို ဖြစ်ပေါ်စေတော်မူခဲ့သည်။

ယေရှုသည် ပုခက်တွင်း၌ပင် သူ၏မိခင်ကို ကာကွယ်ကာ ကာမဂုဏ်ကျူးလွန်သည်ဟု မဟုတ်မမှန်စွပ်စွဲပြောဆိုသူများကို တုံ့ပြန်စကားပြောဆိုခဲ့သည်။ ထို့အတူ "ကုရ်အာန်" ကျမ်းတွင်လည်း ယေရှုသည် အလ္လောဟုအရှင်မြတ်၏ခွင့်ပြုချက်ဖြင့် သေသူများကို တဖန်ပြန်လည်ရှင်စေခဲ့ကြောင်းနှင့် ခရုသင်းရောဂါသည်နှင့် မျက်ကန်းတို့ကို အလ္လောဟုအရှင်မြတ်၏ခွင့်ပြုချက်ဖြင့် ပျောက်ကင်းအောင်ကုသပေးခဲ့သည်ဟု ဖော်ပြထားသည်။

ဤအံ့ဖွယ်ဖြစ်ရပ်များသည် ယေရှု၏လက်ပေါ်တွင် ဖြစ်ပေါ်ခြင်းမှာ သူသည် ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လောဟုအရှင်မြတ်၏ဖြောင့်မတ်၍ အမိန့်နာခံသောကျေးကျွန်နှင့် တမန်တော်တစ်ဦးဖြစ်ခြင်းထက် မပိုပါ။ အမှန်မှာ- များစွာသောအံ့ဖွယ်ဖြစ်ရပ်များသည် "နူးဟ်"၊ "မူးစား" နှင့် "မုဟမ္မဒ်" တမန်တော်များ၏လက်များပေါ်တွင်လည်း ဖြစ်ပေါ်ခဲ့သည်။ သို့သော် တမန်တော်များ၏လက်များပေါ်တွင် ဖြစ်ပေါ်ခဲ့သော ထိုအံ့ဖွယ်ဖြစ်ရပ်များသည် အလ္လောဟုအရှင်မြတ်၏အမိန့်နှင့် ခွင့်ပြုချက်ဖြင့်သာ ဖြစ်ပါသည်။ အကြောင်းမှာ ထိုတမန်တော်မှာ ဖြောင့်မတ်မှန်ကန်ကြောင်း၊ သူ၏ဖိတ်ခေါ်မှုနှင့် ပို့ချမှုကို ထောက်ခံပေးရန်ဖြစ်သည်။

# ယေရှုက တမန်တော်ဖြစ်ခြင်း

ဤနေရာတွင် ဖော်ပြသင့်သည်မှာ- "အိဗ်ရောဟီးမ်"၊ "နူးဟ်" နှင့် "ယူးနုစ်" ကဲ့သို့သော ရှေးခေတ် သမ္မာကျမ်းဟောင်းမှ တမန်တော်တို့သည် အလ္လောဟုအရှင်မြတ်မှာ သုံးပါးတစ်ပါးဖြစ်သည်ဟု မည်သည့်အခါမျှ မဖိတ်ခေါ်ခဲ့ကြပါ။ သို့သာမက ယေရှုက ၎င်းတို့၏ကယ်တင်ရှင်ဟူ၍လည်း မယုံကြည်ခဲ့ကြပါ။

အလ္လောဟုအရှင်မြတ်မှလွဲ၍ အခြားမည်သည့်ခဝပ်ကိုးကွယ်ခံထိုက်သောအရှင် မရှိပါဟူ၍ ထိုတမန်တော်များ၏ဖိတ်ခေါ်ခြင်းမှာ မိုးတိမ်ကင်းစင်သော နေ့လယ်အချိန်တွင် ထင်ရှားနေသောနေကဲ့သို့ပင် ထင်ရှားခဲ့သည်။ အလ္လောဟုအရှင်မြတ်သည် နှစ်ပေါင်းထောင်ချီတွင် တမန်တော်ထောင်ချီကို ယုံကြည်မှုတစ်ခုတည်းနှင့် အမိန့်တော်တစ်ခုတည်းဖြင့် စေလွှတ်တော်မူခဲ့ပြီးနောက် ရုတ်တရက် ထိုအမိန့်တော်ကို ပြောင်းလဲလိုက်၍ အလ္လောဟုအရှင်မြတ်သည် သုံးဆူတစ်ဆူဖြစ်သည်၊ သို့မဟုတ် ယေရှုသည် အလ္လောဟုအရှင်မြတ်၏သားဖြစ်သည်၊ ဤယုံကြည်မှုတစ်ခုတည်းကသာ လွတ်မြောက်စေသောယုံကြည်မှုဖြစ်သည်ဟု ပြောဆိုသည်မှာ ယထာဘူတမကျ၊ ယုတ္တိမရှိပါ။

အမှန်တရားမှာ- ယေရှုသည် ပြောင်းလဲခြင်း သို့မဟုတ် အစားထိုးခြင်း၊ သို့မဟုတ် အမိန့်တော်များကိုပြုပြင်ခြင်း၊ သို့မဟုတ် အဓိပ္ပာယ်ကိုငြင်းပယ်ခြင်းမရှိဘဲ ရှေးခေတ်သမ္မာကျမ်းဟောင်းမှ တမန်တော်များဖိတ်ခေါ်ခဲ့ကြသော သာသနာဘက်သာ ဖိတ်ခေါ်ခဲ့သည်။ သမ္မာကျမ်းတွင် ယေရှု၏ဖိတ်ခေါ်မှုနှင့် ထိုဖိတ်ခေါ်မှု၏အလိုသဘော၊ အစနှင့်အဆုံး၏အဓိကအချက်ကိုညွှန်ပြသောသက်သေမှာ- အမျိုးသားတစ်ယောက်က ယေရှုကို မေးခဲ့သည်- ပထမဦးဆုံးမှာတမ်းစကားမှာ မည်သည့်အရာဖြစ်ပါသနည်း?။ ထိုအခါ ယေရှုက ဖြေကြားခဲ့သည်- "အို အိစ်ရေးအီးလ်၊ အသင်နားထောင်ပါ၊ ပထမဦးဆုံးမှာတမ်းစကားမှာ- ဖန်ဆင်းရှင်သည် ကျွန်တော်တို့၏ တစ်ပါးတည်းသောအရှင် ဖြစ်တော်မူသည်။ (မာကု ၁၂-၂၈-၂၉)

ထို့ကြောင့် ယေရှု၏သွန်သင်မှုများအနက်မှ အကြီးမားဆုံးမှာတမ်းစကားနှင့် အခြေခံယုံကြည်မှုသည် "အလ္လောဟုအရှင်

﴾ထို့နောက် တမန်တော် "အီးစား" က "အိစ်ရေးအီးလ်" ၏သားစဉ်မြေးဆက်များထံသို့ ထင်ရှားသောသက်သေလက္ခဏာများ၊ အထောက်အထားများဖြင့် လာရောက်သောအခါပြောသည်- မုချကျွန်တော်သည် အသင်တို့ထံ တမန်တော်ဖြစ်ခြင်းနှင့်အတူ လာရောက်ခဲ့သည်၊ ထို့ပြင် သာသနာရေးရာကိစ္စများနှင့်ပတ်သက်၍ အသင်တို့ကွဲလွဲကြသောအချို့ကိစ္စကို အသင်တို့အတွက် ရှင်းလင်းပြသပေးရန် လာရောက်ခဲ့သည်။
ထို့ကြောင့် အလ္လောဟုအရှင်မြတ်၏အမိန့်တော်များကိုနာခံခြင်းနှင့် အရှင်မြတ်၏တားမြစ်ချက်များကိုရှောင်ကြဉ်ခြင်းဖြင့် အရှင်မြတ်ကိုကြောက်ရွံ့ကြ။ အလ္လောဟုအရှင်မြတ်ကိုကြောက်ရွံ့ရန်နှင့် အရှင်မြတ်အား အမိန့်နာခံရန် အသင်တို့ကို ကျွန်တော်အမိန့်ပေးသည်ကို လိုက်နာကြ﴿။
﴾မုချအလ္လောဟုအရှင်မြတ်သည် ကျွန်တော်၏ ဖန်ဆင်းမွေးမြူရှင်နှင့် အသင်တို့အားလုံး၏ ဖန်ဆင်းမွေးမြူရှင်ပင်ဖြစ်တော်မူသည်။ ထို့ကြောင့် အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ကြ။ဤသည်သာ အလ္လောဟုအရှင်မြတ်၏ မှန်ကန်သောသာသနာဖြစ်သည်။ အရှင်မြတ်သည် ဤသာသနာမှလွဲ၍ မည်သည့်သာသနာကိုမှ လက်ခံတော်မူမည်မဟုတ်ပေ﴿။

("ကုရ်အာန်" ကျမ်း၊ ၄၃၊ ၆၃-၆၄)


CONTENTS











မြတ်သည် တစ်ပါးတည်းသောခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအရှင်ဖြစ်သည်” ဟုဖြစ်သည်။ အကယ်၍ ယေရှုကသာ ကိုးကွယ်ရာဖြစ်ခဲ့လျှင်၊ “ကျွန်တော်သည် အလ္လောဟ်ဖြစ်သည်၊ အသင်တို့ ကျွန်တော့်အား ကိုးကွယ်ကြ” ဟု ပြောခဲ့မည်ဖြစ်သည်။ သို့သော် ထိုသို့ပြောခဲ့ခြင်းမရှိသည့်ပြင် မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်တစ်ပါးတည်းကသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူကြောင်းကို အတည်ပြုထားသောသမ္မာကျမ်းဟောင်း၏အမိန့်တော်များကိုသာ ထပ်ခါတလဲလဲ ရွတ်ဆိုခဲ့သည်။

ဤသည် ယေရှု၏ဖိတ်ခေါ်မှုနှင့် “အိစ်လားမ်” သာသနာတော်၏သွန်သင်မှုများနှင့် ကိုက်ညီသောအချက်ဖြစ်သည်။ အကြောင်းမှာ- ယေရှုသည် အလ္လောဟ်အရှင်မြတ်ထံတော်မှ “အိစ်ရေးအီးလ်” ၏သားစဉ်မြေးဆက်များထံသို့ စေလွှတ်ခြင်းခံခဲ့ရသော တမန်တော်ဖြစ်သောကြောင့် ဖြစ်သည်။ အရှင်မြတ်သည် ဤအမိန့်တော်ဖြင့် ရှေးတမန်တော်များအားလုံးကို လူသားများအားလုံးထံသို့ စေလွှတ်တော်မူသည်မှာ- အလ္လောဟ်အရှင်မြတ်မှလွဲ၍ မည်သည့်ခဝပ်ကိုးကွယ်ခံထိုက်သူမျှ မရှိပေ။

ယေရှုသည် အလ္လောဟ်အရှင်မြတ်၏တမန်တော်နှင့် အရှင်မြတ်၏ကျေးကျွန်များအနက်မှ ကျေးကျွန်တစ်ဦးအဖြစ် “မုစ်လင်မ်” နှင့် ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်၏အမိန့်တော်များအတွက် ကျိုးနွံနာခံသူတစ်ဦးဖြစ်ခဲ့သည်။ သူ၏အခြေအနေသည် မိမိ၏မျက်နှာ၊ ရည်စူးချက်၊ ပြောဆိုမှုနှင့် လုပ်ရပ်မှာ အလ္လောဟ်အရှင်မြတ်အတွက် အမိန့်နာခံသော အခြား “မုစ်လင်မ်” ကဲ့သို့ပင်ဖြစ်သည်။

## “အိစ်လားမ်” တွင် ယေရှု၏အဆင့်အတန်း

ယေရှုသည် အလ္လောဟ်အရှင်မြတ်စေလွှတ်တော်မူခဲ့သောတမန်တော်များအနက်မှ တမန်တော်တစ်ဦးဖြစ်ခဲ့သည်။ အလ္လောဟ် အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူကြောင်းကို ဖိတ်ခေါ်ရန် လူသားများထံသို့ အလ္လောဟ်အရှင်မြတ်က သူ့အား စေလွှတ်တော်မူခဲ့သည်။

ဤအချက်မှာ သမ္မာကျမ်းတွင် ထင်ရှားစွာပါရှိသည်။ ထို့အတူ “ကုရ်အာန်” ကျမ်းမြတ်သည်လည်း ဤအချက်ကို အတည်ပြုထောက်ခံထားသည်။ ယေရှုနှင့်ပတ်သက်၍ “အိစ်လားမ်” ၏ယုံကြည်မှုမှာ ယေရှုက မည်ကဲ့သို့ တမန်တော်ဖြစ်ခဲ့သည်၊ သူ၏လက်ပေါ်တွင် အံ့ဖွယ်ရာများ မည်ကဲ့သို့ဖြစ်ပေါ်ခဲ့သည်ကို ရှင်းလင်းပြသသည်။ တစ်ချိန်တည်းတွင် “အိစ်လားမ်” ၏ယုံကြည်မှုသည် အလ္လောဟ်အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူခြင်းနှင့် အရှင်မြတ်၏ပြည့်စုံမှုကို ထိန်းသိမ်းပါသည်။

ကျွန်တော်တို့သည် “အိစ်လားမ်” နှင့်ပတ်သက်၍ ပို၍သုသေတနနှင့် စုံစမ်းမှုပြုလုပ်ရန် အသင့်ကိုဖိတ်ခေါ်ပါသည်။ “အိစ်လားမ်” သည် တမန်တော် “နူးဟ်”၊ “အိဗ်ရေးဟီးမ်”၊ “မူးစား”၊ “အီးစား” နှင့် “မုဟမ္မဒ်” တို့ စေလွှတ်ခြင်းခံခဲ့ကြရသော သာသနာတော်ပင်ဖြစ်သည်။ “အိစ်လားမ်” သည် အလ္လောဟ်အရှင်မြတ်အား ကျိုးနွံအမိန့်နာခံဟု အဓိပ္ပာယ်ရသည်။ သို့သာမက “အိစ်လားမ်” သည် ပြီးပြည့်စုံသောဘဝလမ်းညွှန်ဖြစ်၍ အလ္လောဟ်အရှင်မြတ်နှင့် ကောင်းမွန်စွာ ဆက်သွယ်ရန်၊ ထို့ပြင် အရှင်မြတ်၏အဖန်ဆင်းခံများနှင့် ကောင်းမွန်စွာ ဆက်ဆံနေထိုင်ရန် လူသားကို သင်ကြားပေးသည်။ “အိစ်လားမ်” သည် အလ္လောဟ်အရှင်မြတ်မှာ တရားမျှတတော်မူသောအရှင်၊ ကြင်နာတော်မူသောအရှင်ဖြစ်ကြောင်း သင်ပေးသည်။ အလ္လောဟ်အရှင်မြတ်သည် ပြစ်မှုများကို ခွင့်လွှတ်တော်မူရန် မိမိကိုယ်ကိုမိမိ စတေးရန် လိုအပ်တော်မမူပါ။ အလ္လောဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက် ကျူးလွန်ခြင်းမရှိခဲ့သောပြစ်မှုအား ပုဂ္ဂိုလ်ဆိတ်ခန့်မျှပင် ရေးမှတ်တော်မမူပါ။ လူတိုင်းကို သူ၏လုပ်ရပ်အပေါ်၌သာ သူ့အား စစ်ဆေးတော်မူမည်။ လူတိုင်းသည် သူ၏လုပ်ရပ်ကို တာဝန်ယူရမည်ဖြစ်သည်။

‘အိစ်လားမ်” သည် အလ္လောဟ်အရှင်မြတ်၏တမန်တော်များအားလုံးကို ချစ်ခင်ရန်နှင့် ဂုဏ်ပေးလေးစားရန် ကျွန်တော်တို့ကို သင်ပေးသည်။ သို့သော် ကျွန်တော်တို့သည် တမန်တော်များကို ချစ်ခင်၊ လေးစားသော်လည်း ထိုတမန်တော်များကို ကျွန်တော်တို့ ကိုးကွယ်ကြပါ။ အကြောင်းမှာ- ခဝပ်ကိုးကွယ်ခြင်းမှာ အလ္လောဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာဖြစ်သည်။ ထို့ပြင် ယေရှုကို အလ္လောဟ်အရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံခဲ့ရသောတမန်တော်ဖြစ်ကြောင်း ယုံကြည်ခြင်းနှင့် “အိစ်လားမ်” သာသနာတွင်းသို့ ဝင်ရောက်ခြင်းသည် ယေရှု၏အမိန့်တော်ကို စွန့်လွှတ်ခြင်းမဟုတ်ပါ။ သို့သာမက ဤသို့ပြုလုပ်ခြင်းမှာ ယေရှု၏မူရင်းအမိန့်တော်နှင့် ဖိတ်ခေါ်မှုပင် ဖြစ်ပါသည်။

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com
info@islamicic.com
+971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS



# “အိစ်လားမ်” တွင် ကိုးကွယ်ရာအရှင်၏အလို သဘော။

BURMESE | (04/10) مفهوم الإله في الإسلام | FREE COPY

တုပနိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်၊ မြင့်မြတ်တော်မူသောဖန်ဆင်းရှင်ထက် ကြီးမားသောသူ မရှိပါ


جمعية دار البر
Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center
للتعريف بالإسلام

تصريح رقم:
(2017/139)
دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department

www.islamicic.com


CONTENTS











# ခဝပ်ကိုးကွယ်ရာအရှင် ရှိပါသလား?။

ဤစကြဝဠာအတွက် ခဝပ်ကိုးကွယ်ရာအရှင်တစ်ပါး တည်ရှိတော်မူကြောင်း ယုံကြည်ခြင်းမှာ မှန်ကန်သည်ကို ညွှန်ပြသော အသိဉာဏ်နှင့်ဆီလျော်သည့် အထောက်အထားများစွာရှိပါသည်။ ထိုသက်သေအချို့ကို အောက်ပါအတိုင်း ဖော်ပြပါမည်-

## ၁- စကြဝဠာ၏စနစ်တကျတည်ရှိခြင်း။

ရှည်လျားသောကမ်းခြေတစ်ခုပေါ်တွင် အသင်လမ်းလျှောက်နေစဉ် သဲထဲ၌ နာရီတစ်လုံးကို အသင်တွေ့ခဲ့သည်ကို စိတ်ကူးကြည့်ပါ။ ဤနာရီ၏အစိတ်အပိုင်းများအားလုံးမှာ မြေကြီးထဲ၌ရှိသောအရာများနှင့် ရေစပ်ကာ တိုက်ဆိုင်မှုကြောင့် ရုတ်တရက်နာရီတစ်ခုဖြစ်လာခဲ့ပြီး၊ သဲထဲတွင် ရှိနေခဲ့သည်ဟု အသင်လက်ခံနိုင်မည် မဟုတ်ပါ။ မုချဤနာရီကို ပြုလုပ် ဖန်တီးသောသူရှိရမည်။ သို့သာမက ဤနာရီကို ပြုလုပ် ဖန်တီးရခြင်း၏ရည်ရွယ်ချက်မှာ တိကျသောအချိန်ကို အသိပေးရန်ဖြစ်သည်။ ထို့ကြောင့် နာရီပြုလုပ် ဖန်တီးသောသူသည် ပညာရှင်တစ်ယောက်ဖြစ်ရမည်။ သဘာဝ၏တိုက်ဆိုင်မှုသည် တိကျပြီး စနစ်တကျအလုပ်လုပ်သောနာရီတစ်လုံးကို မထုတ်လုပ်နိုင်ပါ။

ကမ္ဘာဂြိုလ်ကိုကြည့်လျှင်၊ နေကိုပတ်၍ လှည့်ပတ်နေသောကမ္ဘာမြေ၏လှည့်ပတ်မှုစနစ်သည် အလွန်တိကျသောအချိန်ဖြင့် သတ်မှတ်ထားသည်ကိုတွေ့ရသည်။ ထိုတိကျသောစနစ်သည် သိပ္ပံပညာရှင်များအတွက် နေထွက်ချိန်နှင့် နေဝင်ချိန်တို့ကို ကြိုတင်ဆုံးဖြတ်စေနိုင်ခဲ့သည်။

နာရီတစ်လုံးဖြစ်ပေါ်ရန် အချိန်ကို တိကျစွာ သိရှိပြီး ပြုလုပ်သောသူတစ်ယောက် ရှိရမည်။ ထိုကဲ့သို့ပင် ပထဝီမြေသည်လည်း နေကိုပတ်၍ တိကျစွာလှည့်ပတ်သောအချိန်များကို သိရှိသောဖန်ဆင်းရှင် ရှိရမည်။ ၎င်းသည် မိမိဘာသာဖြစ်ပေါ် နိုင်ပါသလား?။

အလားတူပင်၊ ကျွန်ုပ်တော်တို့နှင့် ကမ္ဘာကြီးတစ်ခုလုံး၏မိုးကုတ်စက်ဝိုင်းတွင်ရှိသော အလွန်တိကျသည့်စနစ်များနှင့် နိယာမများကို ကြည့်သောအခါ၊ ဤစကြဝဠာကို စနစ်တကျဖြစ်အောင် စီမံခန့်ခွဲသောသူရှိရမည်ဟု သိရှိနိုင်သည် မဟုတ်ပါသလား?။ ဤစီမံခန့်ခွဲသူနှင့်ပတ်သက်၍ အကောင်းဆုံးသောဖွင့်ဆိုချက်မှာ ဤစကြဝဠာကို ဖန်ဆင်းရန်နှင့် စနစ်တကျစီမံခန့်ခွဲရန် စွမ်းဆောင်နိုင်သော တစ်ပါးတည်းကိုးကွယ်ရှင်တည်ရှိခြင်းပင် ဖြစ်ပါသည်။

## ၂- စကြဝဠာဖြစ်ပေါ်လာပုံ။

စကြဝဠာကြီးမှာ ကျယ်ပြန့်နေသည်ကို ရှာဖွေတွေ့ရှိမှုအပေါ် အခြေခံကာ ဤစကြဝဠာသည် အစရှိသည်ဟု ခေတ်သစ်သိပ္ပံပညာက ကောက်ချက်ချပါသည်။ အကယ်၍ အချိန်ကာလသည် ကျွန်ုပ်တော်တို့ကို အနောက်သို့ ပြန်လည်ဆွဲခေါ်သွားလျှင်၊ စကြဝဠာမှာ ၎င်းစတင်ခဲ့သောနေရာသို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

စကြဝဠာ၏ဖြစ်ပေါ်လာပုံကို ဖွင့်ဆိုရန် အချက် (၃) ချက်ရှိသည်။ ၎င်းတို့မှာ-

၁- စကြဝဠာသည် မရှိသောအရာမှ ဖြစ်ပေါ်လာသည်၊

၂- စကြဝဠာသည် မိမိကိုမိမိ ဖန်ဆင်းခဲ့သည်၊

၃- စကြဝဠာသည် အဖန်ဆင်းခံဖြစ်သည်။

ဒုတိယဖွင့်ဆိုချက်မှာ ရိုးရှင်းသောယုတ္တိဗေဒက ကျွန်ုပ်တော်တို့ကို အသိပေးသည်မှာ- အရာတစ်ခုသည် တည်ရှိခြင်း မရှိမီအလျှင်၊ အခြားအရာတစ်ခုကို မလုပ်ဆောင်နိုင်ပါ။

တတိယဖွင့်ဆိုချက်ကသာ စကြဝဠာ၏ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်သောရှင်းလင်းချက်ဖြစ်သည်။ ဤစကြဝဠာကို ဖန်ဆင်း၊ စီမံခန့်ခွဲသောဖန်ဆင်းရှင်၊ တန်ခိုးတော်ရှင်၊ ဉာဏ်တော်ရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်တစ်ပါးရှိရမည်ပင် ဖြစ်သည်။

အလ္လာဟ့်အရှင်မြတ်ကို မည်သူဖန်ဆင်းခဲ့ပါသလဲဟု လူအချို့က တွေးပါလိမ့်မည်။

စင်စစ် ဖန်ဆင်းရှင်သည် အဖန်ဆင်းခံများနှင့် ကွဲပြားပါသည်။ အကယ်၍ ဖန်ဆင်းရှင်သည် အဖန်ဆင်းခံဖြစ်လျှင်၊ ဖန်ဆင်းသောအရှင် လိုအပ်မည်ဖြစ်၍၊ အဆုံးမရှိသောဖန်ဆင်းရှင်များ၏ကွင်းဆက်တစ်ခုဆီသို့ ဦးတည်သွားပါမည်။ ဤအချက်မှာ မဖြစ်နိုင်ပါ။

ဖန်ဆင်းရှင်သည် ဤစကြဝဠာအတွက် ကန့်သတ်ထားသောအချိန်ကာလနှင့် နေရာ၏ပြင်ပတွင် အမြဲတစေတည်ရှိတော်မူသည်။ အစမရှိသော မူရင်းပထမအရှင်နှင့် အဆုံးမရှိသော နောက်ဆုံးအရှင် ဖြစ်တော်မူသည်။ ထို့ကြောင့် ဖန်ဆင်းရှင်ကို ဖန်ဆင်းသောအရှင်နှင့်ပတ်သက်၍ မေးသောမေးခွန်းသည် ဆင်ခြင်တုံတရားမဲ့ပြီး၊ ယုတ္တိလည်း မရှိပါ။

> လူသားတို့၏အတွေးအကြံအရ အစရှိသောအရာများသည် မရှိသောအရာမှ ဖြစ်ပေါ်လာခြင်းမှာ မဖြစ်နိုင်ဟု ပြသနေပါသည်။

CONTENTS





## ၃- အလ္လာဟုအရှင်မြတ်ထံတော်မှ ပို့ချသောဗျာဒိတ်တော်။

"အိစ်လားမ်" သာသနာတော်၏ကျမ်းမြတ်ဖြစ်သော "ကုရ်အာန်" ကျမ်းမှာ အလ္လာဟုအရှင်မြတ်၏အမိန့်တော်ဖြစ်ကြောင်း ညွှန်ပြသော ထင်ရှားသည့် သက်သေအထောက်အထားများ ရှိပါသည်။

> အကယ်၍ အလ္လာဟုအရှင်မြတ်သည် လူသားများအတွက် တရားလမ်းမှန်ရရန် ကျမ်းတစ်စောင်ကို ပို့ချတော်မူခဲ့လျှင်၊ ထိုကျမ်းသည် အလ္လာဟုအရှင်မြတ်၏ တည်ရှိတော်မူခြင်းကို ညွှန်ပြသော ထင်ရှားသည့် သက်သေအထောက်အထားများ ပါရှိရမည်။

ဤအချက်ကိုပံ့ပိုးသောအကြောင်းရင်းများ၏အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- "ကုရ်အာန်" ကျမ်းမြတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ကျော်ကပင် ပို့ချခြင်းခံခဲ့ရပြီး၊ ထိုချိန်တွင် လူသားများ မသိခဲ့ကြသော သိပ္ပံဆိုင်ရာအချက်အလက်များစွာ လွှမ်းခြုံပါဝင်ပါသည်။ ထိုအချက်အလက်များကို သိပ္ပံပညာမှတဆင့် မကြာသေးမီကမှ ရှာဖွေတွေ့ရှိခဲ့သည်။ ဥပမာအချို့မှာ- ရေသည် သက်ရှိသတ္တဝါအားလုံး၏မူလအစဖြစ်သည်။ (ကုရ်အာန်၊ ကဏ္ဍ ၂၁၊ ၃၀)။ စကြဝဠာသည် ကျယ်ပြန့်လျက်ရှိသည်။ (ကုရ်အာန်၊ ကဏ္ဍ ၅၁၊ ၄၇)။ နေနှင့် လတို့သည် မိမိ၏ပတ်လမ်းတွင် သီးခြားစီလှည့်ပတ်နေသည် (ကုရ်အာန်၊ ကဏ္ဍ ၂၁၊ ၃၃)။
- "ကုရ်အာန်" ကျမ်းမြတ်တွင် ကျရောက်ခဲ့သောအချိန်က လူသားတို့မသိခဲ့ကြသော သမိုင်းဆိုင်ရာအချက်အလက်များစွာ လွှမ်းခြုံပါဝင်သည်။ နောက်ပိုင်းမှ ထိုအချက်အလက်များမှာ မှန်ကန်ကြောင်း သက်သေပြနိုင်ခဲ့သည်။
- "ကုရ်အာန်" ကျမ်းမြတ်သည် အမှားအယွင်းသို့မဟုတ် ကွဲလွဲမှုများမှ ကင်းစင်ပါသည်။
- "ကုရ်အာန်" ကျမ်းမြတ်သည် မူရင်းပုံစံအဖြစ် မရှိတော့သည့် အခြားကျမ်းများကဲ့သို့မဟုတ်ဘဲ၊ ကျရောက်လာခဲ့ချိန်မှစ၍ ယခုထိတိုင် မူရင်းဘာသာစကားဖြစ်သော အာရဗီစကားဖြင့် စကားလုံးတိုင်း၊ စကားလုံးတိုင်းကို ထိန်းသိမ်းခြင်းခံထားရသည်။
- "ကုရ်အာန်" ကျမ်းမြတ်တွင် ထင်ရှားပြီး၊ သန့်ရှင်း၍ စကြဝဠာဆိုင်ရာအမိန့်တော်များ လွှမ်းခြုံပါဝင်နေသည်။ တုပနိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟုအရှင်မြတ်နှင့်ပတ်သက်၍ တွေးခေါ်မှုနှင့် ယုံကြည်မှုများကို ရှင်းလင်းတင်ပြပေးသည်။
- "ကုရ်အာန်" ကျမ်းမြတ်သည် စာပေမတတ်မြောက်သော "မုဟမ္မဒ်" အပေါ်သို့ ကျရောက်ခဲ့သည်။ သို့သော် ဤကျမ်းသည် တစ်မူထူးခြားသောဘာသာစကား၏ အသုံးပြုပုံများ လွှမ်းခြုံပါဝင်သည်သာမက အာရဗီစာပေ၏အထွတ်အထိပ်အာဝဇ္ဇန်းမြောက်ခြင်းနှင့် စာပေအလှတရားဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ကျော်ကြားသည်။

> "ကုရ်အာန်" ကျမ်းမြတ်၏ တစ်မူထူးခြားပြီး အံ့ဖွယ်ရာအချက်များအတွက် ယုတ္တိအရှိဆုံး ဖွင့်ဆိုချက်မှာ ဤကျမ်းသည် အလ္လာဟုအရှင်မြတ်ထံတော်မှ ဖြစ်သည်ဟုပင် ဖြစ်သည်။

## မည်သူသည် ကိုးကွယ်ရာအရှင် ဖြစ်သနည်း?။

"အလ္လာဟု" သည် စစ်မှန်ပြီး၊ တစ်ပါးတည်းခဝပ်ကိုးကွယ်ခံထိုက်သောအရှင်၏ နာမည်တော်ဖြစ်သည်။ ဤ "အလ္လာဟု" နာမည်တော်ကို အခြားမည်သည့်အရာကိုမျှ မခေါ် နိုင်ပါ။ ဤအခေါ်အဝေါ်သည် အများကိန်းသို့မဟုတ် အမကိန်းမရှိပါ။ အင်္ဂလိပ်ဘာသာတွင်ခေါ်ဆိုသော "God" နှင့်မတူပါ။ "God" စကားလုံးမှာမူ (gods) သို့မဟုတ် (goddess) အများကိန်းသို့မဟုတ် အမကိန်းရှိသည်။

"အိစ်လားမ်" သည် လုပသောသာသနာဖြစ်ပြီး၊ ၎င်း၏ အလှပဆုံးမှာ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏ပြီးပြည့်စုံသော ဂုဏ်ရည်များ၊ အရှင်မြတ်၏ ကြီးကျယ်မှုနှင့် အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူကြောင်းကို အတည်ပြုယုံကြည်ခြင်းပင် ဖြစ်သည်။ ဤယုံကြည်မှုသည် အလ္လာဟုအရှင်မြတ်အပြင်၊ အရှင်မြတ်၏ဂုဏ်ရည်တော်များနှင့် နာမည်တော်များနှင့်ပတ်သက်သော သွန်သင်မှုများတွင် ပေါ်လွင်စွာ ထင်ဟပ်နေပါသည်။

> ﴾အသင်တို့၏ကိုးကွယ်ခံထိုက်တော်မူသောအရှင်သည် တစ်ပါးတည်းသောအရှင်ဖြစ်သည်။ ထိုအရှင်မြတ်မှလွဲ၍ အခြားမည်သည့်ခဝပ်ကိုးကွယ်ခံထိုက်သောအရှင်လုံးဝမရှိပေ﴿။
> "ကုရ်အာန်" ကျမ်း၊ ၂ / ၁၆၃


CONTENTS











## မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် တစ်ပါးတည်းဖြစ်သည်။

- မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် မည်သည့်တုပနိူင်းယှဉ်ကိုးကွယ်သူ၊ မည်သည့်တန်းတူသောသူ၊ မည်သည့်ဆန့်ကျင်ဘက်မျှ မရှိပါ။
- မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် ဖခင်မရှိ၊ မိခင်မရှိ၊ သားသမီးမရှိ၊ ဇနီးမိန်းမမရှိပါ။
- မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်တစ်ပါးတည်းသည်သာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအရှင်ဖြစ်သည်။
- အကယ်၍သာ ကိုးကွယ်ရာအရှင်သည် တစ်ပါးထက်မကရှိလျှင်၊ အခြားကိုးကွယ်ရာများနှင့် ဆန့်ကျင်မှုသို့မဟုတ် ပြိုင်ဆိုင်မှု မုချဖြစ်မည်ဖြစ်ပြီး၊ ထိုကိုးကွယ်ရာများ၏ဩဇာအာဏာနှင့် တန်ခိုးကို ချို့တဲ့စေမည်ဖြစ်သည်။

## မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် အကြွင်းမဲ့စွမ်းဆောင်နိုင်သောအရှင်ဖြစ်သည်။

- တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏လက်တော်တွင် အရာရာအားလုံး၏ ဇက်ကြိုးရှိလေသည်။ အရှင်မြတ်သည် အရာရာအားလုံးကို အကြွင်းမဲ့စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်သည်။
- အရာရာအားလုံးသည် တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏လက်တော်တွင် ရှိနေပြီး၊ အရှင်မြတ်သည်သာ တရားလမ်းမှန်နှင့် စာနပ်ရိက္ခာသို့ လမ်းညွှန်ပြသတော်မူသည်။
- အမိန့်နာခံသူ၏အမိန့်နာခံခြင်းသည် တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်အား မည်သည့်ကောင်းကျိုးမျှ မဖြစ်ထွန်းစေသည်သာမက၊ အမိန့်ဖီဆန်သူ၏ဖီဆန်ခြင်းသည်လည်း အရှင်မြတ်အား မည်သည့်ဆိုးကျိုးမျှ မသက်ရောက်စေနိုင်ပါ။

## မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် အမြင့်မားဆုံး ဖြစ်တော်မူသည်။

- မည်သည့်အရာမျှ တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်ထက် မြင့်သည်မရှိ၊ မည်သည့်အရာမျှလည်း အရှင်မြတ်နှင့် နှိုင်းယှဉ်နိုင်သည်ဟူ၍ မရှိပါ။
- တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏ဂုဏ်ရည်များသည် အဖန်ဆင်းခံများ၏အချင်းလက္ခဏာများနှင့် မတူပါ။
- တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်၌မျှ မရှိသည့်အပြင် မည်သည့်အရာ၌မျှလည်း မရှိပါ။
- တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် ပြီးပြည့်စုံသောဂုဏ်ရည်များရှိတော်မူသည်။ လူသား၏ချည့်နဲ့ခြင်းနှင့် ကန့်သတ်ချက်များသည် အရှင်မြတ်နှင့် သက်ဆိုင်ခြင်းမရှိပါ။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို (၆) ရက်အတွင်း ဖန်ဆင်းတော်မူခဲ့ပြီးနောက် (၇) ရက်မြောက်နေ့တွင် အနားယူခဲ့သည်ဟု အခြားသာသနာအချို့တွင် စွပ်စွဲပြောဆိုသကဲ့သို့ မဟုတ်ပါ။

## မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် တရားမျှတ၍ ကြင်နာတော်မူသောအရှင် ဖြစ်သည်။

- အလ္လာဟုအရှင်မြတ်သည် အပြစ်များကို ခွင့်လွှတ်တော် မူရန် မိမိကိုယ်ကိုမိမိ ပေးဆပ်ခြင်းကို မလိုအပ်ပါ။ အကြောင်းမှာ မည်သည့်လူသားကမျှ သူမကျူးလွန်ခဲ့သောပြစ်မှုဖြင့် မွေးဖွားလာသည်ဟူ၍ မရှိသောကြောင့် ဖြစ်သည်။
- တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် လူတိုင်းကို သူ၏လုပ်ရပ်နှင့်ပတ်သက်၍သာ စစ်ဆေးမေးမြန်းတော်မူမည်။ လူတိုင်းသည် သူပြုလုပ်ခဲ့သည်ကိုသာ တာဝန်ယူရမည် ဖြစ်သည်။
- လူသားများသည် တုပနိူင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူပြီး၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်ကိုယုံကြည်ခြင်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဖြင့်သာ အရှင်မြတ်၏ နှစ်သက်မှုကို ရရှိနိုင်ပြီး၊ အမျိုးသား၊ အမျိုးသမီးဖြစ်ခြင်းကြောင့်၊ သို့မဟုတ် လူတန်းစား သို့မဟုတ် ကြွယ်ဝချမ်းသာမှုကြောင့် မဟုတ်ပါ။

CONTENTS



# ယေရှု၏သဘာဝ။

ခရစ်ယာန်ဘာသာဝင်အများစုတို့သည် ယေရှုမှာ ကိုးကွယ်ရာအရှင်ဖြစ်သည်၊ သို့မဟုတ် သုံးဆူ တစ်ဆူဖြစ်သည်၊ ကိုးကွယ်ရာအရှင်က ယေရှု၏ခန္ဓာကိုယ်၌ ရှိနေပြီး ပထဝီတွင် ရောက်ရှိလာသည်၊ အလ္လာဟ့်အရှင်မြတ်သည် လူသား၏ပုံပန်းသဏ္ဍာန်ဖြင့် ရောက်ရှိလာသည်ဟု ယုံကြည်ကြသည်။ သို့သော် ခရစ်ယာန်ဘာသာဝင်၏ကျမ်းစာအရ ယေရှုသည် မွေးဖွားခြင်းခံခဲ့ရသည်၊ စားသည်၊ သောက်သည်၊ အိပ်စက်သည်၊ ဝတ်ပြုဆုတောင်းသည်၊ ယေရှုသည် အရာအားလုံးကိုလွှမ်းခြုံစွာ သိရှိသောအသိတရား မရှိပါ။ ဤအချင်းလက္ခဏာများသည် အလ္လာဟ့်အရှင်မြတ်နှင့် မအပ်စပ်ပါ။

> "အိစ်လားမ်" တွင် ကိုးကွယ်ရာအရှင်၏အဓိပ္ပာယ်ကို ရှင်းလင်းရန် ကြိုးစားသောအခါ၊ ယေရှု၏သဘာဝကိုနားလည်ရန် အရေးကြီးပါသည်။ ယေရှု၏သဘာဝနှင့်ပတ်သက်၍ ကျယ်ပြန့်သောရှုတ်ထွေးမှုများ ရှိနေသောကြောင့် ဖြစ်သည်။

အလ္လာဟ့်အရှင်မြတ်သည် ပြီးပြည့်စုံသောဂုဏ်ရည်များရှိသောအရှင်ဖြစ်သည်။ သို့သော် လူသားမှာမူ ဆန့်ကျင်ဘက်ဖြစ်သည်။ ဆန့်ကျင်ဘက်နှစ်ခုသည် တစ်ချိန်တည်းတွင် အရာတစ်ခု၌ မည်ကဲ့သို့ဖြစ်နိုင်မည်နည်း?။ ဤသည် ယုတ္တိမရှိသောကိစ္စသာ ဖြစ်သည်။ သို့သော် အချို့က "အလ္လာဟ့်အရှင်မြတ်သည် အရာရာအားလုံးကို စွမ်းဆောင်နိုင်တော်မူလျှင်၊ အဘယ်ကြောင့် လူသားတစ်ဦး မဖြစ်သနည်း? ဟု မေးကြသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကိုးကွယ်ရာအရှင်ဆိုသည်မှာ ကိုးကွယ်ရာအရှင်နှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ရပ်များကို လုပ်ဆောင်ခြင်း မရှိပါ။ ထို့ကြောင့် အကယ်၍ ကိုးကွယ်ရာအရှင်က လူသားတစ်ဦးဖြစ်ပြီး၊ လူသား၏သွင်ပြင်လက္ခဏာများရှိလျှင်၊ ထိုသူသည် ကိုးကွယ်ရာအရှင် မဖြစ်နိုင်တော့ပါ။ သို့သာမက ခရစ်ယာန်ဘာသာဝင်များ၏သမ္မာကျမ်းတွင် ယေရှုမှာ အလ္လာဟ့်အရှင်မြတ်၏ကျေးကျွန်တစ်ဦးဖြစ်ကြောင်းနှင့် အလ္လာဟ့်အရှင်မြတ်သည် ယေရှုနှင့်ကင်းကွာတော်မူနေပြီး၊ သီးခြားဖြစ်သည်ကို အခန်းငယ်များစွာတွင် ဖော်ပြထားသည်။ ဥပမာဆိုရသော်- ယောဟန်ခရစ်ဝင်ကျမ်းတွင် ဖော်ပြထားသည်မှာ- "သို့သော် ယခုမှာမူ ကျွန်တော့်ကို သတ်ဖြတ်ရန် အသင်တို့တောင်းဆိုကြသည်။ ကျွန်တော်သည် အလ္လာဟ့်အရှင်မြတ်ထံတော်မှ ကြားခဲ့ရသောအမှန်တရားကို အသင်တို့အား ဟောကြားပေးသော လူသား ဖြစ်သည်"။

"ယေရှုသည် အလ္လာဟ့်အရှင်မြတ်၏သားတော်ဖြစ်သည်ဟု ခရစ်ယာန်အများစုက ယုံကြည်ကြသည်"၊ ကျွန်တော်တို့သည် မိမိကိုယ်ကိုမိမိ မေးရမည်မှာ- ဤပြောဆိုမှုသည် မည်ကဲ့သို့သောအဓိပ္ပာယ်ကို ဆိုလိုပါသနည်း?။ မြင့်မြတ်တော်မူသောအလ္လာဟ့်အရှင်မြတ်အတွက် သားတစ်ဦးရှိခြင်းမှ ကင်းစင်တော်မူပါသည်။ သို့သော် ကျွန်တော်တို့သည် "အလ္လာဟ့်အရှင်မြတ်၏သားတော်" ဟူသောအခေါ်အဝေါ်ကို ရှေးသမ္မာကျမ်းစာများတွင် "ကျေးကျွန်သူတော်ကောင်းများ" ကို ဖော်ကျူးသောအသုံးအနှုန်းဖြစ်သည်ကို တွေ့ရှိရသည်။ ဓမ္မဟောင်းကျမ်း၏ အခန်းငယ်များစွာတွင် တမန်တော် "ဒါဝူးဒ်"၊ "စုလိုင်းမားန်" နှင့် "အိစ်ရေးအင်းလ်" ကဲ့သို့သော သူတော်ကောင်းများအတွက် ခေါ်ဆိုသောအသုံးအနှုန်းအဖြစ် ဖော်ပြထားသည်။ ဤအခေါ်အဝေါ်သည် ယေရှုတစ်ဦးတည်းကိုသာ ကန့်သတ်ထားသည် မဟုတ်ပါ။

> ﴾အလ္လာဟ့်အရှင်မြတ်အတွက် သားသမီး တစ်စုံတစ်ယောက် သတ်မှတ်ပြုလုပ်ခြင်းခြင်းသည် အရှင်မြတ်နှင့် လုံးဝမအပ်စပ်ပေ၊ အရှင်မြတ်သည် သားသမီးရှိခြင်းမှ ကင်းစင်သန့်ရှင်းတော်မူသည်﴿။
>
> **"ကုရ်အာန်" ကျမ်း၊ ၁၉ / ၃၅**

ဥပမာ- "အိစ်ရေးအင်းလ်" သည် ကျွန်တော်၏ပထမသားဦးဖြစ်သည်။ (ထွက်မြောက်ရာကျမ်း ၄း၂၂)။ "အိစ်လားမ်" ၏ယုံကြည်မှုသည် မည်သူက စစ်မှန်သောယေရှုဖြစ်သည်နှင့် ပတ်သက်၍ တုပနှိုင်းယှဉ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူသောအလ္လာဟ့်အရှင်မြတ်၏ကြီးကျယ်မှု၊ တစ်ပါးတည်းခဝပ်ကိုးကွယ်ခံထိုက်မှု၊ ပြီးပြည့်စုံမှုကို ထိန်းသိမ်းခြင်းနှင့်အတူ ရှင်းလင်းတင်ပြထားသည်။ ယေရှုသည် အလ္လာဟ့်အရှင်မြတ်စေလွှတ်တော်မူခဲ့သော မြင့်မြတ်သည့်တမန်တော်တစ်ဦးဖြစ်ခဲ့ပြီး၊ အလ္လာဟ့်အရှင်မြတ် တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန် ဖိတ်ခေါ် ခဲ့သည်။

## အလ္လာဟ့်အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူသည်။

﴾အသင်တို့သည် အလ္လာဟ့်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ကြ၊ မည်သည့်တစ်စုံတစ်ရာကိုမျှ အရှင်မြတ်နှင့်အတူ တုပနှိုင်းယှဉ်ခြင်းမပြုကြနှင့်﴿။ ("ကုရ်အာန်" ကျမ်း၊ ၄ / ၃၆)

CONTENTS





ကျွန်တော်တို့သည် လုပ်ရပ်များအားလုံးကို တုပနိုင်းယှဉ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူ၍ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်အတွက်သာ ပြုလုပ်ရမည်ဟု “အိစ်လားမ်” က အလေးထားသွန်သင်ပေးသည်။ အရှင်မြတ်မှလွဲ၍ ရုပ်တုဆင်းတုများ၊ သင်္ချိုင်းများ၊ နေ၊ လ၊ တိရစ္ဆာန်များ၊ တမန်တော်များ၊ သူတော်စင်များ၊ ကောင်းကင်တမန်များ၊ ဆရာကြီးများ၊ ပညာရှင်များ၊ မည်သည့်အရာကမျှ ခဝပ်ကိုးကွယ်ခြင်းကို မခံထိုက်ပါ။။

ဤအရာများအားလုံးသည် အဖန်ဆင်းခံများနှင့် အကန့်အသတ်ရှိသောသူများ ဖြစ်ကြသည်။ ချည့်နဲ့ခြင်းနှင့် မကင်းကြပါ။ တုပနိုင်းယှဉ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူ၍ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်တစ်ပါးတည်းသာ ပြီးပြည့်စုံတော်မူလေသည်၊

## မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် မည်သည့်ကြားခံသူမျှ မလိုအပ်ဘဲ ခဝပ်ကိုးကွယ်ခံထိုက်တော်မူသည်။

မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် မည်သည့်တွဲဖက် သို့မဟုတ် မည်သည့်ကြားခံမျှ မလိုအပ်ပါ။ အလ္လာဟုအရှင်မြတ်နှင့် လူသားများအားလုံး၏ကြားတွင် လမ်းဖွင့်ထားသည်။ လူသားတို့သည် အလ္လာဟုအရှင်မြတ်စီရင်၊ မိန့်ကြားတော်မူသည့်အတိုင်း အရှင်မြတ်တစ်ပါးတည်းကို ခဝပ်ကိုးကွယ်နိုင်ကြသည်။ အရှင်မြတ်သည် အရှင်မြတ်ကို ချီးမွမ်းသူ၊ ဆုတောင်းသူ၊ ခဝပ်ကိုးကွယ်သူ၊ မျှော်ကိုးသူအားလုံးတို့ကို ကြားတော်မူသည်။

သို့သော် ရုပ်တုဆင်းတုများနှင့် ကြားခံများမှတဆင့် အလ္လာဟုအရှင်မြတ်ကို ကိုးကွယ်ခြင်းမှာမူ အလ္လာဟုအရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်ခြင်း၏ မဏ္ဍိုင်များကို ဖျက်ဆီးပစ်လေသည်။

## တမန်တော်အားလုံးသည် အလ္လာဟုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရန် ဖိတ်ခေါ်ခဲ့ကြသည်။

﴾စင်စစ် ငါအရှင်မြတ်သည် လူထုတိုင်းတွင် တမန်တော်တစ်ဦးစီကို စေလွှတ်တော်မူခဲ့ပြီး၊ အလ္လာဟုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရန်နှင့် (မည်သည့်အဖန်ဆင်းခံ)မိစ္ဆာကိုမျှ ကိုးကွယ်မှုမပြုရန် အမိန့်ပေးစေတော်မူခဲ့သည်﴿။ (“ကုရ်အာန်” ကျမ်း၊ ၁၆ / ၃၆)

“မုစ်လင်မ်” တို့သည် တမန်တော် “အားဒမ်”၊ “နူးဟ်”၊ “အိဗ်ရောဟီးမ်”၊ “မူးစား”၊ “အီးစား” နှင့် “မုဟမ္မဒ်” ကဲ့သို့ တမန်တော်များအားလုံးကို ယုံကြည်ကြသည်။ အလ္လာဟုအရှင်မြတ်သည် တမန်တော်အားလုံးကို တစ်ခုတည်းသောအမိန့်တော်ဖြင့် စေလွှတ်တော်မူခဲ့သည်။ ထိုအမိန့်တော်မှာ- “အသင်တို့သည် အလ္လာဟုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြ၊ အရှင်မြတ်မှလွဲ၍ အသင်တို့အတွက် မည်သည့်ကိုးကွယ်ရှင်မျှ မရှိပေ”။

## အသက်ရှင်သန်ခြင်း၏ရည်ရွယ်ချက်မှာ အလ္လာဟုအရှင်မြတ်ကို ခဝပ်ကိုးကွယ်ရန် ဖြစ်သည်။

ဤဘဝတွင် ကျွန်တော်တို့၏တည်ရှိခြင်းမှာ အလ္လာဟုအရှင်မြတ်ကို ခဝပ်ကိုးကွယ်ရန် ဖြစ်သည်။ အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူကြောင်းနှင့် အရှင်မြတ်သည်သာ ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်ကြောင်းကို အတည်ပြုယုံကြည်ခြင်း ဖြစ်သည်။ အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်နှင့် အရှင်မြတ်၏နှစ်သက်မှုကို ရှာဖွေရန် ဖြစ်သည်။ “အိစ်လားမ်” တွင် ခဝပ်ကိုးကွယ်ခြင်း၏အဓိပ္ပာယ်သည် ဝတ်ပြုခြင်း၊ ဥပုသ်စောင့်ထိန်းခြင်းကဲ့သို့ တရားတော်လုပ်ဆောင်ချက်များကိုသာ လွှမ်းခြုံသည်မက အလ္လာဟုအရှင်မြတ်နှစ်သက်တော်မူသော သူတော်စင်များ၏အကျင့်သီလများ၊ အမိန့်နာခံသူများ၏လုပ်ရပ်များ၊ ကောင်းမှုကျင့်ကြံသူများ၏သည်းခံခြင်းနှင့် ဆင်းရဲသားများ၊ ငတ်မွတ်သောသူများကို ကောင်းမှုပြုခြင်းတို့လည်း လွှမ်းခြုံပါဝင်ပါသည်။

နိဂုံးချုပ်အနေဖြင့်၊ “အိစ်လားမ်” ၏အခြေခံသည် အရာရာအားလုံးကို ဖန်ဆင်းမွေးမြူတော်မူသော၊ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခံထိုက်သည်ဟုယုံကြည်၍၊ အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။ အရှင်မြတ်သည် ပြီးပြည့်စုံသောဂုဏ်ရည်တော်များရှိသည်။ ဤကဲ့သို့ယုံကြည်ပြုလုပ်ခြင်းတွင် ဤလောကီဘဝနှင့် နောင်လောကုတ္တရာဘဝတို့၌ ကျွန်တော်တို့၏အောင်မြင်မှုရှိလေသည်။

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com info@islamicic.com +971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS



# “ကုရ်အာန်” ကျမ်း

| BURMESE | (05/10) | القرآن | FREE COPY |
|---|---|---|---|

## လူသားထုအတွက် နောက်ဆုံးဗျာဒိတ်တော်
## အခြေခံအချက်များကို လေ့လာခြင်း




جمعية دار البر
Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center
للتعريف بالإسلام

تصريح رقم:
(2017/139)

دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department

www.islamicic.com

CONTENTS





# “ကုရ်အာန်” ကျမ်းသည် မည်သည့်ကျမ်းဖြစ်သနည်း?

## အလ္လောဟုအရှင်မြတ်၏အမိန့်တော်

“ကုရ်အာန်” ကျမ်းမြတ်သည် မြင့်မြတ်တော်မူသောအလ္လောဟုအရှင်မြတ်၏အမိန့်တော်ဖြစ်သည်။ အလ္လောဟုအရှင်မြတ်က ကောင်းကင်တမန် “ဂျိဗ်ရီးလ်” အား စေလွှတ်တော်မူပြီး၊ တမန်တော် “မုဟမ္မဒ်” အပေါ်သို့ ပို့ချပေးသောကျမ်း ဖြစ်သည်။

**﴿“ကုရ်အာန်” ကျမ်းမြတ်ပို့ချခြင်းမှာ တန်ခိုးတော်လွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်တော်ပြည့်စုံတော်မူသောအလ္လောဟုအရှင်မြတ်ထံတော်မှ ဖြစ်သည်﴾။**

**“ကုရ်အာန်” ကျမ်း၊ ၃၉-၁**

## လူသားထုကို တရားလမ်းမှန်ပြသခြင်း

**﴿“ကုရ်အာန်” ကျမ်းမြတ်အားပို့ချရခြင်းမှာ- လူသားများအား အမှန်တရားဘက်သို့ လမ်းမှန်ပြရန် ဖြစ်သည်၊ အလ္လောဟုအရှင်မြတ်၏တရားလမ်းမှန်ကိုညွှန်ပြသော အထင်ရှားဆုံးသက်သေလက္ခဏာများ၊ အမှန်တရားနှင့် အမှားတို့ကိုခွဲခြားပေးသောအရာလည်းပါရှိသည်﴾။**

**“ကုရ်အာန်” ကျမ်း၊ ၂-၁၈၅**

“ကုရ်အာန်” ကျမ်းမြတ်သည် အမှားနှင့် အမှန် ခွဲခြား၊ ဆုံးဖြတ်နိုင်ရန်အတွက် လူသားများကို လမ်းညွှန်ပြသသော အခြေခံအရင်းအမြစ် ဖြစ်သည်။ လူသားသည် ဤအခြေခံအရင်းအမြစ်မရှိလျှင်၊ မလွဲမသွေ လမ်းမှားများတွင် ပျက်ဆီး ဆုံးရှုံးလိမ့်မည်။

## နောက်ဆုံးဗျာဒိတ်တော်

“ကုရ်အာန်” ကျမ်းမြတ်သည် အလ္လောဟုအရှင်မြတ်မှ ချပေးတော်မူခဲ့သော နောက်ဆုံးကျမ်းဖြစ်၍၊ ရှေးယခင်က ကျရောက်ခဲ့သော ကျမ်းမြတ်များ၏အစိတ်အပိုင်းများအနက်မှ အနည်းငယ်သာ ကျန်ရှိနေသောအမှန်တရားကို အတည်ပြု၊ ထောက်ခံပေးသည်။ ထို့ပြင် ယခုလက်ရှိကာလတွင် ရှိနေသောဓမ္မကျမ်းများ၌ ထည့်သွင်းခြင်းခံခဲ့ရသော လိမ်လည်ကြံစည်မှုများနှင့် ထပ်တိုးများကိုလည်း ချေပ၊ ပြင်ဆင်ပေးသည်။

**﴿အို ကျမ်းရခဲ့သူအပေါင်းတို့၊ အသင်တို့ထံတွင်ရှိသောကျမ်းများကို မှန်ကန်ကြောင်းထောက်ခံပေးသောကျမ်းအဖြစ် ငါအရှင်မြတ်ပို့ချပေးတော်မူသော “ကုရ်အာန်” ကျမ်းကို ယုံကြည်ကြ﴾။**

**(“ကုရ်အာန်” ကျမ်း၊ ၄-၄၇)**

# “ကုရ်အာန်” ကျမ်းသည် မည်ကဲ့သို့ကျရောက်ခဲ့သနည်း?

“ကုရ်အာန်” ကျမ်းမြတ်သည် တမန်တော် “မုဟမ္မဒ်” အပေါ်သို့ ထုတ်ပြန်ပို့ချခြင်းခံခဲ့ရသည့်ပြင်၊ အာရဗီဘာသာစကားဖြင့် ကျရောက်ခဲ့သည့်အတိုင်း တည်ရှိနေပါသည်။ ထို့အတူ “ကုရ်အာန်” ကျမ်းမြတ်၏အဓိပ္ပာယ်ကို ဘာသာပြန်ဆိုချက်များမှာမူ ဘာသာစကားများစွာဖြင့် ရှိနေပါသည်။

“ကုရ်အာန်” ကျမ်းမြတ်သည် တစ်ကြိမ်တည်းဖြင့် ကျရောက်ခဲ့ခြင်း မဟုတ်ဘဲ၊ ၂၃ နှစ်တိုင်တိုင် ကြာမြင့်ခဲ့သည်။

ဤအတွက်ကြောင့် “ကုရ်အာန်” ကျမ်းမြတ်ကို မှန်ကန်စွာ နားလည်သဘောပေါက်နိုင်ရန် “ကုရ်အာန်” ကျမ်းမြတ်ကျရောက်ခဲ့သော အခြေအနေများကိုသိရှိရန် မဖြစ်မနေ လိုအပ်ပါသည်။ ထိုသို့မဟုတ်ပါက ဤကျမ်းမြတ်၏ဆုံးမသွန်သင်မှုများနှင့်ပတ်သက်၍ နားလည်မှုသည် လွဲမှားသွားမည် ဖြစ်သည်။

CONTENTS





# “ကုရ်အာန်” ကျမ်းမြတ်သည် အလ္လာဟ့အရှင်မြတ်ထံတော်

## ကျက်မှတ်ခြင်း

“ကုရ်အာန်” ကျမ်းမြတ်သည် ကာလကြာရှည်စွာ ရှိနေဆဲ တစ်ခုတည်းသော သာသနာတော်ကျမ်းမြတ်ဖြစ်သော်လည်း စတင်ကျရောက်ခဲ့သောနေ့ကအတိုင်း စင်ကြယ်နေဆဲဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ကျော်တွင် ကျရောက်ခဲ့သည့်အတိုင်း မည်သည့် တစ်စုံတစ်ရာကိုမျှ ဤကျမ်းမြတ်သို့ ဖြည့်သွင်းခြင်း၊ သို့မဟုတ် ဖယ်ရှားခြင်း၊ သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်း မရှိခဲ့ပါ။

﴿မုချငါအရှင်မြတ်သည် “ကုရ်အာန်” ကျမ်းကို တမန်တော် “မုဟမ္မဒ်” အပေါ်သို့ ပို့ချတော်မူခဲ့သည့်အပြင် ထိုကျမ်း၌ အပိုထည့်သွင်းခြင်း သို့မဟုတ် လျော့နည်းအောင်ပြုလုပ်ခြင်း သို့မဟုတ် ထိုကျမ်း၏တစ်စုံတစ်ရာကိုဖျောက်ဖျက်ခြင်းမှ ထိန်းသိမ်းတော်မူရန် ကတိထူတော်မူလေသည်﴾။

“ကုရ်အာန်” ကျမ်း၊ ၁၅-၉

“ကုရ်အာန်” ကျမ်းမြတ်ကို ထိန်းသိမ်းခြင်းမှာ ရေးသားထားခြင်းမျှသာ မဟုတ်ဘဲ၊ အမျိုးသားများ၊ ကလေးငယ်များနှင့် အမျိုးသမီးများတို့၏ နှလုံးသားများတွင်လည်း ကျက်မှတ်၍ ထိန်းသိမ်းထားပါသည်။ ယနေ့တွင် သန်းပေါင်းများစွာသောလူတို့သည် “ကုရ်အာန်” ကျမ်းမြတ်တစ်အုပ်လုံးကို ကျက်မှတ်ထိန်းသိမ်းထားကြသည်။

## သိပ္ပံအရ အံ့ဖွယ်

“ကုရ်အာန်” ကျမ်းမြတ်သည် ခေတ်သစ်သိပ္ပံပညာနှင့် ဆန့်ကျင်ခြင်း မရှိသည့်အပြင်၊ သိပ္ပံ၏အရှိတရားများကို အတည်ပြုထောက်ခံထားပါသည်။ ဤအပေါ်“ကုရ်အာန်” ကျမ်းမြတ်၏ အထင်ရှားဆုံးရှုထောင့်များအနက်မှ တစ်ခုမှာ သန္ဓေသားဗေဒ၊ မိုးလေဝသအခြေအနေများ၊ နက္ခတ္တဗေဒ၊ ဘူမိဗေဒနှင့် သမုဒ္ဒရာဗေဒကဲ့သို့သော နယ်ပယ်အသီးသီးတွင် သဘာဝဖြစ်စဉ်များကို တိကျစွာ ဖော်ပြထားသောအမိန့်တော်များစွာ ပါရှိပါသည်။ (၇) ရာစုတွင် ရှိခဲ့သောကျမ်းတစ်အုပ်အတွက် ၎င်း၏ဖော်ပြချက်များမှာ မယုံနိုင်လောက်အောင် တိကျကြောင်း ပညာရှင်များက တွေ့ရှိခဲ့ကြသည်။

﴿ငါအရှင်မြတ်သည် ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မိုးကုပ်စက်ဝိုင်းများနှင့် ၎င်းတို့၏ ကိုယ်ခန္ဓာများ၌ပင် ငါအရှင်မြတ်၏ဆန်းကြယ်လှသောသက်သေလက္ခဏာတော်များနှင့် ထူးဆန်းအံ့ဖွယ်ဖြစ်သော ဖန်ဆင်းတော်မူခြင်းများကို ပြသတော်မူမည်။ ထိုသို့ပြသတော်မူခြင်းမှာ- ထိုသက်သေလက္ခဏာတော်များမှတဆင့် “ကုရ်အာန်” ကျမ်းမြတ်သည် မည်သည့်ဒွိဟသံသယမျှမရှိဘဲ အဖန်ဆင်းခံများကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ပို့ချခြင်းခံခဲ့ရသော အမှန်တရားဖြစ်ကြောင်း၊ ၎င်းတို့အတွက် ပေါ်လွင်ထင်ရှားရန်ဖြစ်သည်﴾။

“ကုရ်အာန်” ကျမ်း၊ ၄၁- ၅၃

အမှန်မှာ “ကုရ်အာန်” ကျမ်းမြတ်က ညွှန်ပြထားသောသိပ္ပံဆိုင်ရာ အံ့ဖွယ်အချက်များစွာကို ခေတ်သစ်နည်းပညာဆိုင်ရာ ကိရိယာများမှတဆင့် နောက်ကျမှ ရှာဖွေတွေ့ရှိခဲ့ရသည်။

အောက်ဖော်ပြပါများကို ဆင်ခြင်သုံးသပ်ပါ-

- “ကုရ်အာန်” ကျမ်းမြတ်သည် လူသား၏သန္ဓေသားဖြစ်တည်၊ ဖွံ့ဖြိုးတိုးတက်ပုံကို အသေးစိတ်ဖော်ပြထားသည်။ ဤအသေးစိတ်အချက်အလက်များကို သိပ္ပံပညာအသိုင်းအဝိုင်းက မကြာသေးမီအချိန်ကမှ သိရှိခဲ့ကြရသည်။
- ပင်လယ်နှစ်ခု၏အပူချိန်၊ သိပ်သည်းဆနှင့် ဆားငန်ဓာတ်တို့ကို ထိန်းသိမ်းထားခြင်းနှင့်အတူ ပင်လယ်နှစ်ခု ရောနှောမသွားအောင် အတားအဆီးများရှိနေကြောင်းကို ခေတ်သစ်သိပ္ပံပညာက ရှာဖွေတွေ့ရှိခဲ့သည်။

စင်စစ် အလ္လာဟ့အရှင်မြတ်၏ ဤအမိန့်တော်များသည် နှစ်ပေါင်း ၁၄၀၀ ကျော်ကပင် “ကုရ်အာန်” ကျမ်းမြတ်တွင် ဖော်ပြထားပါသည်။

CONTENTS





# ပို့ချခြင်းခံရသည်ကို ကျွန်တော် မည်ကဲ့သို့သိနိုင်မည်နည်း?

## တစ်မူ ထူးခြားခြင်း

"ကုရ်အာန်" ကျမ်း၏အမိန့်တော်များသည် စတင်ကျရောက်လာချိန်မှစ၍ "ကုရ်အာန်" ကျမ်းမြတ်၏လှပမှု၊ အာဝဇ္ဇန်း၊ ဂုဏ်ဒြပ်၊ ဉာဏ်ပညာ၊ တမန်တော်ဂုဏ်ဘွဲ့များနှင့် အခြားသော ပြီးပြည့်စုံသည့် ဂုဏ်ရည်များကဲ့သို့ ကဏ္ဍတစ်ခုကိုပင် မည်သူတစ်ဦးတစ်ယောက်ကမျှ ရေးသားသီကုံးနိုင်စွမ်းမရှိပါ။

တမန်တော်မြတ် "မုဟမ္မဒ်" ကို မယုံကြည်ကြသောသူများသည် "ကုရ်အာန်" ကျမ်းမြတ်၏ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ကြသော်လည်း ဤစိန်ခေါ်မှုတွင် မအောင်မြင်ခဲ့ကြပါ။ ဤစိန်ခေါ်မှုသည် ယနေ့ထိတိုင် မည်သည့်အဖြေမျှ မရှိသေးပါ။

﴿အကယ်၍ အသင်တို့သည် ငါ အရှင်မြတ်က ငါအရှင်မြတ်၏ကျေးကျွန် "မုဟမ္မဒ်" အပေါ်သို့ ပို့ချပေးသော "ကုရ်အာန်" ကျမ်းမြတ်နှင့်ပတ်သက်၍ ဒွိဟသံသယ ရှိကြလျှင်၊ အလ္လာဟုအရှင်မြတ်ထံတော်မှမဟုတ်ဟု စွပ်စွဲပြောဆိုကြလျှင်၊ ထိုကျမ်းမြတ်မှ တူညီသောကဏ္ဍတစ်ခုကို (စီကုံးရေးသားကာ) ယူဆောင်လာကြ။ ထို့ပြင် အကယ်၍ အသင်တို့သည် အသင်တို့၏စွပ်စွဲပြောဆိုမှု၌ ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိသောသူများဖြစ်ကြလျှင် အသင်တို့ကို ကူညီကြသူများထံမှလည်း အကူအညီတောင်းခံကြ﴾။

"ကုရ်အာန်" ကျမ်း၊ ၂-၂၃

## ကွဲလွဲဆန့်ကျင်မှုများ မရှိပါ

လူသားများသည် ရေးသားကြသောအခါ စာလုံးပေါင်း သတ်ပုံအမှားများ၊ သို့မဟုတ် သဒ္ဒါပညာရပ်အမှားများ၊ သို့မဟုတ် စကားပြောရာတွင် ကွဲလွဲဆန့်ကျင်မှုများ၊ သို့မဟုတ် ကောက်နုတ်ချက်အမှားများ၊ သို့မဟုတ် မှားယွင်းစွာ အထောက်အထားပြခြင်း၊ သို့မဟုတ် အခြားသော အမှားအမျိုးအစားများကို လူသားသဘာဝအတိုင်း မှားယွင်းကြသည်။

﴿ဤသူတို့သည် အဘယ်ကြောင့် "ကုရ်အာန်" ကျမ်းနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မပြုကြသနည်း?။ အကယ်၍ ဤကျမ်းသည် အလ္လာဟုအရှင်မြတ်ထံမှမဟုတ်ဘဲ အခြားသူထံမှဖြစ်လျှင်၊ ၎င်းတို့သည် ထိုကျမ်းတွင် ကွဲလွဲမှုများစွာကို မုချတွေ့ရှိကြလိမ့်မည်ဖြစ်သည်﴾။

"ကုရ်အာန်" ကျမ်း၊ ၄-၈၂

"ကုရ်အာန်" ကျမ်းမြတ်သည် ရေလည်ပတ်မှုစနစ်၊ သန္ဓေသားဗေဒ၊ ဘူမိဗေဒ၊ စကြာဝဠာဗေဒ၊ အချက်အလက်များ၊ သမိုင်းဆိုင်ရာဖြစ်ရပ်များ၊ သို့မဟုတ် တမန်တော်ဘွဲ့များကို သိပ္ပံနည်းကျရှင်းလင်းမှုများတွင် မည်သည့်ဆန့်ကျင်ချက်မျှ လုံးဝ မပါဝင်ပါ။

## "မုဟမ္မဒ်" သည် "ကုရ်အာန်" ကျမ်းကို ရေးသားရန် စွမ်းဆောင်နိုင်ခဲ့ပါသလား?

တမန်တော် "မုဟမ္မဒ်" သည် စာပေမတတ်သူအဖြစ် သမိုင်းတွင် ကျော်ကြားခဲ့သည်။ သူသည် စာဖတ်နည်းကို မသိခဲ့သည့်အပြင် ရေးသားနည်းကိုလည်း မတတ်မြောက်ခဲ့ပေ။ မည်သည့်နယ်ပယ်တွင်မျှလည်း သင်ယူလေ့လာခဲ့ခြင်း မရှိခဲ့သည့်အပြင်၊ သိပ္ပံဆိုင်ရာတိကျမှု၊သမိုင်းဆိုင်ရာတိကျမှုနှင့် အလွန်တရာဆန်းကျယ်သော ဤကျမ်းမြတ်၏စာပေအလှတရားကို မဖွင့်ဆိုနိုင်ပါ။ "ကုရ်အာန်" ကျမ်းမြတ်တွင် ဖော်ပြပါရှိသော ရှေးယခင်လူမျိုးစုများနှင့် ရှေးဟောင်းယဉ်ကျေးမှုများသည် မည်သူတစ်ဦးတစ်ယောက်က ရေးသားသော အကြောင်းအရာထက်ပင် ကြီးမားလှပါသည်။

﴿စင်စစ် လူတစ်ဦးတစ်ယောက်က ဤ "ကုရ်အာန်" ကျမ်းမြတ်အား အလ္လာဟုအရှင်မြတ်ထံတော်မှယူဆောင်လာခြင်း မဟုတ်ဘဲ၊ အခြားမည်သူတစ်ဦးတစ်ယောက်ထံမှ ယူဆောင်လာခြင်းသည် မဖြစ်နိုင်ပေ﴾။

"ကုရ်အာန်" ကျမ်း၊ ၁၀-၃၇

CONTENTS





# ဗျာဒိတ်တော်ပို့ချခြင်း၏ရည်ရွယ်ချက်

## ကိုးကွယ်ခံထိုက်သောအရှင်သည် တစ်ပါးတည်းဖြစ်ကြောင်း အသင်၏ယုံကြည်မှုမှာ မှန်ကန်သည်

﴿အသင်တို့၏ကိုးကွယ်ခံထိုက်တော်မူသောအရှင်သည် တစ်ပါးတည်းသောအရှင်ဖြစ်သည်။ အရှင်မြတ်မှလွဲ၍ အခြားမည်သည့်ခဝပ်ကိုးကွယ်ခံထိုက်သောအရှင်ဟူ၍ လုံးဝမရှိ။ ကရုဏာသက်တော်မူသောအရှင်၊ ကြင်နာတော်မူသောအရှင်ဖြစ်သည်﴾။ **(“ကုရ်အာန်” ကျမ်း၊ ၂-၁၆၃)**

“ကုရ်အာန်” ကျမ်းမြတ်တွင် ဖော်ပြထားသော အရေးကြီးဆုံးအကြောင်းအရာသည် စစ်မှန်သော တစ်ပါးတည်းသော အလ္လာဟုအရှင်မြတ်ကို ယုံကြည်ခြင်းပင် ဖြစ်သည်။ အလ္လာဟုအရှင်မြတ်သည် အရှင်မြတ်နှင့်အတူ တုပနှိုင်းယှဉ်ကိုးကွယ်သူ မရှိကြောင်း၊ သားတော် မရှိသည့်အပြင်၊ အရှင်မြတ်နှင့် ဂုဏ်ရည်တူလည်း မရှိကြောင်း ကျွန်တော်တို့ကို မိန့်တော်မူထားသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ အလ္လာဟုအရှင်မြတ်တစ်ပါးတည်းမှလွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ထိုက်ပါ။ အလ္လာဟုအရှင်မြတ်၏အဖန်ဆင်းခံများအနက်မှ အရှင်မြတ်နှင့် နှိုင်းယှဉ်နိုင်သူ၊ တူညီသူဟူ၍ မည်သည့်အရာမျှ မရှိပါ။ ထို့အတူ အလ္လာဟုအရှင်မြတ်၌ လူသား၏အချင်းလက္ခဏာများနှင့် လူသား၏အားနည်းချက်များရှိကြောင်းကို ပယ်ချထားသည်။

## လိမ်ညာသောကိုးကွယ်ရာများအားလုံးကို ငြင်းပယ်ခြင်း

﴿အသင်တို့သည် အလ္လာဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ကြ၊ မည်သည့်တစ်စုံတစ်ရာကိုမျှ အရှင်မြတ်နှင့်အတူ တုပနှိုင်းယှဉ်ခြင်းမပြုကြနှင့်﴾။ **(“ကုရ်အာန်” ကျမ်း၊ ၄-၃၆)**

အလ္လာဟုအရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအရှင် ဖြစ်ခြင်းကြောင့် မိစ္ဆာများနှင့် မှားယွင်းသောကိုးကွယ်ရာများကို ငြင်းပယ်ရပါမည်။ ထို့အတူ လူတစ်ဦးတစ်ယောက် သို့မဟုတ် အလ္လာဟုအရှင်မြတ်မှလွဲ၍ မည်သည့်တစ်စုံတစ်ရာသည် ကိုးကွယ်ရာအရှင်ဟူသော အယူအဆကို “ကုရ်အာန်” ကျမ်းမြတ်က ပယ်ချထားသည်။

## ရှေးအကြောင်းအရာများကို ဖော်ပြထားခြင်း

“ကုရ်အာန်” ကျမ်းတွင် တမန်တော် “အားဒမ်”၊ “နူးဟ်”၊ “အိဗ်ရေးဟီးမ်”၊ “မူးစား” နှင့် “အီးစား” ကဲ့သို့သော ရှေးတမန်တော်များ၏ဖြစ်ရပ်မှန်များအပါအဝင် အကျိုးရှိသည့် သင်ခန်းစာများနှင့် ဆင့်ပြန်ချက်များစွာ ပါရှိသည်။ ဤအကြောင်းအရာများအနက်မှ မြင့်မြတ်တော်မူသော အလ္လာဟုအရှင်မြတ်က မိန့်တော်မူသည်-

﴿မုချထိုတမန်တော်တို့၏အကြောင်းအရာများသည် ဉာဏ်စဉ်ဖြောင့်မတ်ကြသူတို့အတွက် သံဝေဂရယူဖွယ်ပင်ဖြစ်သည်﴾။ **(“ကုရ်အာန်” ကျမ်း၊ ၁၂-၁၁၁)**

## နောင်တမလွန်နေ့နှင့်ပတ်သက်၍ သတိပေးခြင်း

ဤကျမ်းမြတ်က ကျွန်တော်တို့ကို သတိပေးသည်မှာ- လူတိုင်းသည် သေခြင်းတရားကို မြည်းစမ်းကြရမည်။ မိမိ၏လုပ်ရပ်များ၊ ဆိုရပ်များအားလုံးနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်း ခံကြရမည်။

﴿စင်စစ် နောင်တမလွန်နေ့တွင် စစ်ဆေးမေးမြန်းရန် မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် တရားမျှတသောချိန်ခွင်ကို ထားရှိတော်မူမည်၊ ထိုအခါ ဤသူများသာမက အခြားမည်သူတစ်ဦးတစ်ယောက်မျှ တစ်စုံတစ်ရာနှင့်ပတ်သက်၍ မတရားသဖြင့် ညှဉ်းပန်းခြင်းခံရမည်မဟုတ်ပေ﴾။ **(“ကုရ်အာန်” ကျမ်း၊ ၂၁-၄၇)**

## ရည်မှန်းထားသောလူနေမှုစနစ်ကို အကောင်အထည်ဖော်ခြင်း

ထိုထက်ပို၍အရေးကြီးသည်မှာ- ရှင်သန်ခြင်း၏ရည်ရွယ်ချက်မှာ အလ္လာဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်၊ အလ္လာဟုအရှင်မြတ်နှစ်သက်တော်မူသောစနစ်ဖြင့် ဘဝထူထောင်ရန် “ကုရ်အာန်” က ကျွန်တော်တို့ကို သင်ပေးသည်။ “အိစ်လားမ်” တွင် ခဝပ်ကိုးကွယ်ခြင်းဆိုသည်မှာ- အလ္လာဟုအရှင်မြတ်နှစ်သက်တော်မူပြီး၊ ထင်ရှားသော သို့မဟုတ် လျှို့ဝှက် ဖုံးကွယ်ထားသော လုပ်ရပ်များနှင့် ဆိုရပ်များအားလုံးကို လွှမ်းခြုံသောအခေါ်အဝေါ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် “မုစ်လင်မ်” က အလ္လာဟုအရှင်မြတ်အမိန့်ပေးတော်မူသည်ကို ပြုလုပ်ခြင်းသည် အလ္လာဟုအရှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်းနှင့် ရှင်သန်ခြင်း၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ခြင်းပင် ဖြစ်သည်။

CONTENTS



အောက်ဖော်ပြပါအချက်များသည် “ကုရ်အာန်” ကျမ်းမှ ခဝပ်ကိုးကွယ်ခြင်း၏ဥပမာများ ဖြစ်သည်-

**ဝတ်ပြုခြင်း**

**﴿အို ယုံကြည်သူတို့၊ အသင်တို့ဦးညွှတ်ကြ၊ ဦးချကြ၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ခဝပ်ကိုးကွယ်ကြ၊ ထို့ပြင် ကောင်းမှုများကို ပြုလုပ်ကြ။ သို့ဆိုလျှင် အသင်တို့အောင်မြင်ကြမည်﴾။ (“ကုရ်အာန်” ကျမ်း၊ ၂၂-၇၇)**

**လှူဒါန်းခြင်း**

**﴿ထို့ပြင် အသင်တို့လှူဒါန်း သုံးစွဲကြ၊ ထိုသို့ပြုခြင်းသည် အသင်တို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။ စင်စစ် မည်သူသည် မိမိ၏ကပ်စေးနှဲခြင်းမှ လွတ်ကင်းကြလျှင်၊ ထိုသူတို့သည် ကောင်းခြင်းများအားလုံးကို အောင်မြင်သောသူများဖြစ်ကြသည်﴾။ (“ကုရ်အာန်” ကျမ်း၊ ၆၄-၁၆)**

**သစ္စာသမာဓိရှိခြင်း**

**﴿အသင်တို့သည် အမှန်တရားနှင့် လိမ်လည်ကြံစည်သောအမှားတို့ကို မရောနှောကြနှင့်။ အသင်တို့သိပါလျက် အမှန်တရားကို မဖုံးကွယ်ကြနှင့်﴾။ (“ကုရ်အာန်” ကျမ်း၊ ၂-၄၂)**

**ရိုကျိုး(အရှက်သိက္ခာရှိ)ခြင်း**

**﴿အို တမန်တော်၊ ယုံကြည်သောအမျိုးသားတို့ကိုပြောပါလေ- ၎င်းတို့အတွက် ခွင့်ပြုထားခြင်းမရှိသောအမျိုးသမီးများ၏အရှက်အင်္ဂါများမှ မိမိတို့၏မျက်စိများကို အောက်ချကြရမည်﴾။ ﴿ထို့ပြင် အို တမန်တော်၊ ယုံကြည်သောအမျိုးသမီးတို့ကိုပြောပါလေ- သူမတို့အတွက် ခွင့်ပြုထားခြင်းမရှိသောအရှက်အင်္ဂါများကိုကြည့်ခြင်းမှ မိမိတို့၏မျက်စိများကို အောက်ချကြရမည်﴾။ (“ကုရ်အာန်” ကျမ်း၊ ၂၄-၃၀-၃၁)**

**ကျေးဇူးတင်သူ ဖြစ်ပါလေ**

**﴿စင်စစ် အလ္လာဟ့အရှင်မြတ်သည် အသင်တို့ကို အသင်တို့၏မိခင်များ၏ဝမ်းဗိုက်မှထွက်စေတော်မူခဲ့သည်၊ ထိုအချိန်တွင် အသင်တို့သည် မည်သည့်အရာကိုမျှ မသိကြပေ၊ ထို့နောက် အရှင်မြတ်သည် အသင်တို့အတွက် အကြားအာရုံ၊ အမြင်အာရုံနှင့် စိတ်နှလုံးများကို ချီးမြှင့်တော်မူခဲ့သည်၊ သို့မှသာ အသင်တို့သည် ကျေးဇူးတင်သူများ ဖြစ်ကြမည်﴾။ (“ကုရ်အာန်” ကျမ်း၊ ၁၆-၇၈)**

**တရားမျှတခြင်း**

**﴿အို ယုံကြည်သူတို့၊ တရားမျှတမှုကို ဖော်ဆောင်ကြသူများဖြစ်ကြပါလေ၊ ထို့ပြင် အသင်တို့ကိုယ်တိုင်နှင့်ဆန့်ကျင်သည်ဖြစ်စေ၊ သို့မဟုတ် အသင်တို့၏ဖခင်များ၊ မိခင်များနှင့်ဆန့်ကျင်သည်ဖြစ်စေ၊ သို့မဟုတ် အသင်တို့၏ဆွေမျိုးရင်းချာနှင့်ဆန့်ကျင်သည်ဖြစ်စေ၊ အလ္လာဟ့အရှင်မြတ်အတွက် သက်သေခံခြင်းကို တာဝန်ကျေပွန်ကြ၊ သက်သေခံခြင်းခံရသူ၏အခြေအနေသည် ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ မည်သို့ပင်ရှိစေကာမူ အလ္လာဟ့အရှင်မြတ်သည် ၎င်းတို့နှစ်ယောက်နှင့်ပတ်သက်၍ အသင်တို့ထက်ပို၍ထိုက်တန်တော်မူပေသည်﴾။ (“ကုရ်အာန်” ကျမ်း၊ ၄-၁၃၅)**

**သည်းခံခြင်း**

**﴿ထို့ပြင် အသင်သည် သည်းခံပါလေ၊ မုချအလ္လာဟ့အရှင်မြတ်သည် ကောင်းမှုများပြုလုပ်ကြသောသူတော်ကောင်းတို့၏ကုသိုလ်အစားကို အချည်းနှီး ဖြစ်စေတော်မူမည်မဟုတ်ပေ﴾။ (“ကုရ်အာန်” ကျမ်း၊ ၁၁-၁၁၅)**

**ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း**

**﴿အလ္လာဟ့အရှင်မြတ်သည် ယုံကြည်၍ ကောင်းမှုများပြုလုပ်သောသူများအား ၎င်းတို့၏ပြစ်မှုများကိုခွင့်လွှတ်တော်မူရန်နှင့် ထိုကောင်းမှုများ၏အစား “ဂျန္နတ်” ဥယျာဉ်ဘုံကို ကုသိုလ်အစားချီးမြှင့်ရန် ကတိပေးတော်မူခဲ့သည်﴾။ (“ကုရ်အာန်” ကျမ်း၊ ၅-၉)**

## နိဂုံး

အတိုချုပ်ပြောရလျှင်၊ “ကုရ်အာန်” ကျမ်းမြတ်သည် တစ်ပါးတည်း၊ စစ်မှန်သောကိုးကွယ်ခံထိုက်သောအရှင်အား မည်သို့ခဝပ်ကိုးကွယ်ရမည်ကို လူသားများအား သင်ကြားပေးသည်။ ထို့နောက် ရှင်သန်ရခြင်း၏စစ်မှန်သောရည်ရွယ်ချက်အပြင် ဤဘဝနှင့် နောင်တမလွန်ဘဝတွင် အောင်မြင်မှုရရှိနိုင်ရန်လည်း သင်ကြားပေးသည်။

**﴿မုချငါအလ္လာဟ့အရှင်မြတ်သည် လူသားများအတွက် အသင့်အပေါ်၌ “ကုရ်အာန်” ကျမ်းမြတ်ကို ပို့ချတော်မူခဲ့သည်။ ထို့ကြောင့် မည်သူသည် ဤကျမ်းမြတ်ဖြင့် တရားလမ်းမှန်ရယူလျှင်၊ ကောင်းကျိုးမှာ သူ့ထံသို့သာ ပြန်လှည့်လာမည်ဖြစ်သည်။ သို့သော် မည်သူသည် လမ်းမှားသို့ရောက်ခဲ့လျှင်၊ ဆိုးကျိုးမှာ သူ့ထံသို့သာ ပြန်လှည့်လာမည်ဖြစ်သည်﴾။**

**(“ကုရ်အာန်” ကျမ်း၊ ၃၉-၄၁)**

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com
info@islamicic.com
+971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS



# မည်သည့်ရည်ရွယ်ချက်ကြောင့် အသက်ရှင်နေရသနည်း?

BURMESE | (06/10) الغاية من الحياة | FREE COPY

ကျွန်တော်သည် မည်သည့်နေရာမှ လာခဲ့သနည်း?

ကျွန်တော်သည် အဘယ်ကြောင့် ဤဘဝတွင် ရှင်သန်နေရသနည်း?

ကျွန်တော်သေပြီးနောက် မည်သည့်နေရာသို့ သွားရမည်နည်း?

جمعية دار البر
Dar Al Ber Society
www.daralber.ae
الإمارات
THE EMIRATES
Your Path To Peace..
مركز المعلومات الإسلامي
Islamic Information Center
التعريف بالإسلام
تصريح رقم:
(2017/139)
دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department
www.islamicic.com

CONTENTS





# မည်သည့်ရည်ရွယ်ချက်ကြောင့် အသက်ရှင်နေရသနည်း?

ရှင်သန်ခြင်း၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ စဉ်းစားသောအခါ အတွေးထဲသို့ ပထမဆုံးဝင်လာသော မေးခွန်းမှာ (ကျွန်တော်တို့သည် မည်သည့်နေရာမှ လာခဲ့သနည်း?) ပင်ဖြစ်သည်။

ကျွန်တော်တို့သည် ဤဘဝတွင် ရှင်သန်နေခြင်းမှာ သဘောဝတိုက်ဆိုင်မှုကြောင့် ဖြစ်လာသလား? သို့မဟုတ် ဉာဏ်တော်ပြည့်စုံတော်မူသောဖန်ဆင်းရှင်၏ ဖန်ဆင်းခြင်းကြောင့် ဖြစ်လာသလား?။ စင်စစ် ဖန်ဆင်းရှင်ရှိကြောင်း ဝန်ခံခြင်းသည် ကျွန်တော်တို့သက်ရှိနေထိုင်နေရသော စစ်မှန်သည့်ရည်ရွယ်ချက်ကို နားလည်ရန် ပထမခြေလှမ်းပင်ဖြစ်သည်။ ဖန်ဆင်းရှင်ရှိကြောင်း ယုံကြည်ရန် ယုတ္တိရှိပြီး၊ ဆင်ခြင်တုံတရားနှင့်ကိုက်ညီသောအကြောင်းအရင်းများစွာရှိသည်။ ထိုအကြောင်းအရင်းများအနက်မှ (၃) ခုကို အတိုချုပ်ဖော်ပြပါမည်။

## ၁- စကြဝဠာဖြစ်ပေါ်လာခြင်း

အလ္လောဟုအရှင်မြတ်၏တည်ရှိတော်မူခြင်းကို ညွှန်ပြသောပထမအထောက်အထားသည် စကြဝဠာ၏မူလဖြစ်ပေါ်လာပုံကိုနားလည်ခြင်းနှင့် ဆက်စပ်နေသည်။

အသင်သည် သဲကန္တာရတွင် လမ်းလျှောက်နေရင်း နာရီတစ်လုံးကောက်ရသည်ဟု စိတ်ကူးယဉ်နိုင်သည်။ နာရီသည် ဖန်၊ ပလပ်စတစ်နှင့် သတ္တုတို့ဖြင့် ပြုလုပ်ထားသည်ကို ကျွန်တော်တို့သိကြသည်။ ဖန်သည် သဲဖြင့် ပြုလုပ်ထားသည်။ ပလပ်စတစ်သည် ရေနံဖြင့် ပြုလုပ်ထားသည်။ သတ္တုကို မြေကြီးမှ ထုတ်ယူရရှိသည်။ ဤအရာများအားလုံးသည် သဲကန္တာရတွင် ရှိနေကြသည်။ နာရီမှာ သူ့ဘာသာသူ ဖန်တီး၍ နာရီဖြစ်လာသည်ဟု အသင်ယုံကြည်သလား?။ နေမင်းထွက်ပေါ်လာတယ်။ ထို့နောက် လေတိုက်ခတ်ခဲ့တယ်။ ထို့နောက် လျှပ်စစ်စီးခဲ့တယ်။ ထို့နောက် ရေနံက မြေပြင်ပေါ်သို့ ထွက်လာပြီး သဲနှင့် သတ္တုတို့နှင့် ရောစပ်သွားတယ်။ ထို့နောက် တိုက်ဆိုင်မှု သို့မဟုတ် သဘာဝ၏ရွေးချယ်မှုကြောင့် နာရီတစ်လုံးဖြစ်လာတယ်?။

လူ့အတွေ့အကြုံနှင့် ရိုးရှင်းသောယုတ္တိဗေဒက ကျွန်တော်တို့ကိုပြောပြသည်မှာ- အစရှိသောအရာတိုင်းသည် မည်သည့်အရာမှ ဖြစ်ပေါ်လာခြင်းမဟုတ်ဟူ၍ မရှိပါ။ ထိုအရာသည် မိမိကိုယ်ကိုမိမိ ဖန်ဆင်း၍လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ဆင်ခြင်တုံတရားနှင့် အကိုက်ညီဆုံးရှင်းလင်းချက်မှာ ဤစကြဝဠာကို ဖန်ဆင်းခဲ့သောဖန်ဆင်းရှင် ရှိနေသည်။ ဤဖန်ဆင်းရှင်သည် ဤစကြဝဠာ တစ်ခုလုံးကို တည်ရှိလာစေပြီး ၎င်းစကြဝဠာကို အုပ်စိုးသည့် "သိပ္ပံဥပဒေများ" ကို ဖန်ဆင်းခဲ့သောကြောင့် အလုံးစုံတန်ခိုးတော်ရှင်နှင့် အကြွင်းမဲ့သိသောအရှင်ဖြစ်ရမည်။ ထို့အတူ အချိန်နှင့် နေရာနိယာမများသည် ဤ "ဖန်ဆင်းရှင်" ကို ကန့်သတ်ထားခြင်းမရှိကြောင်း ကျွန်တော်တို့ယုံကြည်နိုင်သည်။ အကြောင်းမှာ- အချိန်နှင့် နေရာတို့သည် စကြဝဠာကိုဖန်ဆင်းခြင်းနှင့်အတူ စတင်ခဲ့သောကြောင့် ဖြစ်သည်။ ဤဂုဏ်ရည်တော်များအားလုံးသည် စကြဝဠာကိုဖန်ဆင်းတော်မူခဲ့သော အလ္လောဟုအရှင်မြတ်နှင့်ပတ်သက်၍ အခြေခံသဘောတရားပင် ဖြစ်သည်။ ဤသည် စကြဝဠာမှာ အကန့်အသတ်ရှိပြီး၊ အစရှိသည်ဟု ကောက်ချက်ချသောခေတ်သစ်သိပ္ပံပညာနှင့်လည်း လုံးဝကိုက်ညီသည်။

**အချို့ကမေးကြသည်- မည်သူသည် အလ္လောဟုအရှင်မြတ်ကို ဖန်ဆင်းခဲ့သနည်း?။ အလ္လောဟု၊ ဖန်ဆင်းရှင်သည် အရှင်မြတ်၏အဖန်ဆင်းခံများနှင့် ကွဲပြားတော်မူသည်။ အလ္လောဟုအရှင်မြတ်သည် အမြဲထာဝရတည်ရှိတော်မူသောအရှင်ဖြစ်ပြီး၊ အစမရှိသောအရှင်ဖြစ်သည်။ ထို့ကြောင့် မည်သူသည် အလ္လောဟုအရှင်မြတ်ကို ဖန်ဆင်းခဲ့သနည်း? ဟူသော မေးခွန်းမှာ ဆင်ခြင်တုံတရားမရှိပါ။**

## ၂- စကြဝဠာကို ပြည့်စုံစွာ ဖန်ဆင်းတော်မူခြင်း

အကြွင်းမဲ့သိတော်မူသော ဖန်ဆင်းရှင်ရှိကြောင်း ညွှန်ပြသောဒုတိယအထောက်အထားမှာ- ကျွန်တော်တို့၏ ရှုပ်ထွေးသော စကြဝဠာ၏ ပြည့်စုံသောစီစဉ်ခြင်းနှင့် မျှတခြင်းပင် ဖြစ်သည်။

စကြဝဠာရှိဂုဏ်သတ္တိများစွာသည် သက်ရှင်နေထိုင်ခြင်းကို ပံ့ပိုးပေးရန် အထူးသီးသန့် ပြုလုပ်ခြင်းခံထားရကြောင်း ထင်ရှားစွာ ညွှန်ပြနေသည်။ ဥပမာ- ကမ္ဘာမြေနှင့် နေတို့၏ကြားတွင်ရှိသော အကွာအဝေး၊ ပထဝီမြေလွှာ၏အထု၊ ကမ္ဘာမြေ၏လှည့်ပတ်သောအမြန်နှုန်း၊ လေထုလွှာတွင်ရှိသော အောက်ဆီဂျင်၏ရာခိုင်နှုန်း၊ ယုတ်စွအဆုံး ကမ္ဘာမြေဝင်ရိုးတိမ်းစောင်းခြင်း၏ အတိုင်းအတာကိုပင် စကြဝဠာရှိဂုဏ်သတ္တိများက ပံ့ပိုးပေးသည်။


CONTENTS











၎တိုင်းတာမှုများသည် လက်ရှိအခြေအနေမှ အနည်းငယ်သာ ကွဲပြားနေလျှင်၊ သက်ရှင်နေထိုင်ခြင်းမှာ မဖြစ်နိုင်တော့ပါ။

အချိန်ကို တိကျမှန်ကန်စွာ မှတ်တမ်းတင်ရန် တတ်သိနားလည်သောပြုလုပ်သူတစ်ယောက်ရှိမှသာ နာရီဖြစ်ပေါ်လာနိုင်သည်။ ထိုကဲ့သို့ပင် ပထဝီမြေသည်လည်း နေကိုပတ်၍ တိကျမှန်ကန်စွာ လှည့်ပတ်သောအချိန်ကို သိရှိသောဖန်ဆင်းရှင်ရှိရပါမည်။ ၎အခြေအနေသည် အလိုအလျောက်ဖြစ်ပေါ်လာနိုင်ပါသလား?။

ကျွန်တော်တို့မိမိကိုယ်ကိုမိမိနှင့် စကြဝဠာအရပ်ရပ်များအားလုံး၌ရှိသော အလွန်တိကျသောစီစဉ်မှု၊ နိယာမများနှင့် စနစ်များကို မြင်သောအခါ၊ ဆင်ခြင်တုံတရားဖြင့် သိရသည်မှာ- ၎အရာများကို စီစဉ်သောအရှင်ရှိရမည်ဟု မဟုတ်ပါလား?။ ၎ "စီစဉ်" သောအရှင်အတွက် အကောင်းဆုံးရှင်းလင်းချက်မှာ ၎စနစ်ကို ဖန်ဆင်းတော်မူခဲ့သော တစ်ပါးတည်းသောအလ္လာဟုအရှင်မြတ်၏ တည်ရှိခြင်းပင် ဖြစ်သည်။

# ၃- အလ္လာဟုအရှင်မြတ်ထံတော်မှ ဗျာဒိတ်တော်

အလ္လာဟုအရှင်မြတ်၏တည်ရှိကြောင်း ညွှန်ပြသောတတိယ အထောက်အထားမှာ- အလ္လာဟုအရှင်မြတ်မှ လူသားများထံသို့ ပို့ချတော်မူခဲ့သော စစ်မှန်သောဗျာဒိတ်တော်ပင်ဖြစ်သည်။

အိစ်လားမ်သာသနာ၏ကျမ်း "ကုရ်အားန်" ကျမ်းမြတ်သည် အလ္လာဟုအရှင်မြတ်၏အမိန့်တော်ဖြစ်ကြောင်း ရှင်းလင်းသော သက်သေအထောက်အထားများလည်း ရှိပါသည်။ ၎အချက်ကို အထောက်အကူပြုသော အကြောင်းရင်းများကို အကျဉ်းချုပ်တင်ပြပါမည်။

အကယ်၍ အလ္လာဟုအရှင်မြတ်သည် လူသားများအတွက် တရားလမ်းမှန်ပြသရန် ကျမ်းတစ်စောင်ကို ထုတ်ပြန်ပို့ချတော်မူခဲ့လျှင်၊ ထိုကျမ်းတွင် အလ္လာဟုအရှင်မြတ်၏တည်ရှိတော်မူခြင်းကိုညွှန်ပြသော ပေါ်လွင်ထင်ရှားသည့် အထောက်အထားများပါဝင်ရမည်ဖြစ်သည်။

- "ကုရ်အားန်" ကျမ်းမြတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ကျော်က ပို့ချခြင်းခံခဲ့ရသောကျမ်းဖြစ်သော်လည်း ထိုချိန်တွင် လူသားများမသိခဲ့ကြသော သိပ္ပံအချက်အလက်များနှင့် နောင်တွင် သိပ္ပံပညာရပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့သော အချက်အလက်များစွာ ပါဝင်ပါသည်။ ထိုအချက်အပေါ် ညွှန်ပြသောဥပမာများအချို့မှာ- ရေသည် သက်ရှိသတ္တဝါများအားလုံး၏မူရင်းဖြစ်သည်။ (ကုရ်အားန်ကျမ်း၊ "စူးရသုလ် အမ်ဗိယားအ်"၊ ၃၀)၊ ကမ္ဘာမြေသည် ပြန့်နေသည်။ (ကုရ်အားန်ကျမ်း၊ "စူးရသုဇ် ဇားရိယားသ်"၊ ၄၇)၊ နေ၏သီးသန့်လည်ပတ်ရာလမ်းကြောင်းနှင့် လ၏သီးသန့်လည်ပတ်ရာလမ်းကြောင်း။ (ကုရ်အားန်ကျမ်း၊ "စူးရသုလ် အမ်ဗိယားအ်"၊ ၃၃)၊
- "ကုရ်အားန်" ကျမ်းမြတ်တွင် ထိုအချိန်က လူသားများမသိခဲ့ကြသော သမိုင်းဆိုင်ရာအချက်အလက်များစွာ ပါဝင်သည့်ပြင်၊ နောင်တစ်ချိန်တွင် ထိုအချက်များမှာ မှန်ကန်ကြောင်း ခန့်မှန်းချက်များက အတည်ပြုခဲ့သည်။
- "ကုရ်အားန်" ကျမ်းမြတ်သည် ၂၃ နှစ်ကာလကြာ ပို့ချခြင်းခံရသော်လည်း မည်သည့်အမှားအယွင်းသို့မဟုတ် မည်သည့်ပြောင်းလဲခြင်းမျှ မရှိဘဲ၊ အလွန်ကျယ်ပြန့်သောအကြောင်းအရာများကို လွှမ်းခြုံထားသည်။
- "ကုရ်အားန်" ကျမ်းမြတ်သည် ပို့ချခြင်းခံရသောအချိန်မှစ၍ မူရင်းအာရဗီဘာသာအတိုင်း စကားလုံးတိုင်း စကားလုံးတိုင်းမှာ ပြုပြင်ပြောင်းလဲခြင်းမှ ထိန်းသိမ်းခြင်းခံထားရသည်။ အခြားကျမ်းဂန်များမှာမူ ထိုကဲ့သို့ထိန်းသိမ်းခံထားရခြင်း မရှိဘဲ၊ နဂိုမူရင်းအတိုင်း မရှိတော့ပါ။
- "ကုရ်အားန်" ကျမ်းမြတ်တွင် တုပနိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူ၍ မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်နှင့်ပတ်သက်သော တွေးခေါ်မှုနှင့် အမြစ်တွယ်နေသော ယုံကြည်မှုများကို ဦးတည်မိန့်ကြားသော ထင်ရှား၊ သန့်စင်ပြီး ကမ္ဘာလုံးဆိုင်ရာအမိန့်တော်များ ပါဝင်ပါသည်။
- "ကုရ်အားန်" သည် လူသားများအပေါ် အလွန်နက်နဲသော အကျိုးသက်ရောက်မှုရှိသည်။ မိမိ၏နှလုံးသားဖြင့် ၎ကျမ်းမြတ်၏ချိုမြိန်မှုကို မြည်းစမ်းဖူးသူကသာ ထိုနက်နဲမှုကို ခံစားရသည်။
- "ကုရ်အားန်" သည် စာပေတတ်မြောက်ခြင်းမရှိသော တမန်တော် "မုဟမ္မဒ်" အပေါ်သို့ ပို့ချခြင်းခံခဲ့ရသည်။ သို့သော် ၎ကျမ်းမြတ်သည် တစ်မူထူးခြားသောဘာသာစာပေစနစ်ပါဝင်ပြီး၊ အာရဗီဘာသာစာပေ အာဝဇ္ဇန်းရှင်မှုနှင့် စာပေအလှအပ၏အထွတ်အထိပ်အဖြစ် ကမ္ဘာတစ်ဝှမ်းမှ အသိအမှတ်ပြုထားကြသည်။

"ကုရ်အာန်" ကျမ်းမြတ်၏ ထူးခြား အံ့ဖွယ်သောတန်ခိုးတော်နှင့် တစ်မူထူးခြားခြင်းများစွာအတွက် ယုတ္တိအရှိဆုံးဖြစ်သော ရှင်းလင်းချက်မှာ "ကုရ်အားန်" ကျမ်းမြတ်သည် အလ္လာဟုအရှင်မြတ်ထံတော်မှ ပို့ချခြင်းခံရသောကျမ်း ဖြစ်သည်ဟုပင် ဖြစ်သည်။


CONTENTS











# အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ပြသတော်မူသောအရှင်ဖြစ်သည်

ဉာဏ်တော်ရှင်ဖြစ်တော်မူသောဖန်ဆင်းရှင်က ကျွန်တော်တို့ကို ဖန်ဆင်းတော်မူခဲ့သည်ဟု အတည်ပြု ယုံကြည်လိုက်သည်နှင့် ကျွန်တော်တို့ကို အဘယ်ကြောင့် ဖန်ဆင်းတော်မူခဲ့ရသောရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျွန်တော်တို့ သိရှိနားလည်နိုင်ပါသည်။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်တို့ထံမှ မည်သည့်အရာကို လိုလားတော်မူသည်ကို ကျွန်တော်တို့က မည်ကဲ့သို့သိရှိနိုင်သနည်း?။ ကျွန်တော်တို့သည် စမ်းသပ်မှုနှင့် မှားယွင်းသောဘဝတစ်ခုကို ရှင်သန်နေကြသလား?။ သို့မဟုတ် ကျွန်တော်တို့၏ကိုယ်ပိုင်ပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်သောလမ်းတစ်ခုတွင် ရှင်သန်နေကြသလား?။ ကျွန်တော်တို့သည် အခြားသူများကို နောက်လိုက်ခြင်းဖြင့် စီးဆင်းလျက်လိုက်ပါနေကြသလား?။

ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်သည် ထောင်နှင့်ချီသောတမန်တော်များကို စေလွှတ်တော်မူခဲ့သည့်ပြင်၊ လူထုတိုင်းတွင် ၎င်းတို့အနက်မှပင် အနည်းဆုံး တမန်တော်တစ်ဦးကို စေလွှတ်တော်မူခဲ့သည်။ ထိုတမန်တော်များသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်နှင့် အရှင်မြတ်၏တရားလမ်းမှန်ကိုသာ လိုက်နာရန် တစ်ခုတည်းသောအမိန့်တော်ကို ယူဆောင်လာခဲ့ကြသည်။

ဤတမန်တော်များအနက်မှ အချို့မှာ- "အားဒမ်"၊ "နူးဟ်"၊ "အိဗ်ရာဟီးမ်"၊ "မူးစား"၊ "အီးစား" နှင့် "မုဟမ္မဒ်" တို့ဖြစ်ကြပါသည်။ ဤတမန်တော်များအပေါ်သို့ ကောင်းချီးမင်္ဂလာများ ကျရောက်ပါစေသား။

တမန်တော် "မုဟမ္မဒ်" သည် တမန်တော်အဆက်ဆက်မှ နောက်ဆုံးတမန်တော်ချုပ်ဖြစ်ခဲ့ပြီး၊ လူသားများအနက်မှ သစ္စာသမာဓိအရှိဆုံး၊ တရားမျှတမှုအရှိဆုံး၊ အကြင်နာဆုံးနှင့် ရဲစွမ်းသတ္တိအရှိဆုံးသူဖြစ်ခဲ့သည်။

တမန်တော် "မုဟမ္မဒ်" သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကမ္ဘာလူသားများထံသို့ ပို့ချပေးတော်မူသောနောက်ဆုံးဗျာဒိတ်တော် "ကုရ်အားန်" ကျမ်းဖြင့် စေလွှတ်ခြင်းခံခဲ့ရပြီး၊ လူသားများကို ၎င်းတို့ထံသို့ ပို့ချခြင်းခံခဲ့ရသည်ကို ရှင်းလင်းတင်ပြရန် ဖြစ်သည့်ပြင်၊ ၎င်းတို့သည် ကြောက်ရွံ့ကာ အမိန့်နာခံကြရန်လည်း ဖြစ်သည်။

"ကုရ်အားန်" ကျမ်းမြတ်သည် တရားလမ်းမှန်ပြသသောကျမ်းဖြစ်၍ လူသားများနှင့်သက်ဆိုင်သောသဘောတရားများစွာကို ရှင်းလင်းပြသသည်။ ဥပမာ- ကျွန်တော်တို့၏တည်ရှိခြင်း၊ အလ္လာဟ်အရှင်မြတ်သည် မည်သူနည်း?၊ အလ္လာဟ်အရှင်မြတ်နှစ်သက်တော်မူသောလုပ်ရပ်များနှင့် အရှင်မြတ်နှစ်သက်တော်မူခြင်း မရှိသောလုပ်ရပ်များ၊ ရှေးတမန်တော်များ၏အတ္ထုပ္ပတ္တိများ၊ ထိုအတ္ထုပ္ပတ္တိများမှ ရရှိသောသင်ခန်းစာများ၊ "ဂျန္နဟ်" ဥယျာဉ်နှင့် ငရဲမီး၏အကြောင်းအရာများ၊ နောင်တမလွန်နေ့အကြောင်း ဖြစ်ပါသည်။

> ယေရှု၏လက်ထဲတွင် အခြားတမန်တော်များကဲ့သို့ပင် အံ့ဖွယ်ဖြစ်ရပ် တန်ခိုးတော်များ ပေါ်လွင်ထင်ရှားခဲ့သည့်ပြင်၊ သူသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန် လူသားများကို ဖိတ်ခေါ်ခဲ့သည်။
> ကြည့်ပါ (ကုရ်အားန်ကျမ်း၊ မရ်ယမ်ကဏ္ဍ၊ ၃၆)

ထို့အတူ "ကုရ်အားန်" ကျမ်းမြတ်သည် ကိုးကွယ်ရှင်၏သဘောသဘာဝနှင့်ပတ်သက်၍ မှားယွင်းသောထင်မြင်ချက်များကို ရှင်းလင်းပြသပေးသည်။ ဥပမာ- ယေရှုနှင့်ပတ်သက်သောသဘောသဘာဝ၊ သူ၏အခန်း ကဏ္ဍနှင့် တုပနှိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူ၍ မြင့်မြတ်တော်မူသောဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်၏သဘောသဘာဝဖြင့် နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။

## ယေရှု၏သဘောသဘာဝ

အချို့ခရစ်ယာန်များက ယေရှုသည် ကိုးကွယ်ရာအရှင်ဖြစ်သည်၊ သို့မဟုတ် ၃ ဆူမှ ၁ ဆူဖြစ်သည်။ သူသည် လူ့ခန္ဓာကိုယ်ဖြင့် ကမ္ဘာမြေတွင်ရှိသော ကိုးကွယ်ရာအရှင်ဖြစ်သည်၊ သူသည် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်သည်ဟု စွပ်စွဲပြောဆိုကြသည်။ သို့ဆိုသော်လည်း ခရစ်ယာန်သမ္မာန်ကျမ်းအရ ယေရှုသည် မွေးဖွားခြင်းခံခဲ့ရသည်၊ သူသည် စားခဲ့သည်၊ သောက်ခဲ့သည်၊ အိပ်စက်ခဲ့သည်၊ ဝတ်ပြုခဲ့သည်။ သူထံတွင် အရာရာအားလုံးကို လွှမ်းခြုံသောအသိပညာ မရှိခဲ့ပါ။ ဤအချင်းလက္ခဏာများသည် အလ္လာဟ်အရှင်မြတ်နှင့် မအပ်စပ်ပါ။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်တွင် ပြီးပြည့်စုံသောဂုဏ်တန်ခိုးတော်များရှိသည်။ လူသားမှာမူ ဆန့်ကျင်ဘက်ဖြစ်နေသည်။ အရာတစ်ခုသည် အဘယ်ကဲ့သို့ တစ်ချိန်တည်းတွင် ဆန့်ကျင်ဘက်အရာ ၂ ခုရှိနေသနည်း?။ ဤသည် ဆင်ခြင်တုံတရားနှင့် ကိုက်ညီခြင်း မရှိပါ။


CONTENTS











သို့သော် အချို့ကမေးကြသည်- အကယ်၍ အလ္လာဟ့အရှင် မြတ်သည် အရာရာအားလုံးကို စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်လျှင်၊ အဘယ်ကြောင့် လူသားတစ်ယောက် မဖြစ်နိုင်သနည်း?။

ကိုးကွယ်ရာအရှင်သည် ကိုးကွယ်ရာအရှင်မဟုတ်သော လုပ်ရပ်များကို မပြုလုပ်ပါ။ ထို့ကြောင့် အကယ်၍ ကိုးကွယ်ရာအရှင်သည် လူသားတစ်ယောက်ဖြစ်၍ လူသား၏အချင်းလက္ခဏာများရှိနေလျှင်၊ သူသည် ကိုးကွယ်ရာအရှင် မဖြစ်နိုင်တော့ပါ။

**ယေရှု၏သဘောသဘာဝနှင့်ပတ်သက်၍ ကျယ်ပြန့်သောရှုတ်ထွေးမှုများနှင့် မဟုတ်မမှန်သောစွပ်စွဲပြောဆိုမှုများကြောင့် အိစ်လာမ်သာသနာတွင် ကိုးကွယ်ရာအရှင်နှင့်ပတ်သက်သော နားလည်ရန် ကြိုးစားသောအခါ၊ ယေရှု၏သဘောသဘာဝကိုလည်း နားလည်ရန် အရေးကြီးပါသည်။**

သို့သာမက ခရစ်ယာန်သမ္မာကျမ်း၏ များစွာသောကျမ်းပုဒ်များက ယေရှုသည် အလ္လာဟ့အရှင်မြတ်၏ ကျေးကျွန်တစ်ဦးအဖြစ် ပြုလုပ်လေ့ရှိခဲ့ကြောင်းနှင့် အလ္လာဟ့အရှင်မြတ်သည် ယေရှုနှင့် သီးခြားဖြစ်တော်မူကြောင်း ဖော်ပြပါရှိသည်။

ဥပမာဆိုရသော- ရှင်မဿဲသမ္မာကျမ်း၊ အခန်းကြီး ၂၆၊ ၃၉ တွင် ဖော်ပြထားသည်မှာ- "ထိုအခါ ယေရှုသည် မိမိ၏ မျက်နှာဖြင့် ဦးချခဲ့လေသည်"။

အကယ်၍ ယေရှုသည် ကိုးကွယ်ရာအရှင်ဖြစ်ခဲ့လျှင်၊ ကိုးကွယ်ရာအရှင်က မိမိ၏မျက်နှာဖြင့် ဦးချသည်ဟု အသိဉာဏ်အရ ဖြစ်နိုင်သလား?။ သူသည် မည်သူ့ကို ဦးချသနည်း?။

ခရစ်ယာန်အများစုက စွပ်စွဲပြောဆိုကြသည်မှာ- ယေရှုသည် အလ္လာဟ့အရှင်မြတ်၏သားတော်ဖြစ်သည်"။ ကျွန်တော်တို့သည် မိမိကိုယ်ကိုမိမိ မေးရမည်မှာ- ဤပြောဆိုမှုသည် မည်သည့်အရာကို အတိအကျဆိုလိုသနည်း?။ အလ္လာဟ့အရှင်မြတ်သည် သားတစ်ဦးရှိခြင်းမှ ဒွိဟသံသယမရှိ ကင်းစင်မြင့်မြတ်ပါသည်။

သို့သော် "အလ္လာဟ့အရှင်မြတ်၏သားတော်" ဟူသောအသုံးအနှုန်းသည် ရှေးသမ္မာကျမ်းတွင် သူတော်စင် ကျေးကျွန်များကို တင်စား၍ ဖော်ကျူးသောအသုံးအနှုန်းဖြစ်သည်ကို ကျွန်တော်တို့တွေ့ရသည်။ သမ္မာဟောင်းကျမ်း၏ များစွာသောအခန်းငယ်တွင် "ဒါးဝူဒ်"၊ "စုလိုင်းမာန်" နှင့် "အိစ်ရေးအီးလ်" ကဲ့သို့တမန်တော်များကို ဤအသုံးအနှုန်းဖြင့် ဖော်ပြပါရှိသည်။ ယေရှုအတွက်သာ အကန့်အသတ်အဖြစ် ဖော်ပြထားသည်မဟုတ်ပါ။ နောက်ထပ် ဥပမာတစ်ခုမှာ- "အိစ်ရေးအီးလ်" သည် ငါ၏သားဦးဖြစ်သည်"။ (ထက်မြောက်ရာကျမ်း၊ ၀၄-၂၂)

အိစ်လာမ်သာသနာ၏ယုံကြည်မှုသည် ယေရှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြထားပြီး၊ တုပနိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူ၍ မြင့်မြတ်တော်မူသောအလ္လာဟ့အရှင်မြတ်နှင့်ပတ်သက်၍၊ အရှင်မြတ်၏ကြီးကျယ်မြင့်မြတ်ခြင်း၊ တစ်ပါးတည်းခဝပ်ကိုးကွယ်ခံထိုက်တော်မူခြင်းနှင့် ပြီးပြည့်စုံခြင်းနှင့်ပတ်သက်၍ သန့်ရှင်းမှန်ကန်သောယုံကြည်မှုကိုလည်း ထိန်းသိမ်းလေသည်။

ယေရှုသည် အလ္လာဟ့အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်မှုဘက်သို့ ဖိတ်ခေါ်ရန် အလ္လာဟ့အရှင်မြတ်စေလွှတ်တော်မူခဲ့သော မြင့်မြတ်သောတမန်တော်တစ်ဦးဖြစ်ခဲ့ပါသည်။

## သို့ဆိုလျှင်၊ အဘယ်ကြောင့် ကျွန်တော်သည် ဤနေရာတွင် ရှိနေရသနည်း?။

မျက်စိနှစ်ဘက်၊ နားနှစ်ဘက်၊ ဦးနှောက်၊ နှလုံးသားကဲ့သို့ခန္ဓာကိုယ်၏အစိတ်အပိုင်းများသည် ၎င်းတို့၏တည်ရှိမှုအတွက် ရည်ရွယ်ချက်ရှိကြောင်း အားလုံးက အတည်ပြုယုံကြည်ကြသည်။ ဤအတည်ပြုမှုမှာ လူတစ်ယောက်သည် သူ၏ပြည့်စုံသောပုံပန်းသဏ္ဍာန်ဖြင့် တည်ရှိခြင်းအတွက်လည်း ရည်ရွယ်ချက်ရှိသည် မဟုတ်ပါလား?။

စင်စစ် ကြီးကျယ်မြင့်မြတ်၍ ဉာဏ်တော်ပြည့်စုံတော်မူသော အလ္လာဟ့အရှင်မြတ်သည် ကျွန်တော်တို့အား ရည်ရွယ်ချက်မဲ့ အချည်းနှီးဖန်ဆင်းတော်မူခဲ့ခြင်း မဟုတ်ပါ။ ကျွန်တော်တို့အလိုဆန္ဒများဖြစ်သော စားခြင်း၊ သောက်ခြင်း၊ ထိမ်းမြားခြင်းပြုရန်သာ ဖန်ဆင်းတော်မူခဲ့ခြင်း မဟုတ်ပါ။ ကျွန်တော်တို့၌ မြင့်မားသော ရည်ရွယ်ချက်တစ်ခုရှိနေသည်။ ထိုရည်ရွယ်ချက်မှာ မြင့်မြတ်တော်မူသောအလ္လာဟ့အရှင်မြတ်၏တည်ရှိမှုကို အတည်ပြုယုံကြည်၍၊ အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်ဖြစ်သည်။

**{အလ္လာဟ့အရှင်မြတ်အတွက် သားသမီးတစ်စုံတစ်ယောက် သတ်မှတ်ပြုလုပ်ခြင်းခြင်းသည် အရှင်မြတ်နှင့် လုံးဝအပ်စပ်ပေ၊ အရှင်မြတ်သည် သားသမီးရှိခြင်းမှ ကင်းစင်သန့်ရှင်းတော်မူသည်}။ ("ကုရ်အာန်" ကျမ်း၊ ၁၉- ၃၅)**

CONTENTS





သို့ဆိုလျှင် ကျွန်တော်တို့သည် ကျွန်တော်တို့ကိုဖန်ဆင်းတော်မူခဲ့သောအရှင်မြတ်၏လမ်းညွှန်မှုအတိုင်း အသက်ရှင်နိုင်ရန်ဖြစ်သည်။ ဤအသက်ရှင်နေထိုင်မှုလမ်းညွှန်မှုသည် ကဏ္ဍပေါင်းစုံတွင် အောင်မြင်၍ ပျော်ရွှင်သောဘဝကို ရရှိနိုင်သည်။

သို့သာမက ဤလမ်းညွှန်မှုသည် တစ်ဦးချင်းစီအတွက် ကောင်းကျိုးဖြစ်ထွန်းစေသော အလ္လောဟ်အရှင်မြတ် အပေါ် အားကိုးအားထားခြင်း၊ ဝတ်ပြုခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်းကဲ့သို့ ခဝပ်ကိုးကွယ်မှုများ ပါဝင်သည်။ ထို့အတူ လူ့အဖွဲ့အစည်းအတွက်  ကောင်းကျိုးဖြစ်ထွန်းစေသော အိမ်နီးချင်းကို ကောင်းမွန်စွာ ဆက်ဆံခြင်း၊ မိသားစုကို ဂရုစိုက်ခြင်း၊ သစ္စာသမာဓိရှိခြင်း၊ တိရစ္ဆာန်များကို စောင့်ရှောက်ခြင်းကဲ့သို့ ကောင်းမှုများလည်း ပါဝင်သည်။

မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်သည် အရှင်မြတ်မှလွဲ၍၊ ရုပ်တုဖြစ်စေ၊ သို့မဟုတ် နေဖြစ်စေ၊ သို့မဟုတ် လဖြစ်စေ၊ သို့မဟုတ် ဂျူးပညာရှင်များဖြစ်စေ၊ သို့မဟုတ် ခရစ်ယာန်ဘာသာဆရာများဖြစ်စေ သို့မဟုတ် တမန်တော်များပင်ဖြစ်စေ တစ်စုံတစ်ရာကို ခဝပ်ကိုးကွယ်ရန် မုချတားမြစ်တော်မူထားသည်။

မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်သည် တွဲဖက်၍ ကိုးကွယ်သူများ၊ ကြားဝင်တောင်းခံပေးသူများကို လိုအပ်တော်မမူပါ။ လူတိုင်း လူတိုင်းသည် အလ္လောဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်၍ အရှင်မြတ်ထံတော်သို့ ရောက်ရှိနိုင်သည်။

မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်သည် ဤဘဝကို စမ်းသပ်မှုဟု မိန့်ကြားဖော်ကျူးထားသည်။ ဤစမ်းသပ်မှု၏အမျိုးအစားများသည် လူသားများအတွက် မတူညီ ကွဲပြားပါသည်။ ကျွန်တော်တို့သည် မိမိတို့၏ဖြစ်ပျက်မှုကို မထိန်းချုပ်နိုင်သော်လည်း ကျွန်တော်တို့၏တုံ့ပြန်မှုကိုမူ ထိန်းချုပ်နိုင်ကြပါသည်။

ကျွန်တော်တို့ကို မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်နှင့် နီးကပ်မှုရရှိစေပြီး၊ “ဂျန္နဟ်” ခေါ် သုခဉယျာဉ်ဘုံသို့ ဝင်ရောက်စေသောနည်းလမ်းများအနက်မှ တစ်ခုမှာ- ဆင်းရဲဒုက္ခများအပေါ် သည်းခံခြင်းနှင့် စည်းစိမ်များအပေါ် ကျေးဇူးတင်ခြင်းပင် ဖြစ်သည်။ ထို့အတူ အကယ်၍ ကျွန်တော်တို့သည် အလ္လောဟ်အရှင်မြတ်ကို မယုံကြည်ကြလျှင်၊ သို့မဟုတ် အရှင်မြတ်၏အမိန့်တော်များကို လျစ်လျူရှုကြလျှင်၊ ငရဲမီး၏ပြစ်ဒဏ်ရှိကြောင်း  အရှင်မြတ်က ကျွန်တော်တို့ကို သတိပေးတော်မူထားသည်။

## သို့ဆိုလျှင်၊ ကျွန်တော်တို့သည် ယခုအချိန်တွင် မည်သည့်အရာကို ပြုလုပ်ရမည်နည်း?။

လူတစ်ယောက်၏ယုံကြည်မှုကို စမ်းသပ်ခြင်းသည် အသိဉာဏ်ကိုအသုံးပြုပုံနှင့် စဉ်းစားဆင်ခြင်ပုံကို စမ်းသပ်ခြင်း၊ ထို့ပြင် အလ္လောဟ်အရှင်မြတ်၏တည်ရှိတော်မူခြင်းကို ညွှန်ပြသောအထောက်အထားများကို သိရှိနားလည်ခြင်း၊ ထို့ပြင် မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာခြင်းနှင့် တားမြစ်ချက်များကို ရှောင်ကြဉ်ခြင်းဖြင့် ဘဝထူထောင်ခြင်းဖြင့် စမ်းသပ်လေသည်။

ထိုစမ်းသပ်မှုကို အလ္လောဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာခြင်းဖြင့် ဖော်ဆောင်ရမည်။ ဤသို့ပြုလုပ်ခြင်းကို အာရဗီဘာသာစကားဖြင့် အသင်သည် မုစ်လင်မ်ဖြစ်ပြီဟု ခေါ်ပါသည်။

မြင့်မြတ်တော်မူသောအလ္လောဟ်အရှင်မြတ်သည် လူသားတို့၏သမိုင်း သို့မဟုတ် ယုံကြည်မှု သို့မဟုတ် အခြေအနေမှာ မည်သို့ပင်ရှိစေကာမူ အိစ်လားမ်သာသနာကို အားလုံးလက်ခံနိုင်ရန် ပြုလုပ်တော်မူထားသည်။ ထို့ကြောင့် မည်သူမဆို အောက်ဖော်ပြပါ သက်သေများအရ လွယ်ကူစွာ မုစ်လင်မ်ဖြစ်နိုင်ပါသည်။ အသံထွက်မှာ-

အလ္လောဟ်အရှင်မြတ်မှလွဲ၍ မည်သည့်ခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မျှ မရှိကြောင်း ကျွန်တော်သက်သေခံယုံကြည်ပါ၏။ ထို့ပြင် “မုဟမ္မဒ်” သည် အလ္လောဟ်အရှင်မြတ်၏တမန်တော်ဖြစ်ကြောင်း ကျွန်တော်သက်သေခံယုံကြည်ပါ၏။

အသင်ဖန်ဆင်းခြင်းခံခဲ့ရသောရည်ရွယ်ချက်ကို အကောင်ထည်ဖော်ရန် အချိန်ကျရောက်လာပြီ မဟုတ်ပါလား?။ အမှန်တရားကို ယုံကြည်ရန်နှင့် ဖန်ဆင်းမွေးမြူရှင်အလ္လောဟ်အရှင်မြတ်၏တည်ရှိခြင်းကို အတည်ပြုယုံကြည်ရန် အချိန်ကျရောက်လာပြီ မဟုတ်ပါလား?။

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com
info@islamicic.com
+971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS



# “အိစ်လားမ်” သာသနာနှင့်ပတ်သက်၍ မှားယွင်းသောနားလည်မှုများ

BURMESE | (07/10) مفاهيم خاطئة حول الإسلام | FREE COPY

“အိစ်လားမ်” နှင့်ပတ်သက်၍ အသင်ဘာသိသလဲ?!


جمعية دار البر
Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center
التعريف بالإسلام

تصريح رقم:
(2017/139)

دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department

www.islamicic.com

CONTENTS



## နိဒါန်း

"အိစ်လားမ်" သည် ကမ္ဘာမြေပေါ်တွင် အကျယ်ပြန့်ဆုံးသာသနာတစ်ခုဖြစ်သော်လည်း၊ လူအများစုတို့သည် ဤသာသနာနှင့်ပတ်သက်၍ မှားယွင်းစွာနားလည်ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ အကြောင်းရင်းများစွာရှိသည်။ ထိုအကြောင်းရင်းများအနက်မှ အချို့မှာ- နိုင်ငံရေး၊ စီးပွားရေးနှင့် လူမျိုးရေးမီဒီယာများ သို့မဟုတ် အခြားအကြောင်းရင်းများကို ကြောက်ရွံ့ခြင်းတို့ဖြစ်သည်။ အချို့အကြောင်းရင်းမှာ "အိစ်လားမ်" နှင့်ပတ်သက်၍ မှားယွင်းသောအချက်များနှင့် မှားယွင်းသောနားလည်မှုဖြစ်သည်။ "အိစ်လားမ်" နှင့် "မုစ်လင်မ်" ကို နားလည်နိုင်ရန် သော့ချက်မှာ "အိစ်လားမ်" သာသနာ၏မှန်ကန်သောအရင်းအမြစ်များမှ "အိစ်လားမ်" တရားဥပဒေများ၏သွန်သင်မှုများနှင့်အညီ အဆိုပါ ပျံ့နှံ့နေသောအယူအဆများနှင့် အခြေအနေတိုင်းကို ချင့်ချိန်ရမည်။

### မှားယွင်းသောအယူအဆ နံပါတ် (၁)- "မုစ်လင်မ်" တို့သည် "မုစ်လင်မ်" မဟုတ်သူများအား ကောင်းကျိုးနှင့် မှန်မြတ်သောကိုယ်ကျင့်သီလများကို မမျှဝေကြ။

အချို့ကစွပ်စွဲပြောဆိုသည်မှာ- "အိစ်လားမ်" ၏ကိုယ်ကျင့်တရားသည် လူအများက တညီတညွတ်တည်းလက်ခံ၊ ကျင့်သုံးကြသောမှန်မြတ်သောကိုယ်ကျင့်တရားများနှင့် တစ်မျိုးတစ်ဖုံ မကိုက်ညီပါ။ ဤစွပ်စွဲချက်များသည်လည်း မှန်ကန်မှုနှင့် တရားမျှတမှု မရှိပါ။

အကြောင်းမှာ- "မုစ်လင်မ်" တို့သည် ကမ္ဘာလုံးဆိုင်ရာနှင့် မှန်မြတ်သောကိုယ်ကျင့်တရားများကို မြတ်နိုးကြသည်၊ ဥပမာ-

> တမန်တော်မြတ်က မိန့်တော်မူခဲ့သည်- (အသင်တို့အနက်မှ အမှန်မြတ်ဆုံးသောသူမှာ အကျင့်စာရိတ္တအမှန်မြတ်ဆုံးသောသူဖြစ်သည်)။
>
> "အဟ်မဒ်" ကျမ်း၊ (၂၄၂၀၄)

- အသင်သည် ရိုးသားဖြောင့်မတ်ပြီး သစ္စာသမာဓိရှိသူနှင့် တရားမျှတသူဖြစ်ရမည်။
- အသင်သည် ကတိစောင့်ထိန်းသူဖြစ်ရမည်။
- အသင်သည် အခြားသူများကို အတင်းအကျပ် သာသနာမပြုရ။
- အသင်သည် အသင်၏မိဘ၊ ဆွေမျိုးများ၊ အိမ်နီးနားချင်းများနှင့် အသင့်ထက် အသက်အရွယ် ပိုကြီးသောသူတို့ကို လေးစားရမည်။
- အသင်သည် ကောင်းရာများတွင် လှူဒါန်းရမည်။ ရက်ရောသောသူဖြစ်ရမည်။ ဆင်းရဲသားများနှင့် ကျပ်တည်းခက်ခဲသောသူများကို ဂရုစိုက်ရမည်။
- အသင်သည် အသင်၏အိမ်နီးနားချင်းကို ကောင်းမွန်စွာဆက်ဆံရမည်။
- အသင်သည် လိမ်လည်မုသားမပြောရ၊ အလွဲသုံးစားမပြုရ၊ ဆဲရေးတိုင်းထွာခြင်း မပြုရ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းမပြောရ။

"မုစ်လင်မ်" များသည် မိမိတို့နေထိုင်သောလူ့အဖွဲ့အစည်းများတွင် အပြုသဘောပုံစံဖြင့် ပေးဆပ်ကြရန်၊ အကောင်းမြတ်ဆုံးသောကိုယ်ကျင့်တရားများ၊ အမှန်မြတ်ဆုံးသောပြောဆိုမှုများနှင့် လုပ်ရပ်များကို အမြဲတစေကိုင်ဆွဲကြရန် အမိန့်ပေးခြင်း ခံထားကြရသည်။

### မှားယွင်းသောအယူအဆ နံပါတ် (၂)- "မုစ်လင်မ်" တို့သည် "အလ္လာဟ်" ဟုခေါ်သော ဘုရားအသစ်ကို ကိုးကွယ်ကြသည်။

"အလ္လာဟ" ဟူသောစကားလုံးသည် အာရဗီဘာသာ စကားတွင် ကိုးကွယ်ရာအရှင်ကိုညွှန်းသည်။ ထို့နောက် "အလ္လာဟ" ဟူသောစကားလုံးသည် ကြီးမားသောအဓိပ္ပာယ်ဖြစ်၍ တစ်ပါးတည်းခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူကိုမျှ မခေါ်ထိုက်ပေ။ အာရဗ် ခရစ်ယာန်ဘာသာဝင်များနှင့် ဂျူးလူမျိုးများကလည်း ဤ "အလ္လာဟ" ဟူသောစကားလုံးဖြင့် ၎င်းတို့၏ကိုးကွယ်ရာကို ညွှန်းကြသည်။

> စင်စစ် "မုစ်လင်မ်" တို့သည် တမန်တော်များဖြစ်ကြသည့် "နူးဟ်"၊ "အိဗ်ရေားဟီးမ်"၊ "မူးစား" နှင့် "အီးစား" တို့ ခဝပ်ကိုးကွယ်ခဲ့ကြသော ခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြသည်။

မုစ်လင်မ်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဂျူးလူမျိုးများသည် တူညီသောကိုးကွယ်ရာ(ဖန်ဆင်းရှင်)ကို ယုံကြည်ကြသော်လည်း၊ ကိုးကွယ်ရာအရှင်နှင့်ပတ်သက်၍ နားလည်မှုမှာ ၎င်းတို့၏ကြားတွင် ကြီးမားစွာ ကွဲပြားနေသည်။ ဥပမာ- ကိုးကွယ်ရာနှင့်အတူ တုပနိုင်းယှဉ်ကိုးကွယ်သူများရှိခြင်းကို မုစ်လင်မ်များက ငြင်းပယ်ကြသည်။ သို့မဟုတ် ကိုးကွယ်ရာအရှင်သည် ၃ ဆူအနက်မှ ၁ ဆူဖြစ်သည်ကိုလည်း ငြင်းပယ်ကြသည်။ မုစ်လင်မ်များသည် တုပနိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူ၍ မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသည် ပြီးပြည့်စုံသည်ဟု ယုံကြည်ကြသည်။

CONTENTS





## မှားယွင်းသောအယူအဆ နံပါတ် (၃)- "အိစ်လားမ်" သည် အကြမ်းဖက်ခြင်းကို တိုက်တွန်းသည်

ဘက်လိုက်သောမီဒီယာများသည် စစ်မက်တိုက်ခိုက်သော မည်သည့်မုစ်လင်မ်ကိုမဆို အကြမ်းဖက်အဖြစ် အမြဲတစေပုံဖော်ကြသည်။ ထိုမုစ်လင်မ်က တရားမျှတသောအကြောင်းရင်းကြောင့် တိုက်ခိုက်သလား? သို့မဟုတ် မတရားသဖြင့် တိုက်ခိုက်သလားကို မကြည့်ကြပါ။ ထို့အတူ မုစ်လင်မ်သည် မတရားကျူးလွန်သူဖြစ်သလား? သို့မဟုတ် မတရားသဖြင့် ကျူးလွန်ခြင်းခံရလားဆိုတာကို မကြည့်ကြပါ။

အိစ်လားမ်သည် အပြစ်ကင်းစင်သူများကို ဦးတည်၍ မတိုက်ခိုက်ရဟူ၍ သံသယမရှိဘဲ ရှင်းလင်းပြတ်သားစွာ ပြသထားသည်။ နောက်ဆုံး စစ်ပွဲ၌ပင် မတိုက်ခိုက်ရ၊ ထိုသို့ပြုလုပ်ခြင်းသည် တားမြစ်ခြင်းခံထားရသည်။ ထို့အတူ အိစ်လားမ်၏စစ်မှန်သောသွန်သင်မှုများသည် အပြစ်ကင်းစင်သူများကို မဆိုထားနှင့်၊ စိုက်ခင်းများနှင့် တိရစ္ဆာန်များကို မလိုအပ်ဘဲ မဖျက်ဆီးရဟု တားမြစ်ထားသည်။ ထို့ကြောင့် အရေးကြီးသောအချက်မှာ- ကျွန်တော်တို့သည် သိမ်းပိုက်ရန် အကြမ်းဖက်ခြင်းနှင့် တရားသော တွန်းလှန်တိုက်ခိုက်ခြင်းကို ကွဲပြားစွာသိရှိရမည်။ အကြောင်းမှာ- ထိုလုပ်ရပ် (၂) ခု၏ကြားတွင် အဖြူနှင့် အမည်းကွဲပြားသကဲ့သို့ပင် ကွဲပြားလေသည်။

"ကုရ်အားန်" ကျမ်းမြတ်သည်လည်း မည်သည့်ဒွိဟသံသယမျှ မကျန်ရလေအောင် အလ္လာဟုအရှင်မြတ်က တားမြစ်တော်မူထားသော အပြစ်ကင်းစင်သည့်လူကို သတ်ဖြတ်ခြင်း၏အန္တရာယ်ကို ရှင်းလင်းပြသထားသည်။ သို့သာမက "ကုရ်အားန်" ကျမ်းမြတ်သည် လူသား၏အသက်ရှင်သန်ခြင်း၏အရေးကြီးပုံကိုလည်း အတည်ပြုမိန့်ကြားထားသည်။

﴾မည်သူသည် အပြစ်ကင်းစင်သောလူတစ်ယောက်ကို သတ်ဖြတ်ခဲ့လျှင်၊ သို့မဟုတ် ပထဝီမြေတွင် ဆူပူသောင်းကျန်းခြင်းကဲ့သို့ သေဒဏ်ထိုက်သောပျက်စီးမှုတစ်စုံတစ်ရာကိုကျူးလွန်လျှင်၊ စင်စစ် ထိုသူသည် လူသားအားလုံးတို့ကို သတ်ဖြတ်ခဲ့သကဲ့သို့ပင်ဖြစ်သည်။ ထို့ပြင် မည်သူသည် အသက်တစ်ချောင်းကိုသတ်ဖြတ်ခြင်းမှ ရပ်တန့်ခဲ့လျှင်၊ ထိုသူသည် လူသားထုအားလုံးကို အသက်ရှင်စေခဲ့သကဲ့သို့ပင်ဖြစ်သည်﴿။

("ကုရ်အားန်" ကျမ်း၊ ၅- ၃၂)

## မှားယွင်းသောအယူအဆ နံပါတ် (၄)- "အိစ်လားမ်" သည် အမျိုးသမီးကို ညှဉ်းဆဲသည်

"အိစ်လားမ်" တွင်၊ အမျိုးသားများနှင့် အမျိုးသမီးတို့သည် ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်ထံတော်တွင် ကုသိုလ်အစားချီးမြှင့်ခြင်း၊ ပြစ်ဒဏ်ပေးခြင်းနှင့် ၎င်းတို့၏လုပ်ရပ်များနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်း၌ တန်းတူညီမျှရှိကြသည်။ အလ္လာဟုအရှင်မြတ်၏ရှေ့တော်မှောက်တွင် ကြောက်ရွံ့၍ အမိန့်နာခံခြင်းဖြင့်မှလွဲ၍ မည်သူကမျှ အခြားသူထက် ပို၍မြင့်မြတ်ခြင်း မရှိပါ။

﴾စင်စစ် အသင်တို့အနက်မှ အလ္လာဟုအရှင်မြတ်ထံတော်တွင် အမြင့်မြတ်ဆုံးသောသူမှာ အရှင်မြတ်အား အကြောက်ရွံ့ဆုံး၊ အမိန့်အနာခံဆုံးသောသူသာဖြစ်သည်﴿။

("ကုရ်အားန်" ကျမ်း၊ ၄၉- ၁၃)

၎င်းအမိန့်တော်သည် စစ်မှန်သောအဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို ညွှန်ပြသောသက်သေပင်ဖြစ်သည်။ စစ်မှန်သောဂုဏ်သိက္ခာမှာ လူတစ်ယောက်၏ဆင်းရဲခြင်း သို့မဟုတ် ချမ်းသာခြင်း၊ သူ၏အသားမည်းခြင်း သို့မဟုတ် ဖြူခြင်းကြောင့် မဟုတ်ပါ။ အမှန်မှာ ကြောက်ရွံ့အမိန့်နာခံခြင်းနှင့် ကောင်းကျိုးကိုယုံကြည်ခြင်းဖြင့်သာဖြစ်သည်။ အမျိုးသားဖြစ်စေ သို့မဟုတ် အမျိုးသမီးဖြစ်စေ အတူတူပင်ဖြစ်သည်။

"အိစ်လားမ်" သည် အမျိုးသမီး၏ရပိုင်ခွင့် အခွင့်အရေးများအားလုံးကိုပေးထားပါသည်။ အမျိုးသမီးကို ကောင်းမွန်စွာ ဂုဏ်ပြုထားသည့်အပြင်၊ စားဝတ်နေရေးရှာဖွေခြင်း၊ လင်ယောကျာ်းအပေါ် သဘောတူခြင်း၊ ပြီးမြောက်အောင်ပညာသင်ကြားခြင်း၊ ကွာရှင်းခြင်း၊ အမွေခွဲဝေရယူခြင်းတို့တွင် သူမ၏အခွင့်အရေးကို မျှတစွာပေးထားပါသည်။

ဝမ်းနည်းစရာဖြစ်စေသောအကြောင်းတစ်ခုမှာ အချို့မုစ်လင်မ်အမျိုးသမီးများသည် ညှဉ်းဆဲမှုအောက်တွင် ရှိနေကြသည်။ ၎င်းသည် အိစ်လားမ်၏ချွတ်ယွင်းချက်ကြောင့်မဟုတ်သည့်ပြင်၊ အိစ်လားမ်၏သွန်သင်မှုများကြောင့်လည်း မဟုတ်ပါ။ အမှန်မှာ ချွတ်ယွင်းချက်သည် အချို့နိုင်ငံများတွင်ရှိသော အိစ်လားမ်က ငြင်းဆန်ထားသော အချို့လူမှုရေးအစဉ်အလာများကြောင့်ဖြစ်သည်။


တုပနှိုင်းယှဉ်ကိုးကွယ်ခြင်း၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူသောအလ္လာဟုအရှင်မြတ်သည် အမျိုးသားနှင့် အမျိုးသမီးတို့နှစ်ဦးစလုံးကို ဖန်ဆင်းတော်မူခဲ့၍ ၎င်းတို့၏ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ စိတ်ခံစားချက်၊ အသိဉာဏ်နှင့်အညီ ၎င်းတို့ကို ကြီးမားသောတာဝန်များနှင့် ဝတ္တရားများအမျိုးမျိုးကို ပေးအပ်တော်မူခဲ့သည်။ ၎င်းတို့၏တာဝန်အလိုက် ထိုအရာများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းခံကြရမည်။


CONTENTS









## မှားယွင်းသောအယူအဆ နံပါတ် (၅)- “ကုရ်အာန်” ကျမ်းသည် သမိုင်းစာအုပ် သို့မဟုတ် ကဗျာစာအုပ်မျှသာ ဖြစ်သည်”

“ကုရ်အာန်” ကျမ်းမြတ်သည် ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏စကားတော်ဖြစ်၍၊ အရှင် မြတ်က ကောင်းကင်တမန် “ဂျိဗ်ရီးလ်” ကိုစေလွှတ်တော်မူပြီး၊ တမန်တော် “မုဟမ္မဒ်” ထံသို့ ပို့ချတော်မူခဲ့သောအမိန့်တော်ဖြစ်သည်။ ဤကျမ်းသည် အမှန်တရားနှင့် မှားယွင်းမှုတို့ကို ခွဲခြားပြသည့်ပြင်၊ လူသားထု တစ်ရပ် လုံးက အောင်မြင်မှု၊ ပျော်ရွှင်မှုကိုရရှိနိုင်သော အခြေခံလမ်းညွှန်များပါရှိသည်။

“ကုရ်အာန်” ကျမ်းမြတ်သည် ကျွန်တော်တို့ ကောင်းကျိုးရယူနိုင်ရန် ရှေးလွန်လေပြီးသောတမန်တော်များ နှင့် ၎င်းတို့၏လူထုများ၏သမိုင်းအဖြစ်အပျက်များမှ သံဝေဂရယူစရာ များနှင့် သင်ခန်းစာများကို သီးသန့်ရွေးချယ်ထားသည်။

ထို့အတူ “ကုရ်အာန်” ကျမ်းမြတ်သည် ကြီးကျယ်မြင့်မြတ် တော်မူသောအလ္လာဟုအရှင်မြတ်နှင့်ပတ်သက်၍၊ ကျွန်တော်တို့နှင့်ပတ်သက်၍၊ အရှင်မြတ်က ကျွန်တော်တို့ ကို ဖန်ဆင်းတော်မူခဲ့ခြင်း၏ရည်ရွယ်ချက် မှာ အဖန်ဆင်း ခံများကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်တစ်ပါး တည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းနှင့်ပတ်သက်၍ မိန့်ကြား ထားသည်။

“ကုရ်အာန်” ကျမ်းမြတ်သည် သာမန်မဟုတ်သောတန်ခိုးတော်ဖြစ် ရပ်များပါဝင်သည်။ ဤကျမ်းသည် ပထဝီမြေနှင့် မိုးကောင်းကင်များကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံ တော်မှ ပို့ချခြင်းခံရသောကျမ်းဖြစ်သည်ကို ကျွန်တော်ထံတွင် မည်သည့် ဒွိဟသံသယမျှ မရှိပါ။

စင်စစ် အလ္လာဟုအရှင်မြတ်သည် ကျွန်တော်တို့ကို အချည်းနှီး ဖန်ဆင်းတော်မူခဲ့သည်မဟုတ်သည့်ပြင်၊ အကြောင်းမဲ့လည်း စွန့်ပစ်တော်မမူထားပါ။ လူတစ်ယောက်၏ယုံကြည်မှုကိုစမ်းသပ်ခြင်းသည် သူ၏အသိဉာဏ်၊ အလိုဆန္ဒနှင့် တွေးခေါ်မှုကို အသုံးပြုခြင်းပင်ဖြစ်သည်။ ထိုအရာများဖြင့် သူ့အတွက် အမှန်တရားထင်ရှားစေရန် သူ့ထံသို့ သက်သေလက္ခဏာများစေလွှတ်တော်မူခဲ့သော ဉာဏ်တော်ရှင်၊ ဖန်ဆင်းရှင်၊ ကိုးကွယ်ခံထိုက်တော်မူသော အရှင်၏တည်ရှိနေခြင်းကို လမ်းညွှန်မှုရရှိရန်ဖြစ်သည်။

“ကုရ်အာန်” ကျမ်းမြတ်သည် မည်သည့်အရာသို့ဖိတ်ခေါ်သည်ကို သိနိုင်သောအကောင်းဆုံးနည်းလမ်းမှာ အသင်ကိုယ်တိုင် “ကုရ်အာန်” ကျမ်းမြတ်ကို အသင့်အတွက် ဖတ်ရွတ်ခြင်းပင်ဖြစ်သည်။

## မှားယွင်းသောအယူအဆ နံပါတ် (၆)- “ဟိဂျာဗ်” ခေါ် လုံခြုံစွာ ဝတ်ဆင်ခြင်းသည် ဖိနှိပ်ချုပ်ချယ်မှုဖြစ်သည်

“ဟိဂျာဗ်” ကို ထည့်သွင်းစဉ်းစားရန်မှာ- မုစ်လင်မ်အမျိုးသမီးများသည် အရှက်သိက္ခာရှိသောအဝတ်အထည် များဖြင့် မိမိတို့၏ခန္ဓာကိုယ်များကို ဖုံးအုပ်ထားရန်နှင့် ထိမ်းမြားပိုင်သောအမျိုးသားများ၏ အရှေ့တွင် မိမိ တို့၏အလှများကို မပေါ်လွင်စေရန် အမိန့်ပေးခြင်းခံထားကြရသည်။

သို့သာမက “ဟိဂျာဗ်” သည် အပြင်ပိုင်းကို ဖုံးအုပ်ခြင်းမျှသာ မဟုတ်ဘဲ၊ ကောင်းမြတ်သောစကား၊ အရှက် သိက္ခာနှင့် မြင့်မြတ်သောကိုယ်ကျင့်တရားများလည်းဖြစ်သည်။

“ဟိဂျာဗ်” ၏ကောင်းကျိုးများစွာရှိသော်လည်း၊ မုစ်လင်မ်အမျိုးသမီးများသည် “ဟိဂျာဗ်” နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အဓိကအကြောင်းရင်းသည် ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်မှ အမိန့်တော်ဖြစ်ခြင်းပင်ဖြစ်သည်။ အရှင်မြတ်သည် အရှင်မြတ်၏ကျေးကျွန်များအတွက် သတ်မှတ်တော်မူ သည်နှင့် မည်သည့်အရာက ၎င်းတို့အတွက် ကောင်းကျိုးရှိသည်ကို သိတော်မူပါသည်။

“ဟိဂျာဗ်” သည် အမျိုးသမီး၏အပြင်ပိုင်းခန္ဓာကိုယ်၏အလှကို မဟုတ်ဘဲ၊ သူမ၏အတွင်းပိုင်း စိတ်ပိုင်း ဆိုင်ရာအလှတရားကို ပံ့ပိုးပေးသည်။ ထို့ပြင် အမျိုးသမီးသည် သူမ၏အရှက်သိက္ခာနှင့်တကွ လူ့အဖွဲ့အစည်း တွင် တက်ကြွသောသူတစ်ယောက်အဖြစ် လွတ်လပ်မှုကို ပေးထားသည်။


“ဟိဂျာဗ်” သည် ဖိနှိပ်မှု၊ ချုပ်ချယ်မှု၏သင်္ကေတမဟုတ်ဘဲ၊ စိတ်ထိခိုက်စေသောအကြည့်များ၊ စိတ်ဆန္ဒ များ၏နောက်ကို လိုက်ကြသောအမျိုးသားများ၏ စော်ကားသောပြောဆိုမှုများမှ အမျိုးသမီးကို ကာကွယ်၊ ထိန်းသိမ်းပေးသည်။ ထို့အတူ စိတ်အလိုဆန္ဒနောက်ကိုလိုက်သော လူမျိုးရေးခွဲခြားမှုမှလည်း ကာကွယ် ပေးသည်။ ထို့ကြောင့် အသင်သည် မုစ်လင်မ်အမျိုးသမီးတစ်ယောက်ကို မြင်သောအခါ၊ အသင်မှတ်ပါ- သူမ သည် သူမ၏အပြင်ပိုင်းခန္ဓာကိုယ်ကိုသာ ဖုံးအုပ်ထားပြီး၊ သူမ၏ အသိဉာဏ်နှင့် တွေးခေါ်မှုကို ဖုံးအုပ် ထားသည်မဟုတ်ပါ။


CONTENTS











## မှားယွင်းသောအယူအဆ နံပါတ် (၇)- မုစ်လင်မ်များအားလုံးသည် အာရဗ်လူမျိုးများသာဖြစ်ကြသည်

ထိုသို့မဟုတ်ပါ၊ အမှန်မှာ အာရဗ်လူမျိုးမုစ်လင်မ်များသည် ၂၀ % သာရှိပြီး၊ အခြား ၈၀ % မုစ်လင်မ်များမှာ အာရဗီစကားမပြောတတ်ကြပါ။ ဥပမာ- အင်ဒိုနီးရှားနှင့် အိန္ဒိယတွင်ရှိသော မုစ်လင်မ်လူဦးရေသည် အာရဗ်မုစ်လင်မ်များထက် ပို၍များပြားသည်။

အိစ်လားမ်၏သွန်သင်မှုများမှ တစ်ခုမှာ- သူတစ်ယောက်သည် သူ၏မျိုးရိုး သို့မဟုတ် အသားအရောင်ကြောင့် အခြားသူထက် ပို၍သာမြတ်သည်ဟူ၍ မရှိသည့်ပြင်၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံခြင်းကို တွန်းလှန်၊ တိုက်ဖျက်သည်။ အိစ်လားမ်သည် လူသားထုအားလုံးအတွက် ကမ္ဘာလုံးဆိုင်ရာဆုံးမသွန်သင်သည်မှာ- လူတိုင်း လူတိုင်းသည် အလ္လောဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်၍၊ အရှင်မြတ်၏တရားလမ်းညွှန်မှုအတိုင်း လိုက်နာကျင့်သုံးမှုသာ စစ်မှန်သောပျော်ရွှင်မှုနှင့် ကျယ်ပြန့်သောအောင်မြင်မှု၏တံခါးသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

## မှားယွင်းသောအယူအဆ နံပါတ် (၈)- "ဂျိဟားဒ်" တွန်းလှန်ခြင်းသည် အကြမ်းဖက်ခြင်းဖြစ်သည်

"ဂျိဟားဒ်" ၏အနှစ်သာရသည် အလ္လောဟုအရှင်မြတ်ကသတ်မှတ်၊ နှစ်သက်တော်မူသည့်အတိုင်း အရှင်မြတ်၏လမ်းတော်တွင် တွန်းလှန်၊ စတေးခြင်းပင်ဖြစ်သည်။ "ဂျိဟားဒ်" ဟူသောစကားလုံးသည် တွန်းလှန်ခြင်း၊ သည်းခံခြင်းနှင့် ဖွဲလုံ့လရှိခြင်းကိုညွှန်းပါသည်။ ထို့ကြောင့် "ဂျိဟားဒ်" သည် ကောင်းမြတ်သော လုပ်ရပ်များအားလုံးနှင့် ကုသိုလ်တရားတို့၌ လှူဒါန်းခြင်းကို လွှမ်းခြုံပါသည်။ "ဂျိဟားဒ်" သည် နှလုံးသား၊ နှုတ်လျှာနှင့် ခန္ဓာကိုယ်တို့ဖြင့် မိမိကိုယ်ကို ၊စိတ်အလိုဆန္ဒ၊ မိစ္ဆာဆိုးနှင့် ရန်သူများကို တွန်းလှန်ခြင်းဖြစ်သည်။

သို့သော် "ဂျိဟားဒ်" နှင့်အများဆုံးစိတ်ကူးယဉ်ပုံဖော်သည်မှာ လူ့အဖွဲ့အစည်း၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်၊ ရန်သူများကိုတားဆီးရန်၊ အမှန်တရားနှင့် တရားမျှတမှုကို ဖော်ဆောင်ရန် ခွင့်ပြုထားသောစစ်သည် "ဂျိဟားဒ်" ဖြစ်၍၊ ဤအမျိုးအစားသည် အခြေအနေပေါ်မူတည်ပြီး ခုခံသောပုံစံ သို့မဟုတ် ထိုးစစ်ဆင်သောပုံစံ ဖြစ်နိုင်သည်။

## မှားယွင်းသောအယူအဆ နံပါတ် (၉)- မုစ်လင်မ်များသည် "မုဟမ္မဒ်" သို့မဟုတ် လဘုရားကို ကိုးကွယ်ကြသည်

အခြားမှားယွင်းသောအယူအဆတစ်ခုမှာ- မုစ်လင်မ်တို့သည် တမန်တော် "မုဟမ္မဒ်" ကို ကိုးကွယ်ကြသည်ဟုဖြစ်သည်။ ဤအယူအဆသည် အမှန်တရားနှင့် လုံးဝဆန့်ကျင်နေပါသည်။ အလွယ်ကူဆုံးတုံ့ပြန်နိုင်သည်မှာ တမန်တော် ကိုယ်တိုင်မိန့်တော်မူခဲ့သည်- (ခရစ်ယာန်ဘာသာဝင်များက ယေရှုကို ကိုးကွယ်ကြထိတိုင် ဘောင်ကျော်၍ ချီးကျူးခဲ့ကြသကဲ့သို့ အသင်တို့သည် ငါတမန်တော်အား ဘောင်ကျော်၍ မချီးကျူးကြနှင့်။ ငါတမန်တော်သည် ကျေးကျွန်တစ်ယောက်သာဖြစ်၍၊ အလ္လောဟုအရှင်မြတ်၏ကျေးကျွန်နှင့် အရှင်မြတ်၏တမန်တော်ဟုသာ ခေါ်ဆိုကြ) "ဗုခါးရီယ္ယ်" ကျမ်း၊ (၃၄၄၅)

**အိစ်လားမ်၏သွန်သင်မှုများအနက်မှ တစ်ခုမှာ- တမန်တော်များအားလုံးကို လေးစား၊ ဂုဏ်ပြုခြင်းဖြစ်သည်။ သို့သော် တမန်တော်များကို လေးစား၊ ချစ်ခင်ခြင်းမှာ တမန်တော်များကို ကိုးကွယ်ခြင်းမဟုတ်ပါ။**

အမှန်တရားနှင့် ဆန့်ကျင်ပြီး မဟုတ်မမှန်သော အခြားစွပ်စွဲပြောဆိုမှုတစ်ခုမှာ- မုစ်လင်မ်တို့သည် လဘုရားကို ကိုးကွယ်ကြသည်ဟုဖြစ်သည်။ အိစ်လားမ်တွင် လကိုးကွယ်ခြင်း သို့မဟုတ် နေကိုးကွယ်ခြင်း သို့မဟုတ် အလ္လောဟုအရှင်မြတ်မှလွဲ၍ တစ်စုံတစ်ရာကို ကိုးကွယ်ခြင်းသည် အရှင်မြတ်အား တုပနှိုင်းယှဉ်ကိုးကွယ်သောပြစ်မှုဖြစ်သည်။

**{သို့သော် အကယ်၍ အသင်တို့သည် အလ္လောဟုအရှင်မြတ်၏အမိန့်တော်ကို မှန်ကန်စွာ နာခံသူများ၊ နားထောင်၍ လိုက်နာသူများဖြစ်ကြသည့်ပြင်၊ တုပနှိုင်းယှဉ်ကိုးကွယ်ခြင်းမရှိ သောတစ်ပါးတည်းသော အလ္လောဟုအရှင်မြတ်ကို ခဝပ်ကိုးကွယ်သူများဖြစ်ကြလျှင်၊ ထိုနေနှင့် လတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအလ္လောဟုအရှင်မြတ်ကိုသာ ဦးချ(ခဝပ်ကိုးကွယ်)ကြ}။**

**("ကုရ်အာန်" ကျမ်း၊ ၄၁- ၃၇)**

အိစ်လားမ်ပြီးပြည့်စုံသောပြည့်စုံမှု၊ အကြွင်းမဲ့ကြီးကျယ်မှုနှင့် ပြည့်စုံသောတစ်ပါးတည်းခဝပ်ကိုးကွယ်ခံထိုက်တော်မူခြင်းကို အဖန်ဆင်းခံများအား ဖန်ဆင်းမွေးမြူတော်မူသောအလ္လောဟုအရှင်မြတ်အတွက်သာဖြစ်ကြောင်း အတည်ပြုသည်။

အလ္လောဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ယုံကြည်၍၊ ခဝပ်ကိုးကွယ်ခြင်းသည် အလ္လောဟုအရှင်မြတ်၏အမိန့်တော်နှင့် တမန်တော်၏အမိန့်တော်တွင် ဖော်ပြထားသည့်အတိုင်း အိစ်လားမ်၏အဓိကအုတ်မြစ်ဖြစ်ပင်ဖြစ်သည်။


CONTENTS















## မှားယွင်းသောအယူအဆ နံပါတ် (၁၀)- အိစ်လာမ်သည် အတင်းအဓမ္မထိမ်းမြားခြင်းကို ခွင့်ပြုထားသည်

လက်ထပ်ထိမ်းမြားခြင်းအစီအစဉ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပျံ့နှံ့နေသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအတိုင်း ဖြစ်နေပါသည်။ အတင်းအဓမ္မလက်ထပ်ခြင်းသည် မွတ်စ်လင်မ်များ၌သာ ဖြစ်နေသည်မဟုတ်သော်လည်း ဤကဲ့သို့ပြုလုပ်ခြင်းသည် အိစ်လာမ်နှင့်ပတ်သက်၍ လွဲမှား၊ ဆိုးရွားသောအမြင်ဖြစ်စေသည်။

အိစ်လာမ်တွင်၊ အမျိုးသားတိုင်း အမျိုးသမီးတိုင်းအတွက် ထိမ်းမြားခြင်းနှင့်ပတ်သက်၍ ရွေးချယ်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့်ရှိသည်။ တမန်တော်မြတ်မိန့်တော်မူခဲ့သည်- (မုဆိုးမသည် (ထိမ်းမြားရာတွင်)သူမ၏ အမွေစားအမွေခံထက် မိမိကိုယ်ကိုမိမိ ပို၍ထိုက်တန်သည်။ အပျိုအမျိုးသမီးထံမှ ခွင့်တောင်းရမည်၊ သူမ၏ခွင့်ပြုခြင်းသည် သူမ၏ဆိတ်ငြိမ်ခြင်းဖြစ်သည်) “မုစ်လင်မ်” ကျမ်း၊ (၁၄၂၁)

## မှားယွင်းသောအယူအဆ နံပါတ် (၁၀)- အိစ်လာမ်သည် အိစ်လာမ်တွင်းသို့ဝင်ရောက်ရန် အတင်းအဓမ္မပြုလုပ်သည်

အိစ်လာမ်သို့ဖိတ်ခေါ်ရန်နှင့် ကမ္ဘာအရပ်ရပ်သို့ ပြန့်ပွားရန် မုစ်လင်မ်များအပေါ်၌ တာဝန်ရှိသော်လည်း၊ မည်သည်ကမျှ အိစ်လာမ်ကိုလက်ခံရန်၊ အလ္လာဟ့အရှင်မြတ်ကို ယုံကြည်ရန်နှင့် အတင်းအဓမ္မ မပြုလုပ်ရပါ။ အလ္လာဟ့အရှင်မြတ်၏အမိန့်နာခံခြင်းသည် ပြည့်ဝသော ယုံကြည်မှု၊ ပြည့်ဝသောလွတ်လပ်မှုနှင့် ခိုင်မာသောနှလုံးသားယုံကြည်မှုဖြင့်သာ ဖြစ်သည်။ မည်သူကမျှ အိစ်လာမ်သို့ ကူးပြောင်းရန် အတင်းအဓမ္မ မပြုလုပ်ရပါ။

> **အလ္လာဟ့အရှင်မြတ်မိန့်တော်မူသည်- ﴿သာသနာတွင် အတင်းအဓမ္မ မပြုလုပ်ရ။ အမှန်နှင့် အမှား၊ တရားလမ်းမှန်နှင့် လမ်းမှားတို့ကို ပေါ်လွင်စေသောသက်သေများမှာ ထင်ရှားခဲ့ပြီးဖြစ်သည်﴾။**
> **(“ကုရ်အာန်” ကျမ်း၊ ၂- ၂၅၆)**

အောက်ပါအချက်များကို ဂရုစိုက်ပါ-

- မုစ်လင်မ်လူဦးရေအများဆုံးနိုင်ငံသည် အင်ဒိုနီးရှားဖြစ်သည်။ အိစ်လာမ်သည် အင်ဒိုနီးရှားနိုင်ငံသို့ မည်သည့်သွေးတစ်စက်မျှ မကျဘဲ ဝင်ရောက်ခဲ့သည်။
- ရာစုနှစ်များစွာကပင် အာရေဗျကျွန်းဆွယ်၏ဗဟိုတွင် နေထိုင်ကြသော ကော့ပတစ်လူမျိုး ခရစ်ယာန်ဘာသာဝင်တို့၏ အရေအတွက်သည် ၁၄ သန်းရှိသည်။
- ယနေ့တွင်၊ အိစ်လာမ်သည် ကမ္ဘာမြေပြင်တွင် ပြန့်ပွားမှု အမြန်ဆန်ဆုံးသာသနာဖြစ်သည်။
- မတရားမှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ တရားမျှတမှုကို ထူထောင်ခြင်းသည် တွန်းလှန်တိုက်ခိုက်သောစစ်ပွဲများကို ဆင်နွှဲရန်အကြောင်းပြချက်များဖြစ်သော်လည်း၊ အခြားသူများကို အိစ်လာမ်သို့ အတင်းအဓမ္မဝင်ရောက်စေခြင်းသည် ဤတရားမျှတသောအကြောင်းပြချက်များမှ မဟုတ်ပါ။ သို့မဟုတ် အိစ်လာမ်၏တရားတော်မှလည်း မဟုတ်ပါ။
- မုစ်လင်မ်တို့သည် စပိန်နိုင်ငံကို နှစ်ပေါင်း (၈၀၀) ခန့် အုပ်ချုပ်ခဲ့ကြသော်လည်း ဘာသာပြောင်းပြီး အိစ်လာမ်သို့ အတင်းအဓမ္မဝင်ရောက်ရန် အခြားသူများကို မည်သည့်အခါမျှ မပြုလုပ်ခဲ့ကြပါ။

## နိဂုံး

ယုံကြည်စိတ်ချရခြင်းမရှိ၊ အရည်အချင်းမပြည့်မီသောအရင်းအမြစ်များမှ အိစ်လာမ်ကို သင်ယူခြင်းသည် ကြီးမားသောအန္တရာယ်ဖြစ်၍၊ မှားယွင်းသောအယူအဆများနှင့် လွဲမှားသောနားလည်မှုများကိုသာ ဖြစ်စေမည်။ အသင်သည် အိစ်လာမ်၏မှန်ကန်သောမူရင်းအရင်းအမြစ်များကို စိစစ်မှုမပြုမချင်း အိစ်လာမ်နှင့်ပတ်သက်သော ဤကဲ့သို့သောမှားယွင်းသည့်အယူအဆများကို ယုံကြည်မိရန် ဖြားယောင်းခြင်း မခံလေနှင့်။ ကမ္ဘာလူဦးရေ၏ ၄ ပုံ ၁ ပုံကျော်က လက်ခံယုံကြည်ထားသော ဤသာသနာသည် ဘက်လိုက်သောမီဒီယာ၏လက်နက်ဖြင့် ပုံဖော်ထားသကဲ့သို့ ဆိုးရွားမည်မှာ မဖြစ်နိုင်ပါ။

အိစ်လာမ်သည် ငြိမ်းချမ်းရေးနှင့် ကရုဏာရှိသောသာသနာတစ်ခုဖြစ်သည်။ ဤသာသနာ၏ဖိတ်ခေါ်မှုကို မဆုံးဖြတ်မီ အလျင် ထိုဖိတ်ခေါ်မှုကို အသေအချာ လေ့လာပြီး လေးလေးနက်နက် ဆင်ခြင်တုံတရားဖြင့် သုံးသပ်ရမည်ဖြစ်သည်။


CONTENTS









# “အိစ်လားမ်” တွင် အမျိုးသမီးတို့၏ အခွင့်အရေးများ

BURMESE (08/10) حقوق المرأة في الإسلام FREE COPY

## လေးစားခံရသော၊ ဂုဏ်ပြုခြင်းခံရသော၊ ထူးမြတ်သော အမျိုးသမီး


جمعية دار البر
Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center
للتعريف بالإسلام

تصريح رقم:
(2017/139)

دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department

www.islamicic.com

CONTENTS



# နိဒါန်း

"အိစ်လားမ်" တွင် အမျိုးသမီးသည် ကျွန်ပြုခြင်းခံရသူ၊ သေးသိမ်သူ၊ ဖိနှိပ်ခြင်းခံရသူဖြစ်သည်ဟု ယုံကြည်ကြသည်။ သို့သော် ဤအတိုင်း ဟုတ်ပါသလား?။ သန်းပေါင်းများစွာသော "မုစ်လင်မ်" တို့သည် ကျွန်များဖြစ်နေကြသလား?။ သို့မဟုတ် အထင်အမြင်လွဲမှားမှုများကို ဘက်လိုက်သောမီဒီယာများက ဖန်တီးနေကြသလား?။

﴾ကောင်းမွန် သောနည်းလမ်းဖြင့် အမျိုးသမီးများအပေါ် (တာဝန်ကျေပွန်ရမည့်ဝတ္တရားများ)ရှိသကဲ့သို့ လင်ယောကျာ်းများထံမှလည်း အမျိုးသမီးများအတွက်ရထိုက်သောအခွင့်အရေးများ ရှိသည်﴿။

"ကုရ်အားန်" ကျမ်း၊ ၂- ၂၂၈

ရာစုနှစ် (၄) ကျော်ကတည်းမှပင် "အိစ်လားမ်" သာသနာသည် အမျိုးသမီးများကို အခွင့်အရေးများ ပေးခဲ့သည်။ အမျိုးသမီးများသည် ထိုအခွင့်အရေးများကို အနောက်တိုင်းတွင် မကြာသေးမီကမှ ခံစားခွင့်ရရှိခဲ့ကြသည်။ ၁၉၃၀ ခုနှစ်ကာလတွင် "အနီး ဘေစန်" က သတိပြုမိခဲ့သည်မှာ- "အင်္ဂလန်" နိုင်ငံရှိ ခရစ်ယာန်ဘာသာသည် အမျိုးသမီး ၏ပိုင်ဆိုင်ခွင့်ကို အတည်ပြုခဲ့သည်။ "အိစ်လားမ်" မှာမူ ဤအခွင့်အရေးကို ခေတ်အဆက်ဆက်တွင် အမျိုးသမီးအတွက် အတည်ပြု အသိအမှတ်ပြုပေးခဲ့သည်။ အမျိုးသမီးသည် အသက်မဲ့ဖြစ်ကြောင်း "အိစ်လားမ်" က သွန်သင်သည်ဟု စွပ်စွဲပြောဆိုမှုမှာ လိမ်လည်မုသားမျှသာ ဖြစ်သည်"။ (မုဟမ္မဒ် ၏အတ္ထုပ္ပတ္တိနှင့် သွန်သင်ချက်များ၊ ၁၉၃၂)

အမျိုးသားများနှင့် အမျိုးသမီးများအားလုံးတို့သည် တမန်တော် "အားဒမ်" တစ်ဦးတည်းမှ ဆင်းသက်လာခဲ့ကြသည်။ "အိစ်လားမ်" သာသနာသည် အမျိုးသားနှင့် အမျိုးသမီးတို့ထံမှ သန့်ရှင်းစင်ကြယ်သော လုပ်ရပ်နှင့် ဆက်ဆံနေထိုင်ခြင်းကိုသာ လက်ခံပါသည်။

# ကုသိုလ်အကျိုးနှင့် တာဝန်များတွင် တန်းတူညီတူဖြစ်ခြင်း

အမျိုးသားများနှင့် အမျိုးသမီးများသည် အလ္လာဟ်အရှင်မြတ်အား တူညီသောနည်းဖြင့် ခဝပ်ကိုးကွယ်ကြသည်။ ဆိုလိုသည်မှာ အားလုံးတို့သည် တူညီသောခဝပ်ကိုးကွယ်မှုကို တာဝန်ကျေပွန်နေကြသည်။ တူညီသောကျမ်းမြတ် "ကုရ်အားန်" ကို လိုက်နာကြသည်။ တူညီသောယုံကြည်မှုများကို ကိုင်ဆွဲကြသည်။

"အလ္လာဟ်" ဟူသောစကားလုံးသည် အာရဗီစကားလုံးဖြစ်ပြီး၊ အဖန်ဆင်းခံများအားလုံးအတွက် စစ်မှန်သော ခဝပ်ကိုးကွယ်ခံထိုက်တော်မူသော တစ်ပါးတည်းသောအရှင်ဟု အဓိပ္ပာယ်ရသည်။ အရှင်မြတ်သည် လူသားများအားလုံး၏ကြားတွင် တရားမျှတစွာ စီရင်တော်မူသည်။ အမျိုးသားများနှင့် အမျိုးသမီးများ၏ကြားတွင် ဆက်ဆံမှုနှင့် ကုသိုလ်အစားချီးမြှင့်မှုတွင် တရားမျှတပြီး တန်းတူညီမျှကြောင်း အလ္လာဟ်အရှင်မြတ်သည် "ကုရ်အားန်" ကျမ်းမြတ်၏ အမိန့်တော်များစွာတွင် အတည်ပြုမိန့်ကြားတော်မူထားသည်။

﴾အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကိုယုံကြည်သောအမျိုးသားများနှင့် အမျိုးသမီးများကို နန်းတော်များနှင့် သစ်ပင်များအောက်၌ ရေချောင်းများစီးဆင်းလျက်ရှိသော "ဂျန္နားသ်" ဥယျာဉ်ဘုံများကို ကတိပေးတော်မူခဲ့သည်၊ ၎င်းတို့သည် ထိုဥယျာဉ်ဘုံများတွင် အမြဲထာဝရနေထိုင်ကြရမည်ဖြစ်၍ ၎င်းဥယျာဉ်ဘုံများ၏စည်းစိမ်တို့သည် ၎င်းတို့ထံမှ မည်သည့်အခါမျှ ပြတ်တောက်ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပေ﴿။

"ကုရ်အားန်" ကျမ်း၊ ၉- ၇၂

﴾မုချအရှင်မြတ်သည် ၎င်းတို့အနက်မှ ကောင်းမှုပြုလုပ်သူသည် အမျိုး သားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ သူ၏ကြိုးစားအားထုတ်မှုကို အချည်းနှီးဖြစ်စေမည်မဟုတ်၊ ၎င်းတို့သည် သာသနာအရ ညီအစ်ကိုများဖြစ်ခြင်း၊ အမိန့်နာခံခြင်းနှင့် ကောင်းမှုများလက်ခံခြင်းတို့တွင် အတူတူပင်ဖြစ်သည်﴿။

("ကုရ်အားန်" ကျမ်း၊ ၃- ၁၉၅)


CONTENTS











ထို့ကြောင့် လူတစ်ဦးတစ်ယောက်ကို ကုသိုလ်အစားချီးမြှင့်ခြင်းနှင့် ရပိုင်ခွင့်ကို စီရင်ဆုံးဖြတ်ခြင်းသည် ကျား-မ အပေါ် မူတည်ခြင်း မဟုတ်ဘဲ၊ သူ၏လုပ်ရပ်အပေါ်၌သာ မူတည်ကြောင်း ကျမ်းမြတ် "ကုရ်အာန်" ၏အမိန့်တော်များက ဖော်ပြမိန့်ကြားထားပါသည်။

အကယ်၍ ကျွန်တော်တို့သည် "အိစ်လာမ်" နှင့် အခြားဘာသာတို့ကို နှိုင်းယှဉ်လျှင်၊ "အိစ်လာမ်" သည် ကျား-မ တို့၏ကြားတွင် တရားမျှတမှုကို အပြည့်အဝပေးထားကြောင်း တွေ့မြင်ရမည် ဖြစ်သည်။

ဥပမာ- တားမြစ်ခြင်းခံထားရသော သစ်ပင်မှ သစ်သီးကို စားခဲ့သောကြောင့် ဧဝသည် အာဒံ ("အားဒမ်") ထက် ပို၍အပြစ်ရှိသည်ဟု "အိစ်လာမ်" က လက်မခံပါ။ "အိစ်လာမ်" တွင် ဧဝနှင့် အာဒံ ("အားဒမ်") တို့သည် ပြစ်မှုကို ပြုလုပ်မိခဲ့ကြသည်။ ထို့နောက် အလ္လာဟုအရှင်မြတ်က ၎င်းတို့နှစ်ဦး၏ အမှားဝန်ချ တောင်းပန်မှုကို လက်ခံတော်မူလိုက်ပြီး၊ ၎င်းတို့အား ခွင့်လွှတ်တော်မူခဲ့ပြီး ဖြစ်သည်။

# ပညာရေးတွင် တန်းတူညီတူဖြစ်ခြင်း

အမျိုးသားနှင့် အမျိုးသမီးတို့သည် အသိပညာရှာဖွေဆည်းပူးရန် တန်းတူညီမျှရှိကြသည်။ တမန်တော်မြတ်က မိန့်တော်မူခဲ့သည်- (အသိပညာရှာဖွေဆည်းပူးခြင်းသည် ယုံကြည်သူ "မုစ်လင်မ်" တိုင်းအပေါ်၌ မပြုမနေရ တာဝန်တစ်ရပ် ဖြစ်သည်)။

ထို့အတူ တမန်တော်မြတ်၏လက်ထက်တွင် မုစ်လင်မ် အမျိုးသမီးပညာရှင်များ ရှိခဲ့ပါသည်။ အချို့မှာ တမန်တော်၏ မိသားစုဝင်များမှ ဖြစ်ကြသည်။ အချို့မှာ တမန်တော်၏ သာဝကများ သို့မဟုတ် ထို သာဝကတို့၏ သမီးမိန်းကလေးများ ဖြစ်ကြသည်။ အကျော်ကြားဆုံးအမျိုးသမီးမှာ တမန်တော်မြတ်၏ ကြင်ယာတော် "အားအိရှဟ်" ပင် ဖြစ်သည်။ "အိစ်လာမ်" သာသနာတော်၏ တရားဥပဒေ (၄) ပုံ (၁) ပုံသည် သူမထံမှ ဆင့်ပြန်ခဲ့သည်။

အခြားသော သာသနာ့ဥပဒေပညာရှင် အမျိုးသမီးများလည်း ရှိသေးသည်။ သူမတို့ထံတွင် နာမည်ကျော်ကြားသောပညာရှင်များ ပညာသင်ယူခဲ့ကြရသည်။

# အိမ်ထောင်ဖက် ရွေးချယ်ရာတွင် တန်းတူညီမျှ အခွင့်အရေးရှိခြင်း

"အိစ်လာမ်" သည် အမျိုးသမီးကို ဂုဏ်ပြုသောအားဖြင့် သူမအိမ်ထောင်ပြုလျှင်၊ သူမ၏မိသားစုအမည်ကို ထိန်းသိမ်းခြင်းနှင့်အတူ သူမ၏ခင်ပွန်းကို ရွေးချယ်ပိုင်ခွင့် "အိစ်လာမ်" က သူမကို ပေးထားပါသည်။

သို့သော် လူအများစုတို့၏သဘာဝအရ မိမိတို့၏သမီးမိန်းကလေးများကို အတင်းထိမ်းမြားပေးကြသည်။ ဤကဲ့သို့သောအပြုအမူမှာ ထုံးတမ်းဓလေ့တစ်ခု ဖြစ်ပြီး၊ "အိစ်လာမ်" သာသနာတွင် ဤသို့ပြုမူခြင်းအတွက် မည်သည့်အခြေခံတရားမျှ မရှိပါ။ သို့သာမက တားမြစ်ထားသောလုပ်ရပ် ဖြစ်သည်။

တမန်တော်၏လက်ထက်တွင် အမျိုးသမီးတစ်ယောက်က လာရောက်၍ လျှောက်ထားသည်- (ကျွန်မ၏ဖခင်သည် သူ၏ဂုဏ်သိက္ခာကို မြှင့်တင်ရန် ကျွန်တော်ကို ညီအစ်ကို ဝမ်းကွဲနှင့် အတင်းထိမ်းမြားပေးခဲ့သည်)။ ထိုအခါ တမန်တော်က သူမ၏ဖခင်ကို ခေါ် ခိုင်းပြီး၊ ဖခင်၏ရှေ့မှောက်တွင် ထိမ်းမြားမည်လော သို့မဟုတ် ထိမ်းမြားခြင်းကို ဖျက်သိမ်းမည်လောဟု သူမအား ရွေးချယ်စေခဲ့သည်။ ထိုအခါ သူမက- (အို တမန်တော်၊ ကျွန်မ၏ဖခင် ပြုလုပ်ခဲ့သည်ကို လက်ခံပါသည်။ သို့သော် အမျိုးသားသည် မည်သည့်တစ်စုံတစ်ရာမျှ ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်းကို အခြားအမျိုးသမီးတို့ကို ထင်ရှားစွာ သိစေရန်သာ လိုလားပါသည်)

CONTENTS





# တန်းတူညီမျှကြသော်လည်း ကွဲပြားကြသည်

ယေဘုယျအားဖြင့် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူညီမျှ အခွင့်အရေးများရှိကြသော်လည်း သီးခြားအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများမှာမူ ထပ်တူမကျပါ။

အမျိုးသားနှင့် အမျိုးသမီးများတွင် အပြင်ပိုင်းနှင့် အတွင်းပိုင်း ခန္ဓာဗေဒဆိုင်ရာ ကွဲပြားမှုများကို မကြည့်ဘဲ ၎င်းတို့နှစ်ဦးစလုံးအတွက် ဖြည့်စွက်အခွင့်အရေးနှင့် တာဝန်များရှိသည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အသိဉာဏ်ကြားတွင် ဘာသာစကား၊ သတင်းအချက်အလက်နှင့် စိတ်ခံစားမှုကို စီမံဆောင်ရွက်ပုံမှာ ကွဲပြားမှုများစွာရှိကြောင်း သိပ္ပံပညာရှင်များက သိထားသည်။ ဥပမာဆိုရသော်

ဟားဗတ်တက္ကသိုလ်မှ လူမှုဇီဝဗေဒပညာရှင်တစ်ဦးဖြစ်သူ "အဒ်ဝဒ် ဝိလ်စန်" က ပြောသည်-

အမျိုးသမီးများသည် နှုတ်စွမ်းရည်၊ စာနာမှုနှင့် လူမှုဆက်ဆံရေးစွမ်းရည်များတွင် အမျိုးသားများထက် ပိုမိုမြင့်မားပြီး၊ အမျိုးသားများမှာမူ လွတ်လပ်မှု၊ စိုးမိုးမှု၊ အာကာသနှင့် သင်္ချာကျွမ်းကျင်မှု၊ ရန်လိုမှုအဆင့် ဆက်စပ်မှုနှင့် အခြားသောအရည်အချင်းများတွင် ပိုမိုမြင့်မားလေ့ ရှိကြသည်။

အမျိုးသားများနှင့် အမျိုးသမီးများကို တူညီစွာ ဆက်ဆံပြီး၊ ၎င်းတို့၏ကွဲပြားမှုများကိုမူ လျစ်လျူရှုခြင်းမှာ ပညာမဲ့ခြင်းပင် ဖြစ်သည်။

"အိစ်လာမ်" ကသင်ကြားပေးသည်မှာ အမျိုးသားများနှင့် အမျိုးသမီးများအတွက် ဖြည့်စွက်ပေးသော ကဏ္ဍအဆင့်ဆင့်ရှိသော်လည်း ၎င်းတို့၏သဘောသဘာဝနှင့် ပိုမိုသင့်လျော်ရန် ထိုကဏ္ဍများမှာ မတူညီကြပါ။

﴾အမျိုးသားသည် အမျိုးသမီးကဲ့သို့ မဟုတ်ပေ﴿။

("ကုရ်အာန်" ကျမ်း၊ ၃- ၃၆)

﴾အရှင်မြတ်သည် အရှင်မြတ် ဖန်ဆင်းတော်မူထားသောသူနှင့် ပတ်သက်၍ သိတော်မမူသလော?။ စင်စစ် အရှင်မြတ်သည် သိမ်မွေ့သော အရာကို သိတော်မူသောအရှင်၊ အရာရာကို သိမြင်တော်မူသောအရှင် ဖြစ်သည်﴿။

"ကုရ်အာန်" ကျမ်း၊ ၆၇- ၁၄

# မိသားစု ကဏ္ဍ

အလ္လာဟ့အရှင်မြတ်သည် အမျိုးသားများနှင့် အမျိုးသမီးများကို ကဏ္ဍများ၊ ကျွမ်းကျင်မှုများ၊ တာဝန်များအသီးသီးဖြင့် မတူကွဲပြားစေရန် ဖန်ဆင်းတော်မူခဲ့သည်။ ဤကွဲပြားမှုများကို သာလွန်ခြင်းသို့မဟုတ် နိမ့်ကျခြင်း၏ သက်သေအဖြစ် ရှုမြင်ခြင်းမဟုတ်ဘဲ အထူးသီးသန့်အဖြစ်သာ ဖြစ်သည်။ "အိစ်လာမ်" သာသနာတွင် မိသားစုသည် အဓိကအရေးကြီးပါသည်။ အမျိုးသားသည် မိသားစု၏ ရုပ်ပိုင်းဆိုင်ရာ စည်းစိမ်ချမ်းသာမှုအတွက် တာဝန်ရှိပြီး၊ အမျိုးသမီးမှာမူ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ ပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာ သာယာဝပြောရေးကို ပံ့ပိုးပေးသည်။ ဤသည် ၎င်းတို့၏အပြန်အလှန်တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် ပြိုင်ဆိုင်မှုထက် ပူးပေါင်းဆောင်ရွက်မှုကို အားပေး တိုက်တွန်းပြီး ခိုင်မာသော မိသားစုများကို ဖန်တီးကာ ခိုင်မာသော လူ့အဖွဲ့အစည်းများကို ဖန်တီးပေးသည်။

ထို့အတူ စိတ်ခံစားမှုရှုထောင့်မှကြည့်လျှင်လည်း၊ အမျိုးသားများနှင့် အမျိုးသမီးများသည် တစ်ဦးနှင့်တစ်ဦး အတူမရှိကြဘဲ၊ ပျော်ရွှင်သောဘဝတစ်ခုကို ရှင်သန်နိုင်ကြမည် မဟုတ်ပါ။ အလ္လာဟ့အရှင်၏ဖော်ကျူးတော်မူခြင်းသည် အလွန်တရာ လှပသည်-

အဝတ်အစားများသည် သက်တောင့်သက်သာရှိမှု၊ နွေးထွေးမှုနှင့် လုံခြုံမှုတို့ကို ပေးသည့်အပြင်၊ အမြင်အားဖြင့်လည်း ပို၍ကြည့်ကောင်းစေသည်။ ဤကဲ့သို့ပင် လင်မယား၏ကြားတွင် ရှိသောဆက်ဆံရေး ပေါ်လွင်လေသည်။

﴾သူမတို့သည် အသင်တို့အတွက် အဝတ်တန်ဆာများ ဖြစ်ကြသကဲ့သို့၊ အသင်တို့သည်လည်း သူမတို့အတွက် အဝတ်တန်ဆာကဲ့သို့ ဖြစ်ကြသည်﴿။

"ကုရ်အာန်" ကျမ်း၊ ၂- ၁၈၇

CONTENTS





# လင်မယား ဆက်ဆံရေးတွင် ချစ်ခြင်းနှင့် ကြင်နာခြင်း

တမန်တော်မြတ်သည် မိမိတို့၏ဇနီးမိန်းမများကို အကောင်းဆုံးနည်းလမ်းဖြင့် ဆက်ဆံကြရန် လင်ယောကျာ်းများကို တိုက်တွန်း၍ မိန့်တော်မူခဲ့သည်- (အသင်တို့အနက်မှ အကောင်းဆုံးသောသူသည် သူ၏မိသားစုကို အကောင်းဆုံးဆက်ဆံသောသူပင် ဖြစ်သည်)။

**{အလ္လောဟုအရှင်မြတ်၏ကြီးကျယ်မှုနှင့် ပြည့်စုံသောတန်ခိုးတော်အပေါ်၌ ညွှန်ပြသောအရှင်မြတ်၏သက်သေလက္ခဏာတော်များအနက်မှတစ်ခုမှာ- အလ္လောဟုအရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏အမျိုးအစားမှပင် ဇနီးမိန်းမများကို ဖန်ဆင်းတော်မူခဲ့သည်၊ ဇနီးမိန်းမများဖြင့် စိတ်နှလုံးအေးချမ်းမှုရရန်နှင့် စိတ်ကြည်နူးမှုရရန် ဇနီးမိန်းမများကို ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်၊ သို့သာမက အလ္လောဟုအရှင်မြတ်သည် ဇနီးမိန်းမနှင့် လင်ယောကျာ်းတို့၏ ကြားတွင် ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာခြင်းတို့ကို ပြုလုပ်ပေးတော်မူထားသည်။ စင်စစ် အလ္လောဟုအရှင်မြတ်သည် ဤကဲ့သို့ဖန်ဆင်းတော်မူထားခြင်းတွင် သက်သေလက္ခဏာတော်များ မုချရှိသည်ကို စဉ်းစား၊ ဆင်ခြင်၊ သတိသံဝေဂရယူကြသောသူများအတွက် ဖြစ်လေသည်}။**

**“ကုရ်အာန်” ကျမ်း၊ ၃၀- ၂၁**

တမန်တော်မြတ်၏ဇနီးဖြစ်သူ “အားအိရှဟ်” သည် အိမ်တွင်း၌ရှိနေစဉ် တမန်တော်၏အပြုအမူနှင့်ပတ်သက်၍ မေးမြန်းခြင်းခံရသောအခါ သူမကပြောသည်- (အသင်တို့အနက်မှ တစ်ဦးတစ်ယောက်က အိမ်တွင်းရေးပြုလုပ်သကဲ့သို့ပင် ပြုလုပ်သည်။ သို့သော် တမန်တော်သည် ပို၍နားလည် ခွင့်လွှတ်ပြီး ရက်ရောသည်။ သူ၏ဇနီးမိန်းမများ၏ ပုံမှန်အိမ်တွင်းမှုကိစ္စများကို ကူညီပံ့ပိုးရန် အမြဲအဆင်သင့်ရှိသည်။ သူ၏အဝတ်အထည်များကို ကိုယ်တိုင်ချုပ်သည်။ သူ၏ဖိနပ်ကို ကိုယ်တိုင်ပြင်သည်။ ဇနီးမိန်းမများ၏ မည်သည့်အလုပ်ကိစ္စကိုမဆို ကူညီသည်)။

# မိခင်များနှင့် သမီးများအတွက် မြင့်သောအဆင့်အတန်း

မိခင်သည် အချိန်အစောပိုင်းနှစ်များကပင် သနားညှာတာမှု၊ ဂရုစိုက်မှုနှင့် ချစ်ခြင်းမေတ္တာဖြင့် ကလေးအပေါ် အကြီးမားဆုံး သက်ရောက်မှုရှိသည်။ လူ့အဖွဲ့အစည်း၏ အောင်မြင်မှုသည် မိခင်များကြောင့်ဖြစ်သည်မှာ မည်သည့်သံသယမျှ မရှိပါ။ ထို့ကြောင့် “အိစ်လားမ်” သည် မိခင်များကို ဂုဏ်ပြု၍ သူမတို့၏အဆင့်အတန်းကို မြှင့်တင်ပေးသည်။

**{စင်စစ် ငါအရှင်မြတ်သည် လူသားကို သူ၏မိဘတို့သက်ရှိနေထိုင်စဉ်ဖြစ်စေ၊ သေဆုံးကြပြီးနောက်ဖြစ်စေ၊ ၎င်းတို့နှစ်ဦးနှင့် ကောင်းမွန်စွာ ဆက်ဆံနေထိုင်၍ အမိန့်နာခံရန် အမိန့်ပေးတော်မူခဲ့သည်။ မုချသူ၏မိခင်သည် သူ့ကို မိမိ၏ဝမ်းဗိုက်တွင် ခက်ခဲမှုတစ်မျိုး၊ ပင်ပန်းကြီးမှုတစ်ဖုံဖြင့် သန္ဓေသားအဖြစ် လွယ်ပိုက်ခဲ့ရသည်}။**

**“ကုရ်အာန်” ကျမ်း၊ ၄၆- ၁၅**

တမန်တော်မြတ်သည် တစ်ချိန်က မေးမြန်းခြင်းခံခဲ့ရသည်- အို တမန်တော်၊ လူသားများအနက်မှ မည်သူသည် ကျွန်တော်၏ကောင်းမွန်စွာ ဆက်ဆံခြင်းနှင့် ပိုထိုက်တန်ပါသနည်း?။ ထိုအခါ တမန်တော်က (အသင်၏မိခင်) ဟု ဖြေကြားခဲ့သည်။ ထို့နောက် ထိုမေးသောအမျိုးသားက (၂) ကြိမ် ထပ်မံမေးခဲ့ပြန်သည်။ တမန်တော်သည် (အသင်၏မိခင်) ဟု ဖြေကြားခဲ့သည်။ စတုတ္ထအကြိမ်မြောက်တွင် တမန်တော်က (အသင်၏ဖခင်) ဟု ဖြေကြားခဲ့သည်။


CONTENTS











"အိစ်လားမ်" သာသနာတွင် ကုသိုလ်အကျိုးသည် မိခင်များကို ကောင်းမွန်စွာ ဆက်ဆံခြင်းအတွက်သာ ချီးမြှင့်ခြင်းခံရသည်မဟုတ်ဘဲ၊ သမီးများအား ပြုစုပျိုးထောင်ခြင်းအတွက် သီးသန့်ဖြစ်သောကုသိုလ်အကျိုးကို သတ်မှတ်ထားသည်။ ထိုကုသိုလ်အကျိုးမှာ သားများကို ပြုစုပျိုးထောင်ခြင်းအတွက်ပင် ချီးမြှင့်ခြင်းမခံရပါ။

တမန်တော်မိန့်တော်မူခဲ့သည်- (မည်သူသည် အလ္လောဟ့အရှင်မြတ်ထံတော်မှ သမီးနှစ်ယောက် ချီးမြှင့်ခြင်းခံခဲ့ရပြီး၊ သူသည် ထိုသမီးနှစ်ယောက်ကို ကောင်းမွန်စွာ ပြုစုပျိုးထောင်လျှင်၊ သူမတို့က သူ့အတွက် "ဂျန္နဟ်" ဥယျာဉ်ဘုံနန်းသို့ ဝင်ရောက်ရရန် အကြောင်းခံ ဖြစ်ပေမည်)။

# နိဂုံး

"အိစ်လားမ်" မတိုင်မီ အမျိုးသမီးသည် ရှက်စရာအဖြစ် မှတ်ယူခြင်းခံခဲ့ရသည်။ ငယ်ရွယ်သောသမီးမိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ်ခြင်းခံခဲ့ရသည်။ ပြည့်တန်ဆာပြစ်မှုသည် ပြန့်ပွားခဲ့သည်။ ကွာရှင်းခြင်းသည် ခင်ပွန်း၏လက်ထဲ၌သာ ရှိခဲ့သည်။ အမွေပစ္စည်းဆက်ခံခြင်းသည် အင်အားရှိသူအတွက်သာ ဖြစ်ခဲ့သည်။ ဖိနှိပ်ချုပ်ချယ်မှု ကြီးစိုးခဲ့သည်။ ထို့နောက် "အိစ်လားမ်" သာသနာ ရောက်လာပြီး ဤလုပ်ရပ်များကို ပယ်ဖျက်၊ ဖျက်သိမ်းခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံများအချို့ သို့မဟုတ် မှစ်လင်မ် မိသားစုအချို့များတွင် အမျိုးသမီးများကို ဆိုးရွားစွာဆက်ဆံခြင်းမှာ မှစ်လင်မ် အချို့တို့က မှားယွင်းစွာ လိုက်နာကြသော ဓလေ့ထုံးတမ်းစဉ်လာများကြောင့်ဖြစ်သည်။ "အိစ်လားမ်" သာသနာကြောင့် မဟုတ်ပါ။

ယခုအခါတွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် အမျိုးသမီးများကို တန်းတူညီမျှ လစာပေးခြင်းကို မဆိုထားနှင့်၊ လေးစားခြင်း၊ ဂုဏ်သိက္ခာကိုပင် မပေးကြပါ၊ သို့သော် "အိစ်လားမ်" ကမူ အမျိုးသမီးများကို ထူးမြတ်ပြီး၊ အဖိုးတန်သည်ဟု မှတ်ယူထားသည်။ သူမတို့ကို အထင်အမြင်သေးခြင်း သို့မဟုတ် စော်ကားခြင်း မပြုရပါ။ ဖိနှိပ်ညှဉ်းဆဲသောသာသနာတစ်ခုဖြစ်လျှင်၊ အဘယ်ကြောင့် များစွာသောအမျိုးသမီးတို့သည် "အိစ်လားမ်" တွင်းသို့ လိုလိုလားလား ဝင်ရောက်ကြသနည်း?။

ကျွန်တော်တို့နှင့် အသင်တို့ကိုသာမက၊ အမျိုးသားများနှင့် အမျိုးသမီးကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျေးမွေးတော်မူသောအရှင်မြတ်၏အမိန့်တော်ဖြင့် နိဂုံးချုပ်ပါမည်-

**﴾မုချအလ္လောဟ့အရှင်မြတ်၏အမိန့်တော်များကိုနာခံကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ ယုံကြည်ကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ အမိန့်နာခံကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ ဖြောင့်မတ်မှန်ကန်ကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ သည်းခံကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ အလ္လောဟ့အရှင်မြတ်အား ကြောက်ရွံ့ကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ လှူဒါန်းကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ ဥပုသ်ကို စောင့်ထိန်းကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ မိမိတို့၏အရှက်အင်္ဂါများကို ထိန်းသိမ်းကြသောအမျိုးသားများနှင့် အမျိုးသမီးများ၊ အလ္လောဟ့အရှင်မြတ်အား များစွာသတိရတသကြသောအမျိုးသားများနှင့် အမျိုးသမီးများမှာ အလ္လောဟ့အရှင်မြတ်သည် ဤသူများအတွက် ၎င်းတို့၏ပြစ်မှုများကို ခွင့်လွှတ်တော်မူခြင်းနှင့် ကြီးမားသောကုသိုလ်အစားဖြစ်သည့် "ဂျန္နဟ်" ဥယျာဉ်ကို အဆင့်သင့်ပြုလုပ်တော်မူထားသည်﴿။**

**"ကုရ်အာန်" ကျမ်း၊ ၃၃- ၃၅**

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com info@islamicic.com +971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS




# “ကုရ်အာန်”
## ကျမ်းမြတ်၏ သိပ္ပံအံ့ဖွယ်ရာများ

| BURMESE | (09/10) العلوم في الإسلام | FREE COPY |
|---|---|---|

﴿ငါအရှင်မြတ်သည် ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မိုးကုပ်စက်ဝိုင်းများနှင့် ၎င်းတို့၏ကိုယ်ခန္ဓာများ၌ပင် ငါအရှင်မြတ်၏ ဆန်းကြယ်လှသောသက်သေလက္ခဏာတော်များနှင့် ထူးဆန်းအံ့ဖွယ်ဖြစ်သော ဖန်ဆင်းတော်မူခြင်းများကို ပြသတော်မူမည်။ ထိုသို့ပြသတော်မူခြင်းမှာ- ထိုသက်သေလက္ခဏာတော်များမှတဆင့် “ကုရ်အာန်” ကျမ်းမြတ်သည် မည်သည့်ဒွိဟသံသယမျှမရှိဘဲ အဖန်ဆင်းခံများကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ပို့ချခြင်းခံခဲ့ရသော အမှန်တရားဖြစ်ကြောင်း၊ ၎င်းတို့အတွက် ပေါ်လွင်ထင်ရှားရန်ဖြစ်သည်﴾။

“ကုရ်အာန်” ကျမ်း၊ ၄၁- ၅၃




Dar Al Ber Society
www.daralber.ae

الإمارات
THE EMIRATES

Your Path To Peace..

مركز المعلومات الإسلامي
Islamic Information Center
www.islamicic.com

تصريح رقم:
(2017/139)
دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department


CONTENTS











"အိစ်လားမ်" သာသနာ၏ကျမ်းမြတ်ဖြစ်သော "ကုရ်အာန်" ကျမ်းသည် လူသားများအတွက် အလ္လာဟု အရှင်မြတ်၏ နောက်ဆုံးအမိန့်တော်ကျမ်း ဖြစ်သည်။ ထို့အတူ ဤကျမ်းသည် တမန်တော်များအတွက် ပို့ချခြင်းခံခဲ့ရသော အမိန့်တော်အဆက်ဆက်မှ နောက်ဆုံးအမိန့်တော်လည်း ဖြစ်သည်။

"ကုရ်အာန်" ကျမ်းမြတ်သည် နှစ်ပေါင်း ၁၄၀၀ ကျော်မှပင် ပို့ချခြင်းခံခဲ့ရသော်လည်း သိပ္ပံစာအုပ် မဟုတ်ပါ။ ဤ "ကုရ်အာန်" ကျမ်းမြတ်သည် သိပ္ပံပညာနှင့် နည်းပညာများ တိုးတက်လာပြီး မကြာသေး မီကမှ ရှာဖွေတွေ့ရှိခဲ့သော သိပ္ပံဆိုင်ရာ အချက်အလက်များကို လွှမ်းခြုံပါဝင်သည်။

"အိစ်လားမ်" သည် စဉ်းစားဆင်ခြင်ခြင်းနှင့် ပညာရေးဆိုင်ရာ သုတေသနကို တိုက်တွန်းသည်။ အကြောင်းမှာ- အဖန်ဆင်းခံများ၏သဘောသဘာဝကို သိရှိနားလည်ခြင်းသည် ဖန်ဆင်းရှင်၏ကြီးကျယ်မှုကို ပိုမိုရရှိစေပြီး၊ အရှင်မြတ်၏တန်ခိုးတော်နှင့် ဉာဏ်ပညာကို ရှင်းလင်းစွာ သိရှိစေသည်။

"ကုရ်အာန်" ကျမ်းမြတ်သည် သိပ္ပံပညာပေါ်ထွန်းစကာလတွင် ပို့ချခြင်းခံခဲ့ရသည်။ ထိုကာလတွင် တယ်လီစကုပ်များ၊ အဏုကြည့်မှန်ပြောင်းများ သို့မဟုတ် ယနေ့ခေတ်ရှိ နည်းပညာနှင့် နီးစပ်သော မည်သည့် အရာမျှ မရှိသေးပါ။

နေသည် ကမ္ဘာမြေကို လှည့်ပတ်နေသည်၊ မိုးကောင်းကင်မှာ တိုင်များအပေါ်တွင်ရှိပြီး ကမ္ဘာ မြေပြင်၏ထောင့်များတွင် ချိတ်ဆွဲထားသည်ဟု ယုံကြည်ကြသည်။ "ကုရ်အာန်" ကျမ်းသည် ဤ နောက်ခံအချက်များနှင့်ဆန့်ကျင်ပြီး ကျရောက်လာခဲ့ပြီး၊ နက္ခတ္တဗေဒ၊ ဇီဝဗေဒနှင့် ဘူမိဗေဒမှ သတ္တဗေဒ အပါအဝင် ဘာသာရပ်ဆိုင်ရာ သိပ္ပံဆိုင်ရာ အချက်အလက်များစွာကို ရှင်းလင်းစွာဖော်ပြထားသည်။

"ကုရ်အာန်" ကျမ်းမြတ်တွင် ပါရှိသော သိပ္ပံနည်းကျ လက်တွေ့ကျသောအချက်အလက်များအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

## ၁ အသက်ရှင်သန်ခြင်း၏မူလအစ

ရေသည် သက်ရှိအားလုံး၏ မူလအစဟူ၍ ညွှန်ပြထားသည်။ သက်ရှိအားလုံးသည် ဆဲလ်များဖြင့် ဖွဲ့စည်းထားသည်။ ယခုအခါ တွင် ဆဲလ်များသည် အများအားဖြင့် ရေဖြင့် ဖွဲ့စည်းထားသည်ကို ကျွန်တော်တို့သိရှိရပါသည်။

ဤအချက်ကို အဏုကြည့်မှန်ပြောင်းကို တီထွင်ပြီးမှသာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ် ရှိ သက်ရှိအားလုံးသည် ရေဖြင့် ဖွဲ့စည်းထားသည်ဟု အာရေဗျကျွန်းဆွယ်၏ သဲကန္တာရများတွင်ရှိသော တစ်ဦးတစ်ယောက်က မှန်းဆနိုင် လိမ့်မည်ဟု ထင်မြင်ယူဆခြင်းမှာ ယုတ္တိမရှိပေ။

> ﴿စင်စစ် ငါအရှင်မြတ်သည် ရေဖြင့် သက်ရှိ သတ္တဝါများအားလုံးကို ပြုလုပ်(ဖန်ဆင်း)တော်မူခဲ့သည်၊ ဤသူတို့သည် မယုံကြည်ကြ သလော?﴾။
>
> "ကုရ်အာန်" ကျမ်း၊ ၂၁- ၃၀

## ၂ လူသားသန္ဓေဖွံ့ဖြိုးလာပုံ

အလ္လာဟုအရှင်မြတ်သည် လူသားသန္ဓေတည်ခြင်း၏ အဆင့်ဆင့်နှင့်ပတ်သက်၍ မိန့်တော်မူ ထားသည်-

> *﴿စင်စစ် မုချငါအရှင်မြတ်သည် လူသား("အာဒမ်")အား မြေကြီးများအားလုံး(အမျိုးမျိုး)ဖြင့် ပေါင်းစပ်ထားသောရွံ့မြေမှ ဖန်ဆင်းတော်မူခဲ့သည်﴾။ ﴿ထို့နောက် ငါအရှင်မြတ်သည် လူသားကို သားအိမ်များတွင်ရှိသော သုတ်ရည်မှ ဖန်ဆင်းတော်မူခဲ့သည်﴾။ ﴿ထို့နောက် ငါအရှင်မြတ်သည် ထို သုတ်ရည်ကို သွေးနီခဲအဖြစ်ဖန်ဆင်းတော်မူခဲ့သည်၊ ထို့နောက် ထိုသွေးနီခဲကို အစားတစ်လုတ်ခန့် အသားတုံးအဖြစ် ဖန်ဆင်းတော်မူခဲ့သည်၊ ထို့နောက် ထိုပျော့ပျောင်းနေသောအသားတုံးကို အရိုး များအဖြစ် ဖန်ဆင်းတော်မူခဲ့သည်၊ ထို့နောက် ငါအရှင်မြတ်သည် ထိုအရိုးများကို အသားဖြင့် ဖုံးအုပ်တော်မူပြီး ထိုသန္ဓေသားလောင်းတွင်းသို့ ဝိညာဉ်မှုတ်သွင်းခြင်းဖြင့် အခြားအဖန်ဆင်းခံ အဖြစ် ဖြစ်ပေါ်စေတော်မူခဲ့သည်﴾။*
>
> "ကုရ်အာန်" ကျမ်း၊ ၂၃- ၁၂-၁၄

"အလ်အလကဟ်" ဟူသောစကားလုံးသည် ကပ်ပါးကောင်၊ ချိတ်ဆွဲထားသောအရာနှင့် သွေးခဲဟူ၍ အဓိပ္ပာယ် သုံးမျိုးရှိသည်။

"အလ်မုသ်ဂ်" ဆိုသည်မှာ- ဝါးစားခြင်းခံရသောအရာဟု ရည်ညွှန်းသည်။ သန္ဓေတည်ခြင်းဆိုင်ရာ ပညာရှင်များက သတိပြုမိကြသည်မှာ- သန္ဓေတည်ခြင်းနှင့်ပတ်သက်၍ ဤအခေါ်အဝေါ်များကို အသုံးပြုခြင်းသည် အလွန်တိကျသည်သာမက၊ သန္ဓေသား၏ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်နှင့် ပတ်သက်၍ ကျွန်တော်တို့၏လက်ရှိ သိပ္ပံနည်းကျနားလည်မှုနှင့်လည်း ကိုက်ညီလေသည်။


CONTENTS











နှစ်ဆယ်ရာစုထိတိုင် များစွာသောလူတို့သည် လူသား၏ သန္ဓေတည်ပုံနှင့် ဖွဲ့စည်း၊ ဖွံ့ဖြိုးတိုးတက်ပုံ အဆင့်ဆင့်ကို မသိခဲ့ကြပါ။ ဆိုလိုသည်မှာ- “ကုရ်အာန်” တွင် ဖော်ပြပါရှိသော လူသားသန္ဓေ၏ဖြစ်ပေါ်ပုံများကို ခုနစ်ရာစုမှ သိပ္ပံပညာဆိုင်ရာ အသိပညာအပေါ် အခြေခံ၍ မရပေ။

## ၃ စကြဝဠာ၏ ကျယ်ပြန့်ခြင်း

နက္ခတ္တဗေဒပညာရပ်၏အစကာလ၌ပင် “ကုရ်အာန်” ကျမ်းမြတ်မှ အောက်ပါအမိန့်တော်ကျရောက်လာခဲ့သည်-

﴾စင်စစ် ငါအရှင်မြတ်သည် အင်အားနှင့် ကြီးမားသောတန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့သည်။ မုချငါအရှင်မြတ်သည် ထိုမိုးကောင်းကင်၏မိုးကုပ်စက်ဝိုင်းများနှင့် အရပ်မျက်နှာအဘက်ဘက်ကို ကျယ်ပြန့်အောင် ပြုလုပ်တော်မူခဲ့သည်﴿။

“ကုရ်အာန်” ကျမ်း၊ ၅၁- ၄၇

ဖော်ပြပါအမိန့်တော်တွင် အလ္လာဟုအရှင်မြတ်သည် စကြဝဠာ(မိုးကောင်းကင်)ကို ကျယ်ပြန့်အောင် ပြုလုပ်တော်မူသည်ကို ဆိုလိုသည်။

အခြားအဓိပ္ပာယ်မှာ အလ္လာဟုအရှင်မြတ်သည် စကြဝဠာကို ထိန်းသိမ်းတော်မူသည်။ ထိုစကြဝဠာအပေါ် ဩဇာအာဏာလွှမ်းမိုးတော်မူသည်။ ဤသို့ဆိုလျှင်လည်း မှန်ကန်ပါသည်။

စကြဝဠာသည် လွန်ခဲ့သောရာစုနှစ်တွင် ကျယ်ပြန့်ခဲ့သည်ဟု ရှာဖွေတွေ့ရှိခဲ့သည်။ (ဥပမာ- ဂြိုလ်များသည် တစ်ခုနှင့်တစ်ခု ဝေးကွာ ရွေ့လျားနေသည်)။

ရူပဗေဒပညာရှင်ဖြစ်သူ “စတီဗင်န် နူးကင်န်” က သူ၏ “အချိန်၏သမိုင်းအတိုချုပ်” အမည်ရသောစာအုပ်တွင် ရေးသားခဲ့သည်မှာ-

စကြာဝဠာကျယ်ပြန့်လာနေသည်ကို ရှာဖွေတွေ့ရှိမှုသည် နှစ်ဆယ်ရာစု၏ ကြီးမားသော အတွေးအခေါ်ဆိုင်ရာလှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။

“ကုရ်အာန်” ကျမ်းမြတ်က စကြာဝဠာကျယ်ပြန့်လာနေသည်ကို အဏုကြည့်မှန်ပြောင်းကို မတီထွင်မီကပင် ဖော်ပြထားသည်။

## ၄ သံကို ချပေးခြင်း

သံသည် ပထဝီတွင်ရှိသော သဘာဝအရာ မဟုတ်ပါ။ သံသည် ပြင်ပအာကာသမှ ဤကမ္ဘာဂြိုလ်သို့ ရောက်လာခဲ့သောကြောင့် ဖြစ်သည်။ လွန်ခဲ့သော နှစ်ဘီလီယံပေါင်းများစွာတွင် အဝေးရှိ ကြယ်များမှ ဥက္ကာခဲများသည် ပေါက်ကွဲခဲ့ကာ ကမ္ဘာမြေအပေါ် ကျရောက်ခဲ့ပြီး၊ ထိုဥက္ကာခဲများက သံကိုသယ်ဆောင်လာကြောင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

အလ္လာဟုအရှင်မြတ်က “ချပေးတော်မူခဲ့သည်” ဟု မိန့်တော်မူထားသည်။

﴾ငါအရှင်မြတ်သည် လူသားများအတွက် သံကို ချပေးတော်မူခဲ့သည်။ ထိုသံတွင် ပြင်းထန်မာကျောမှုနှင့် လူသားများအတွက် ကောင်းကျိုးအမျိုးမျိုးရှိသည်﴿။

“ကုရ်အာန်” ကျမ်း၊ ၅၇-၂၅

သံသည် အာကာသတွင်ရှိသော ဥက္ကာခဲများမှတဆင့် ကမ္ဘာမြေပြင်သို့ ကျရောက်လာခဲ့သည်။ ဤအချက်မှာ (၇) ရာစုတွင်ရှိခဲ့သော သိပ္ပံပညာက မသိနိုင်သောအချက်တစ်ခု ဖြစ်သည်။

## ၅ မိုးကောင်းကင်ကို ထိန်းသိမ်းထားခြင်း

မိုးကောင်းကင်ကြီးသည် ကမ္ဘာမြေကြီးနှင့် ၎င်းတွင်နေထိုင်ကြသောသူများကို နေ၏သေကျေပျက်စီးစေသော ရောင်ခြည်များအပြင် အာကာသတွင်ရှိသော အလွန်ပြင်းထန်သောအအေးဓာတ်မှ ကာကွယ်ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်သည် မိုးကောင်းကင်ကို ကြည့်၍ စဉ်းစားဆင်ခြင်ရန် အောက်ပါအမိန့်တော်တွင် မိန့်တော်မူထားသည်-

﴾ငါအရှင်မြတ်သည် မိုးကောင်းကင်အား ထိန်းသိမ်းခြင်းခံရသော အမိုးအဖြစ်ပြုလုပ်တော်မူခဲ့သည်၊ သို့သော် မယုံကြည်သူများသည် ငါအရှင်မြတ်၏သက်သေလက္ခဏာများနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်ခြင်းမှ မေ့လျော့၊ ကျောခိုင်းကြလေသည်﴿။

“ကုရ်အာန်” ကျမ်း၊ ၂၁- ၃၂


CONTENTS











မိုးကောင်းကင်ကို ထိန်းသိမ်းခြင်းသည် အလ္လာဟုအရှင်မြတ်၏တန်ခိုးတော်အပေါ် ညွှန်ပြသော လက္ခဏာများအနက်မှ လက္ခဏာတစ်ခုဖြစ်ကြောင်းကို "ကုရ်အာန်" ကျမ်းမြတ်က ဖော်ပြထားသည်။ သို့သော် သိပ္ပံနည်းကျသုတေသနသည် နှစ်ဆယ်ရာစုတွင်မှ မိုးကောင်းကင်ကို ထိန်းသိမ်းထားကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

## ၆ တောင်များ

အလ္လာဟုအရှင်မြတ်သည် တောင်များ၏အရေးကြီးခြင်းနှင့်ပတ်သက်၍ အာရုံစိုက်ကြရန် ဤသို့မိန့်တော်မူထားသည်-


﴾ငါအရှင်မြတ်သည် ပထဝီမြေကို အသင်တို့အတွက် အခင်းသဖွယ် ပြုလုပ်ပေးတော်မူခဲ့သည် မဟုတ်သလော?﴿။ ﴾တောင်များကို ကြံ့ခိုင်အောင် ပြုလုပ်ပေးတော်မူခဲ့သည် မဟုတ်သလော?﴿။

"ကုရ်အာန်" ကျမ်း၊ ၇၈- ၆-၇

"ကုရ်အာန်" ကျမ်းမြတ်သည် ကြံ့ခိုင်သောတောင်များ၊ သပ်များဟူ၍ တောင်များ၏နက်နဲသည့် အမြစ်များကို အသေးစိတ် ဖော်ကျူးထားပါသည်။

ဥပမာ- ဧဝရတ်တောင်သည် မြေပြင်အထက် ၉ ကီလိုမီတာခန့်မြင့်ပြီး၊ ၎င်း၏အမြစ်မှာမူ ၁၂၅ ကီလိုမီတာထက် ပိုနက်ပါသည်။ တောင်များတွင် နက်နဲသော သပ်ကဲ့သို့ အမြစ်များရှိသည်ဆိုသောအချက်ကို နှစ်ဆယ်ရာစု၏အစတွင် "ပလိသ် သက်သိုနစ်က်" သီအိုရီဖြစ်ထွန်းလာပြီးနောက်မှ သိခဲ့ရပါသည်။

ထို့အတူ အလ္လာဟုအရှင်မြတ်သည် "ကုရ်အာန်" ကျမ်းမြတ် ကဏ္ဍ (၁၆)- အမိန့်တော် (၁၅) တွင် တောင်များသည် ပထဝီမြေကို ယိမ်းယိုင်မသွားအောင် ကြံ့ခိုင်တည်ငြိမ်စေသည်ဟု မိန့်တော်မူထားသည်။ ဤအချက်သည် သိပ္ပံပညာရှင်များက မကြာသေးမီမှ သိခဲ့ကြရသောအချက် ဖြစ်သည်။




## ၇ နေ၏လှည့်ပတ်သောလမ်းကြောင်း

၁၅၁၂ ခုနှစ်တွင် နက္ခတ္တဗေဒပညာရှင် "နီကိုလားစ် ကိုပါနီးကူးစ်" သူ၏သီအိုရီကို တင်ပြခဲ့သည်မှာ- နေသည် ဆိုလာစနစ်၏အလယ်ဗဟိုတွင် တည်ရှိနေပြီး၊ အခြားဂြိုလ်များက နေကိုပတ်၍ လှည့်ပတ်နေသည်။ ဤယုံကြည်ချက်သည် နှစ်ဆယ်ရာစုအထိ နက္ခတ္တဗေဒပညာရှင်များကြားတွင် ပျံ့နှံ့ခဲ့သည်။

﴾အလ္လာဟုအရှင်မြတ်သည် ည၊ နေ့၊ နေနှင့် လတို့ကို ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းတို့အားလုံးသည် ပတ်လမ်းတစ်ခုစီတွင် သွားလာလှုပ်ရှားနေကြသည်﴿။

"ကုရ်အာန်" ကျမ်း၊ ၂၁-၃၃

ယခုအခါတွင် ခိုင်မာသောအချက်များမှတစ်ခုမှာ နေသည် တည်ငြိမ်နေသည် မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ နဂါးငွေ့တန်း ဂလက်ဆီ၏ အလယ်ဗဟိုတွင် လှည့်ပတ်နေသဖြင့် ကောင်းစွာ တည်ရှိနေသည့် အချက်ဖြစ်သည်။

## ၈ သမုဒ္ဒရာတွင်ရှိသော အတွင်းပိုင်းလှိုင်းများ

လှိုင်းလုံးများသည် သမုဒ္ဒရာ၏မျက်နှာပြင်ပေါ်တွင်သာ ဖြစ်ပေါ်သည်ဟု ကျယ်ပြန့်စွာ ယုံကြည်ကြသည်။ ထို့အတူ ရေ၏မျက်နှာပြင်အောက်တွင် လူ၏မျက်စိဖြင့် မမြင်နိုင်သော အတွင်းပိုင်းလှိုင်းများရှိကြောင်းကို အဏ္ဏဝါဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဤရှာဖွေတွေ့ရှိမှုသည် အထူးပြုကိရိယာဖြင့်သာ တွေ့ရှိနိုင်ပါသည်။

"ကုရ်အာန်" ကျမ်းက ဖော်ပြသည်မှာ-


CONTENTS









*﴿လှိုင်းများလွှမ်းမိုးလျက်ရှိသော နက်ရှိုင်းသည့်ပင်လယ်တွင်ရှိသည့် အမှောင်ထုများနှင့်တူလေသည်၊ ထိုလှိုင်း၏အပေါ်တွင် အခြားလှိုင်းရှိနေသေးသည်၊ ထိုလှိုင်း၏အထက်တွင် ထူထပ်သောမိုးတိမ်လည်းရှိနေသည်၊ အမှောင်ထုအချို့အပေါ်၌ အမှောင်ထုထပ်၍ အလွန်ထူထပ်သောအမှောင်ထုများဖြစ်သည်﴾။*

**"ကုရ်အာန်" ကျမ်း၊ ၂၄-၁၀**

ဤဖော်ကျူးချက်မှာ အံ့ဩစရာပင် ဖြစ်သည်။ အကြောင်းမှာ- လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ က နက်ရှိုင်းသောသမုဒ္ဒရာအတွင်းတွင်ရှိသော အတွင်းလှိုင်းများကို ရှာဖွေတွေ့ရှိရန် အထူးကိရိယာများ မရှိသေးသောကြောင့် ဖြစ်သည်။

# ၉ လိမ်ညာခြင်းနှင့် လှူပ်ရှားခြင်း

တမန်တော် "မုဟမ္မဒ်" ၏ခေတ်ကာလတွင် ဖိနှိပ်ချုပ်ချယ်၊ မာန်မာနထောင်လွှားသောမျိုးနွယ်စု ခေါင်းဆောင်တစ်ယောက်ရှိခဲ့သောကြောင့် အလ္လာဟ်အရှင်မြတ်က ထိုသူ့ကို သတိထားရှောင်ကြဉ်ရန် အမိန့်တော်တစ်ခုအား ပို့ချတော်မူခဲ့သည်-

*﴿အကယ်၍ ဤ("အဗူး ဂျဟ်လ်")သူသည် မိမိ၏ဆန့်ကျင်ပုန်ကန်(ရန်လို)ခြင်းနှင့် ဒုက္ခပေးခြင်းမှ ရပ်စဲ၍ ပြန်မလှည့်လျှင်၊ မုချငါအရှင်မြတ်သည် သူ၏ဦးစွန်းကို ပြင်းထန်စွာ ကိုင်တော်မူ၍၊ ငရဲမီးထဲသို့ မုချပစ်ထည့်မည် ဖြစ်သည်။ ထို("အဗူး ဂျဟ်လ်")သူ၏ဦးစွန်းမှာ ပြောဆိုရာတွင် လိမ်ညာပြောဆိုသောဦးစွန်း ဖြစ်သည်။ ၎င်းဦးစွန်း၏လုပ်ရပ်များသည်လည်း မှားယွင်းသောဦးစွန်း ဖြစ်သည်။ လိမ်လည်ခြင်းနှင့် မှားယွင်းခြင်းတို့သည် ထိုဦးစွန်းမှ ထွက်ပေါ်လာသကဲ့သို့ပင် ဖြစ်သည်﴾။*

**"ကုရ်အာန်" ကျမ်း၊ ၉၆-၁၅/၁၆**

အလ္လာဟ်အရှင်မြတ်သည် ဤသူ("အဗူး ဂျဟ်လ်)ကို လူလိမ်ဟု ခေါ်ဆိုတော်မမူဘဲ၊ သူ၏နဖူးကို "လိမ်ညာသော"၊ "ပြစ်မှားသော" ဟူ၍ မိန့်ဆိုထားခြင်းမှာ- ထိုလုပ်ရပ်မှ ရပ်တန့်ရန် သတိပေးတော်မူခြင်း ဖြစ်သည်။ လေ့လာမှုများစွာအရ ကျွန်ုပ်တို့၏ ဦးနှောက်အရှေ့ပိုင်းသည် လိမ်ညာခြင်းနှင့် လှူပ်ရှားမှုကိုရွေးချယ်ခြင်းတို့အတွက် တာဝန်ရှိပြီး အပြစ်များကိုလည်း တာဝန်ယူရကြောင်း တွေ့ရှိခဲ့ကြသည်။

ဒီလုပ်ဆောင်ချက်တွေကို နှစ်ဆယ်ရာစုမှာ တီထွင်ခဲ့တဲ့ ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်ကိရိယာတွေနဲ့ ရှာဖွေတွေ့ရှိခဲ့ပါသည်။


# ၁၀ ရောနှောခြင်းမရှိသော ပင်လယ်နှစ်ခု

ကျွန်ုပ်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ပင်လယ်များနှင့်ပတ်သက်၍ မိန့်တော်မူသည်-

**﴿အလ္လာဟ်အရှင်မြတ်သည် ဆုံစည်းကြသော ရေချိုနှင့် ရေငန်ပင်လယ် (၂) ခုတို့၏ရေကို ရောစပ်စေတော်မူသည်။ ၎င်းပင်လယ် (၂) ခုတို့၏ကြားတွင် အတား အဆီး (၁) ခုရှိနေသည်။ ထို့ကြောင့် ပင်လယ် (၂) ခုသည် အချင်းချင်းတစ်ခုအပေါ်တစ်ခု ကျူးကျော်ခြင်းမရှိသည့်ပြင်၊ အခြားတစ်ခု၏ပင်ကိုမူလကို ပြောင်းလဲစေခြင်းမရှိပေ﴾။**

**"ကုရ်အာန်" ကျမ်း၊ ၅၅-၁၉/၂၀**

မျက်နှာပြင်၏မာကျောမှုဟုခေါ်သော တွန်းအားတစ်ခုသည် နီးကပ်လျက်ရှိသော ပင်လယ်ရေများ၏သိပ်သည်းဆထူထပ်မှုကြောင့် ထိုရေများကို ရောနှောမသွားအောင် တားဆီးထားသည်။ ထိုပင်လယ်ရေများ၏ကြားတွင် ပါးလွှာသောနံရံတစ်ခုရှိနေသကဲ့သို့ပင် ဖြစ်သည်။ အဏ္ဏဝါဗေဒပညာရှင်များသည် ဤအချက်ကို နောက်ကျပြီးမှ ရှာဖွေတွေ့ရှိခဲ့ကြသည်။




CONTENTS











# တမန်တော် "မုဟမ္မဒ်" သည် "ကုရ်အာန်" ကျမ်းကို ရေးဖွဲ့နိုင်ခဲ့သလား?

သမိုင်းတွင် တမန်တော် "မုဟမ္မဒ်" သည် စာမရေးတတ်၊ မဖတ်တတ်သောသူအဖြစ် ကျော်ကြားခဲ့သည်။ သူသည် စာရေးစာဖတ်နည်းကို မသိသည့်အပြင် "ကုရ်အာန်" တွင် သိပ္ပံနည်းကျတိကျမှုကို ရှင်းပြနိုင်သည့် မည်သည့်နယ်ပယ်တွင်မှလည်း ပညာသင်ယူခြင်း မရှိခဲ့ပါ။

အချို့က တမန်တော် "မုဟမ္မဒ်" သည် သူ၏ခေတ်တွင်ရှိသော ပညာလေ့လာသူ သို့မဟုတ် ပညာရှင်များထံမှ ကူးယူသည်ဟု စွပ်စွဲပြောဆိုကြသည်။ အကယ်၍ ထိုကဲ့သို့ကူးယူခဲ့လျှင်၊ ထိုအချိန်က သိပ္ပံနည်းကျ မှားယွင်းသောယူဆချက်အားလုံးကိုလည်း ကူးယူခဲ့သည်ကို ကျွန်ုပ်တို့ခန့်မှန်းရသည်။ သို့သော် "ကုရ်အာန်" ကျမ်းမြတ်တွင် သိပ္ပံနည်းကျဖြစ်စေ၊ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ မည်သည့်အမှားအယွင်းကိုမျှ ကျွန်ုပ်တို့ မတွေ့ရှိရပါ။

အချို့က "ကုရ်အာန်" ကျမ်းသည် သိပ္ပံနည်းကျအချက်အလက်အသစ်များကို ရှာဖွေတွေ့ရှိမှုနှင့်အတူ ပြောင်းလဲသွားခဲ့ပြီဟူ၍လည်း စွပ်စွဲပြောဆိုကြသည်။ ဤကဲ့သို့ မဖြစ်နိုင်ပါ။ အကြောင်းမှာ- "ကုရ်အာန်" ကျမ်းမြတ်သည် မူရင်းဘာသာစကားဖြင့် ထိန်းသိမ်းခြင်းခံထားရသောကျမ်းဖြစ်၍ သမိုင်းကြောင်းအရ မှတ်တမ်းတင်ထားသည်။ "ကုရ်အာန်" ကျမ်းမြတ်သည်ပင် အံ့ဖွယ်သောတန်ခိုးတော်တစ်ခုပင် ဖြစ်သည်။

# ထိုအံ့ဖွယ်သောတန်ခိုးတော်သည် တိုက်ဆိုင်မှုတစ်ခုလား?

ဤလက်ကမ်းစာစောင်သည် ဖြစ်နိုင်ချေရှိသောသိပ္ပံပညာဆိုင်ရာ အံ့ဖွယ်ရာများကိုသာ အာရုံစိုက်သော်လည်း၊ "ကုရ်အာန်" ကျမ်းမြတ်တွင် ဖော်ပြထားသော အမှန်တကယ်ဖြစ်မြောက်ပြီးသော အံ့ဖွယ်ရာအမျိုးအစားများစွာကို ဖော်ပြထားသည်။ ဥပမာ- သမိုင်းဆိုင်ရာအံ့ဖွယ်အဖြစ်အပျက်များ၊ စေလွှတ်ခြင်းခံခဲ့ရသောတမန်တော်များ၊ နှိုင်းယှဉ်၍မရသော ဘာသာစကားဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာနည်းစနစ်များနှင့် နားထောင်သူအပေါ်၌ ဤနည်းစနစ်များ၏သက်ရောက်မှုတို့ ဖြစ်သည်။ ဤအရာများသည် တိုက်ဆိုင်မှုကြောင့် မဖြစ်နိုင်ဘဲ၊ "ကုရ်အာန်" ကျမ်းမြတ်သည် ထိုနည်းစနစ်ဥပဒေများကို ဖန်ဆင်းတော်မူသောအလ္လာဟုအရှင်မြတ်ထံတော်မှ ဖြစ်သည်ကို ထင်ရှားစွာ ညွှန်ပြနေသောသက်သေများပင် ဖြစ်သည်။

> ﴾အလ္လာဟုအရှင်မြတ် တစ်ပါးတည်းသည်သာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအရှင်ဖြစ်ကြောင်း၊ ငါအရှင်မြတ်သည် ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မိုးကုပ်စက်ဝိုင်းများနှင့် ၎င်းတို့၏ကိုယ်ခန္ဓာများ၌ပင် ပြသတော်မူမည်﴿။
>
> "ကုရ်အာန်" ကျမ်း၊ ၄၁-၄၂

အလ္လာဟုအရှင်မြတ်သည် တစ်ပါးတည်းသောခဝပ်ကိုးကွယ်ခံထိုက်တော်မူသောအရှင်ဖြစ်ကြောင်း၊ တမန်တော်များအားလုံးကို အလ္လာဟုအရှင်မြတ်တစ်ပါးတည်းကို ခဝပ်ကိုးကွယ်ရန်နှင့် တမန်တော်၏သွန်သင်မှုများကို လိုက်နာရန် အမိန့်တော်တစ်ခုဖြင့် စေလွှတ်တော်မူခဲ့ကြောင်းကို ညွှန်ပြနေသည်။

"ကုရ်အာန်" ကျမ်းမြတ်သည် တရားလမ်းမှန်ပြသသောကျမ်းဖြစ်သည်။ အလ္လာဟုအရှင်မြတ်သည် လူသားများကို ရည်ရွယ်ချက်မဲ့ ရှင်သန်ရန် အချည်းနှီးဖန်ဆင်းတော်မူခဲ့ခြင်း မဟုတ်ကြောင်းကို ရှင်းလင်းပြသပေးသည်။ သို့သာမက ကျွန်ုပ်တို့တွင် အလွန်မြင့်မြတ်ပြီး အဓိပ္ပာယ်ပြည့်ဝစွာ ရှင်သန်သည့်ဘဝရည်မှန်းချက်တစ်ခုရှိသည်ဟု သွန်သင်ပေးသည်။ အလ္လာဟုအရှင်မြတ်၏ ပြီးပြည့်စုံမှု၊ ကြီးမြတ်မှု၊ ထူးခြားမှုနှင့် နာခံမှုတို့ကို အသိအမှတ်ပြုရန်လည်း သွန်သင်ပေးသည်။

လူတိုင်းသည် အလ္လာဟုအရှင်မြတ်၏သက်သေလက္ခဏာတော်များနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်ရန်နှင့် သိရှိနားလည်ရန် မိမိ၏အသိဉာဏ်နှင့် ယုတ္တိရှိသောစွမ်းရည်များကို အသုံးပြုရပါမည်။

"ကုရ်အာန်" ကျမ်းမြတ်သည် အရေးကြီးဆုံး သက်သေလက္ခဏာတော်ပင် ဖြစ်သည်။ အသင်အောင်မြင်မှုရရှိရန် "ကုရ်အာန်" ကျမ်းမြတ်ကို ဖတ်ပါ၊ ဤကျမ်းမြတ်၏အလှတရားနှင့် အမှန်တရားကို ရှာဖွေပါ။

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com
info@islamicic.com
+971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

CONTENTS



# “အိစ်လားမ်” တွင် သေခြင်းတရားနှင့် နောင်တမလွန်

BURMESE (10/10) الموت والآخرة في الإسلام FREE COPY

﴾သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရားကို မြည်းစမ်းကြရမည်။ ထို့နောက် အသင်တို့သည် စစ်ဆေးမေးမြန်းခြင်းခံကြရရန်နှင့် အစားပေးခြင်းခံကြရရန် ငါအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိခြင်းခံကြရမည် ဖြစ်သည်﴿။

“ကုရ်အာန်” ကျမ်း၊ ၂၉ - ၅၇


جمعية دار البر
Dar Al Ber Society
www.daralber.ae
الإمارات
THE EMIRATES
Your Path To Peace..
مركز المعلومات الإسلامي
Islamic Information Center
تصريح رقم:
(2017/139)
دائرة الشؤون الإسلامية والعمل الخيري
Islamic Affairs & Charitable Activities Department
www.islamicic.com

CONTENTS



# သေခြင်းတရားသည် နီးကပ်နေပြီဖြစ်သည်

သေခြင်းတရားသည် နီးကပ်နေပြီဖြစ်သော အမှန်တရားဖြစ်သည့်အပြင်၊ ထိုသေခြင်းတရားမှ ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်ပါ။ ထိုသေခြင်းတရားသည် နေ့စဉ်နှင့်အမျှသာမက နာရီတိုင်း၊ မိနစ်တိုင်းတွင် နီးကပ်လာနေပါသည်။

၂၀၀၇ ခုနှစ်တွင် (CIA) မှ ထုတ်ပြန်ခဲ့သော ကမ္ဘာကြီး၏အဖြစ်မှန်များကို ရေးသားထားသောမှတ်တမ်းအရ စက္ကန့်တိုင်းတွင် လူ (၂) ဦးသေဆုံးသည်။ ဤအဆိုအရ နှစ်စဉ်လူပေါင်း ၅၇.၉ သန်းခန့်သေဆုံးသည်။ လူတိုင်းသည် သူတို့၏သက်တမ်း၊ ကျန်းမာရေး၊ နောက်ခံသမိုင်း၊ လူမှုရေးအဆင့်အတန်း သို့မဟုတ် ဘာသာတရားကိုင်းရှိုင်းမှု မည်သို့ပင်ရှိသည်ဖြစ်စေ မလွဲမရှောင်သာသော သေခြင်းတရား၏လမ်းကို ရောက်ရှိရလိမ့်မည်။

﴿အသင်တို့သည် မည်သည့်နေရာ၌ပင်ရှိနေစေကာမူ သေခြင်းတရားသည် အသင်တို့ထံသို့ ရောက်ရှိလာမည်။ အသင်တို့သည် ခိုင်ခံ့သောခံတပ်ရဲတိုက်များထဲ၌ ရှိနေကြလျှင်လည်း သေခြင်းတရားက အသင်တို့ထံသို့ရောက်ရှိလာမည်﴾။

"ကုရ်အာန်" ကျမ်း၊ ၄-၇၈

အတိတ်ခေတ်ကာလတွင် ရှိခဲ့ကြသောဘုရင်များ၊ ဘီလျံနာသူဌေးများနှင့် သြဇာကြီးထွားသူများသည် အဘယ်မှာနည်း?။ လှပသောသူများ၊ နာမည်ကျော်ကြားသောသူများနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သော အထက်တန်းစားများသည်  အဘယ်မှာနည်း?။

# သေခြင်းတရားသည် နီးကပ်နေပြီဖြစ်သည်

သေခြင်းတရားသည် ကြေကွဲစရာဘေးဒုက္ခတစ်ခု မဟုတ်ပါ။ အမှန်မှာ သေခြင်းတရားသည် ဤလောကီဘဝမှ နောင်တမလွန်ဘဝသို့ ကူးပြောင်းသော အဆင့်တစ်ခုမျှသာ ဖြစ်သည်။ သေခြင်းတရားက ကျွန်တော်တို့သည် အဘယ်ကြောင့် ရှင်သန်နေရခြင်း၏ ရည်ရွယ်ချက်၊ ထို့ပြင် သေပြီးနောက် ကျွန်တော်တို့အတွက် မည်ကဲ့သို့ဖြစ်မည်နှင့်ပတ်သက်၍ စဉ်းစားဆင်ခြင် သုံးသပ်စေရမည် ဖြစ်သည်။

အလ္လောဟ်အရှင်မြတ်သည် ကျွန်တော်တို့အား ဖန်ဆင်းတော်မူခဲ့ခြင်းမှာ အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်မှုပြုရန်ဖြစ်သည်ဟု "ကုရ်အာန်" ကျမ်းမြတ်တွင် မိန့်တော်မူထားသည်။ ထို့ပြင် အရှင်မြတ်သည် ဤကြီးမားသောရည်ရွယ်ချက်ကို မည်သူက အကောင်အထည်ဖော်ဆောင်မည်ကို သိရှိစေတော်မူရန် စမ်းသပ်မှုအဖြစ် အသက်ရှင်နေထိုင်ခြင်းကို ဖန်ဆင်းတော်မူခဲ့သည်။

﴿စင်စစ် ငါအရှင်မြတ်သည် "ဂျင်န်" သတ္တဝါများနှင့် လူသားများကိုဖန်ဆင်းတော်မူခဲ့ခြင်းမှာ ငါအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်ပင်ဖြစ်သည်﴾။

"ကုရ်အာန်" ကျမ်း၊ ၅၁-၅၆

ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လောဟ်အရှင်မြတ်သည် သေခြင်းတရားနှင့် အသက်ရှင်နေထိုင်ခြင်းတို့၏ ရည်ရွယ်ချက်ကို ကျွန်တော်တို့အား မိန့်တော်မူထားသည်။

﴿အလ္လောဟ်အရှင်မြတ်သည် အသင်တို့အနက်မှ မည်သည်က လုပ်ရပ်အား အကောင်းဆုံးပြုလုပ်သည်ကို အသင်တို့အား စမ်းသပ်တော်မူရန် သေခြင်းတရားနှင့် အသက်ရှင်သန်ခြင်းကို ဖန်ဆင်းတော်မူခဲ့သည်﴾။

"ကုရ်အာန်" ကျမ်း၊ ၆၇-၂

လူသားသည် အသုဘစရိတ်ကို ကြိုတင်ပေးဆောင်၍ သို့မဟုတ် ခေါင်းတလားကို ကြိုတင်ရွေးချယ်၍ သေခြင်းတရားအတွက် ပြင်ဆင်ရမည် မဟုတ်ပါ။ အမှန်မှာ သူသည် အသက်ရှင်နေထိုင်ရခြင်း၏ စစ်မှန်သောရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ပြင်ဆင်ရမည်။

ရှင်သန်ခြင်း၏ရည်ရွယ်ချက်မှာ- အလ္လောဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်း၊ အရှင်မြတ်၏အမိန့်တော်များအတိုင်းနေထိုင်၍၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းပင် ဖြစ်သည်။

"အိစ်လားမ်" တွင် ခဝပ်ကိုးကွယ်ခြင်းသည် ဝတ်ပြုခြင်းသာမက ဘဝ၏ကဏ္ဍများအားလုံးကို လွှမ်းခြုံပါသည်။ အလ္လောဟ်အရှင်မြတ်အား နှစ်သက်စေသောလုပ်ရပ်တိုင်းသည် ခဝပ်ကိုးကွယ်မှုဖြစ်၍၊ လောကီနှင့် လောကုတ္တရာတို့တွင် ကုသိုလ်အစားရရှိမည် ဖြစ်သည်။

CONTENTS














# သေဆုံးသောအခါ

﴿လူတိုင်းသည် နောင်တမလွန် “ကိယားမဟ်” နေ့အတွက် ကြိုတင်ပြုလုပ်ခဲ့သောလုပ်ရပ်များ နှင့်ပတ်သက်၍ စဉ်းစား၊ ဆင်ခြင်ကြ﴾။

“ကုရ်အာန်” ကျမ်း၊ ၅၉-၁၈

ကျွန်တော်တို့သည် သေခြင်းတရား၏နမူနာများစွာကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။ နာကျင်မှုမရှိ၊ ကြမ်းတမ်းမှုမရှိသော သေခြင်းတရားမှာ ငြိမ်းချမ်းသောသေခြင်းဟု ကျွန်တော်တို့ယူဆကြသည်။ အမှန်မှာ ဤကဲ့သို့ဖြစ်ရမည် မဟုတ်ပါ။

လူတစ်ယောက်သေဆုံးသောအခါ ဝိညာဉ်သည် ခန္ဓာကိုယ်ကို စွန့်ခွာသွားသည်။ တစ်ခါတစ်ရံတွင် ခန္ဓာကိုယ်၏အပြင်ပိုင်း ပုံပန်းသဏ္ဍာန်သည် ဝိညာဉ်ရှိသောအခြေအနေနှင့် မကွဲပြားပါ။

ဝိညာဉ်၏အေးချမ်းသာယာခြင်း သို့မဟုတ် ပူပင်သောကဖြစ်ခြင်းသည် ဤဘဝတွင် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်သောအတိုင်းအတာနှင့် တိုက်ရိုက်ပတ်သက်နေသောရလဒ်ဖြစ်ပြီး၊ သေခြင်းကို ရင်ဆိုင်ရခြင်းနှင့် များစွာပတ်သက်မှု မရှိပါ။

တစ်ခါမျှ မရောက်ဖူးသောနေရာတစ်ခုသို့ အသွားအတွက်သာ လက်မှတ်ရှိသောလူ (၂) ယောက်၏ဥပမာကို ကျွန်တော်တို့ကြည့်ကြစို့။

ပထမသူက သွားရောက်မည့်နေရာနှင့်သက်ဆိုင်သောဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လေ့လာရန် အချိန်ယူသည်။

သူသည် မှန်ကန်သောငွေကြေးနှင့် ကာကွယ်ဆေးများကိုလည်း ရယူသည်။ ခရီးထွက်ရန် အချိန်ရောက်သောအခါ သူသည် ရုတ်တရက်အံ့သြခြင်းမဖြစ်ဘဲ၊ ကောင်းစွာပြင်ဆင်ခဲ့သောကြောင့် လိုရာခရီးကို အန္တရာယ်ဘေးကင်းပြီး စိတ်ကျေနပ်မှုဖြင့် ရောက်ရှိသွားမည်။

ဒုတိယသူမှာမူ ကြိုတင်ပြင်ဆင်မှုများကို ဂရုမစိုက်ဘဲ၊ ခရီးထွက်မည့်အချိန်ထိတိုင် ဖြုတ်သန်းသည်။ သူသည် မသိသောနေရာကို ထိတ်လန့် တုန်လှုပ် ဇဝေဇဝါအဖြစ်နှင့် ရောက်ရှိသွားမည် ဖြစ်သည်။

သူ၏ကြိုတင်ပြင်ဆင်မှု မရှိခြင်းသည် ဆိုးရွားသောအခြေအနေသို့ ဖြစ်ပေါ်စေသည်။ သူနှင့်အတူဖြစ်ပေါ်သောအရာများအားလုံးသည် ကောင်းကျိုးမရှိပါ။

အလ္လာဟ်အရှင်မြတ်သည် “ကုရ်အာန်” ကျမ်းမြတ်တွင် စိတ်ချမ်းသာမှုမရှိသည့် ဤသူကဲ့သို့သောသူနှင့် ပတ်သက်၍ မိန့်တော်မူသည်-

﴿နောက်ဆုံးတွင် သေခြင်းတရားသည် ထိုသူတို့အနက်မှ တစ်ဦးတစ်ယောက်ထံသို့ ရောက်လာသောအခါ၊ ထိုသူက ဤသို့ပြောဆိုမည်- အို ကျွန်တော်မျိုး၏ဖန်ဆင်းမွေးမြူရှင်၊ ကျွန်တော်မျိုးအား လောကီသို့ တဖန်ပြန်လည်ပို့ဆောင်တော်မူပါ﴾။ ﴿ကျွန်တော်မျိုးသည် ဖြုန်းတီးခဲ့သောယုံကြည်မှုနှင့် အမိန့်နာခံခြင်းတို့ကို ပြုလုပ်နိုင်မည်ကိုမျှော်လင့်ပါသည်။ သူ့အတွက် ထိုကဲ့သို့မဖြစ်တော့ပေ။ သို့သာမက သူတောင်းဆိုသောအရာသည်လည်း လက်ခံခြင်းခံရမည်မဟုတ်သည့်အပြင် သူသည် ဆိုင်းငံ့ခြင်းလည်း ခံရမည်မဟုတ်ပေ၊ သူပြောသော ထိုစကားမှာ သူ့အတွက် မည်သည့်အကျိုးမျှမရှိသောစကားသာဖြစ်သည်၊ သူသည် ထိုစကားကိုရိုးသားဖြောင့်မတ်စွာဖြင့် ပြောဆိုသည်လည်း မဟုတ်ပေ﴾။

“ကုရ်အာန်” ကျမ်း၊ ၂၃ / ၉၉-၁၀၀

“ကုရ်အာန်” ကျမ်းမြတ်တွင် ကျွန်တော်တို့တွေ့ရသည့်အတိုင်း၊ ငရဲမီးသို့ ဝင်ရောက်ခြင်းခံကြရသောသူများကို အဘယ်ကြောင့် ငရဲမီးထဲသို့ ဝင်ရောက်ကြရသနည်းဟု မေးမြန်းသောအခါ၊ ၎င်းတို့ကပြောကြသည်မှာ-

﴿ကျွန်တော်တို့သည် လောကီ၌ရှိခဲ့စဉ် “ဆွလားဟ်” ဝတ်ပြုကြသောသူများအနက်မှ မဖြစ်ခဲ့ကြပါ။ အလှူဒါနများ မပေးခဲ့ကြ၊ ဆင်းရဲသားများကိုလည်း ကောင်းမွန်စွာ ဆက်ဆံခြင်းမပြုခဲ့ပါ။ ကျွန်တော်တို့သည် ငြင်းခုံသူများနှင့်အတူ မှားယွင်းသောစကားများကို ပြောဆိုခဲ့ကြသည့်အပြင်၊ ကျွန်တော်တို့ထံ သေခြင်းတရားသည် ရောက်လာခဲ့သည်ထိတိုင်၊ အစားပေးခြင်းခံရမည့်နေ့ကို မယုံကြည်ခဲ့ကြပါ﴾။

“ကုရ်အာန်” ကျမ်း၊ ၇၄ / ၄၃-၄၇

ကျွန်တော်တို့အားလုံးအတွက် သေဆုံးရမည့်အချိန် သတ်မှတ်ပြီးဖြစ်သည်။ ကျွန်တော်တို့အားလုံးသည် ရင်းနှီးမှုမရှိသော ဤနေရာသို့ ခရီးသွားကြရမည်။ ထို့ကြောင့် အသင်သည် မိမိကိုယ်ကို မေးပါ။ သေခြင်းတရားအတွက် အဆင်သင့် ဖြစ်နေပြီလား?

CONTENTS












# ရှင်သန်ခြင်း၏ရည်ရွယ်ချက်

ရှင်သန်ခြင်းဘဝသည် သေခြင်းတရားနှင့် အဆုံးသတ်သောစမ်းသပ်မှုတစ်ခုဖြစ်သော်လည်း၊ လူတစ်ယောက်တည်ရှိခြင်း၏နောက်ဆုံးနိဂုံး မဟုတ်ပါ။ သေခြင်းတရားရောက်လာသောအခါ ကောင်းမှုပြုလုပ်သောအခွင့်အရေးမှာ ကုန်ဆုံးသွားပြီးဖြစ်သည်။ ခွင့်လွှတ်မှုရရန် တောင်းခံခြင်းမှာလည်း အချိန်နှောင်းသွားပြီဖြစ်သည်။ ကျွန်တော်တို့၏လားရာနေရာမှာ ကျွန်တော်တို့၏ယုံကြည်မှုများ၊ လက်ရှိသက်တမ်းတွင် ကျွန်တော်တို့ ပြုလုပ်ကြသောလုပ်ရပ်များအပေါ်၌သာ မူတည်၍ စီရင်ဆုံးဖြတ်ခြင်းခံရမည် ဖြစ်သည်။

လူတစ်ယောက်၏သက်တမ်းသည် အပိုင်း (၂) ပိုင်းရှိသည်။ ပထမအပိုင်းမှာ တိုတောင်းသော ဤဘဝသက်တမ်းဖြစ်၍၊ ဒုတိယအပိုင်းမှာမူ အမြဲထာဝရဖြစ်သော နောင်တမလွန်ဘဝသက်တမ်းဖြစ်သည်။

အမြဲထာဝရစည်းစိမ်ပျော်ရွှင်မှုသည် ပထဝီမြေပေါ်တွင်ရှိသော ပျောက်ကွယ်သွားမည့် ခေတ္တခဏစည်းစိမ်ပျော်ရွှင်မှုထက် သာပို၍ကောင်းကျိုးများစွာရှိကြောင်း မှန်ကန်သောအသိဉာဏ်က ရှင်းလင်းစွာ သိရှိနိုင်သည်။

﴾ငါအရှင်မြတ်က အသင်တို့ကို အချည်းနှီး၊ မေ့လျော့ခံသူများအဖြစ် ဖန်ဆင်းတော်မူခဲ့သည်၊ ထို့ပြင် နောင်တမလွန်နေ့တွင် တဖန်ပြန်လည်ရောက်ရှိခြင်း ခံကြရမည်မဟုတ်ဟု အသင်တို့ထင်မြင်ယူဆကြသလော?﴿။

"ကုရ်အာန်" ကျမ်း၊ ၂၃-၁၁၅

အလ္လာဟုအရှင်မြတ်သည် လူသားကို ဖန်ဆင်းတော်မူခဲ့ပြီး၊ ကျွန်တော်တို့ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နှင့် အမှားအမှန်ပိုင်းခြားနိုင်သောအသိဉာဏ်ကို ချီးမြှင့်တော်မူ၍၊ ကျွန်တော်တို့၏လုပ်ရပ်များအတွက် တာဝန်ယူစေတော်မူခဲ့သည်။

အကယ်၍ သူတော်ကောင်းများကို ကုသိုလ်အစားပေးရန်နှင့် ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ခတ်ရန် နောင်တမလွန်ဘဝသက်တမ်းတစ်ခု မရှိလျှင်၊ ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟုအရှင်မြတ်၏ အကြွင်းမဲ့တရားမျှတမှုနှင့် ဆန့်ကျင်နေမည် ဖြစ်သည်။

ထို့ကြောင့် တရားမျှတမှုအတွက် အဓိကတောင်းဆိုချက်များအနက်မှတစ်ခုမှာ လူတိုင်း လူတိုင်းသည် စစ်ဆေးမေးမြန်းခြင်းခံရမည့် နောင်တမလွန်နေ့ရှိရမည် ဖြစ်သည်။

﴾ငါအရှင်မြတ်သည် အလ္လာဟုအရှင်မြတ်အတွက် ကျိုးနွံ၍ အမိန့်နာခံကြသောသူများအား မယုံကြည်သောသူများကဲ့သို့ ပြုလုပ်တော်မူရမည်လော?﴿။ ﴾အသင်တို့သည် အဘယ်ကဲ့သို့ မတရားသော ဤစီရင်မှုကို စီရင်ဆုံးဖြတ်ခဲ့ကာ အမိန့်နာခံသူများနှင့် မယုံကြည်သူများမှာ ကုသိုလ်အစားတူညီစွာရကြသည်ဟု ပြောဆိုခဲ့ကြသနည်း?﴿။

"ကုရ်အာန်" ကျမ်း၊ ၆၈ / ၃၅-၃၆

# သေပြီးနောက် ပြန်လည်ရှင်ထရမည့်နေ့

﴾(အို တမန်တော်)အသင်ပြောပါလေ- အသင်တို့ထွက်ပြေးရာ မည်သည့်နေရာမှ မရှိဘဲလျက် အသင်တို့၏သက်တမ်းများကုန်ဆုံးချိန် ကျရောက်လာသောအခါ အသင်တို့ထွက်ပြေးတိမ်းရှောင်နေကြသောသေခြင်းတရားမှာ အသင်တို့ထံ ဆိုက် ရောက်လာမည်ဖြစ်သည်။ ထို့နောက် အသင်တို့သည် သေပြီးနောက် တဖန်ပြန်လည်ရှင်ထရမည့်နေ့တွင် လျှို့ဝှက် ဖုံးကွယ်လျက်ရှိသော အကွယ်မှ အရာများနှင့် ထင်ရှားသောအရာများကို အကြွင်းမဲ့သိတော်မူသော အလ္လာဟုအရှင်မြတ် ထံတော်သို့ တဖန်ပြန်လည်ရောက်ရှိစေခြင်း ခံကြရမည်ဖြစ်ကာ၊ ထိုအခါ အရှင်မြတ်သည် အသင်တို့ ၏လုပ်ရပ်များနှင့်ပတ်သက်၍ အသင်တို့အား ပြောပြမိန့်ကြားတော်မူ၍၊ ထိုလုပ်ရပ်များအပေါ်၌ အသင်တို့အား အစားပေးတော်မူမည်ဖြစ်သည်﴿။

"ကုရ်အာန်" ကျမ်း၊ ၆၂ - ၈

ဤဘဝသက်တမ်းတွင် လူသားအားလုံး၏လုပ်ရပ်များကို တိကျစွာ ထိန်းသိမ်း၊ ရေးမှတ်လေသည်။ အလ္လာဟုအရှင်မြတ်ကမိန့်တော်မူသည်-

CONTENTS














**﴿ထို့နောက် လုပ်ရပ်၏မှတ်တမ်းကို ပေးခြင်းခံရသောအခါ ပြစ်မှုကျူးလွန်သူတို့က ၎င်းတို့ကျူးလွန်ခဲ့ကြသောပြစ်မှုများက ထိုမှတ်တမ်းတွင် ပါရှိသောကြောင့် ကြောက်ရွံ့ကြသည်ကို အသင်တွေ့မြင်ရလိမ့်မည်၊ ၎င်းတို့ကပြောကြမည်မှာ- သြော် ကျွန်တော်တို့ပျက်စီးရပြီ၊ ဤမှတ်တမ်းမှာ ကျွန်တော်တို့၏လုပ်ရပ်များ အနက်မှသေးငယ်၊ ကြီးလေးသော မည်သည့်ပြစ်မှုကိုမဆို ရေးမှတ်ထားပါလား!၊ ထိုအခါ ၎င်းတို့ပြုလုပ်ခဲ့သမျှကို အသင့်ရှိပြီး၊ ရေးမှတ်ထားသည်ကို တွေ့မြင်ကြမည်။ စင်စစ် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားသဖြင့် ပြုလုပ်တော်မမူပေ﴾။**

**"ကုရ်အာန်" ကျမ်း၊ ၁၈ - ၄၉**

ကျွန်တော်တို့၏လုပ်ရပ်များအားလုံးကို ရေးမှတ်ထားသော ဤမှတ်တမ်း၏တိကျမှုကို အံ့သြကြလိမ့်မည်။ သို့သာမက ရှေးအချိန်တွင် ကျွန်တော်တို့ပြုလုပ်ခဲ့ကြပြီး မေ့ထားခဲ့သောလုပ်ရပ်များကိုလည်း အရှင်မြတ်က ကျွန်တော်တို့ကို သတိပေးတော်မူလိမ့်မည်။ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်-

**﴿နောင်တမလွန်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် သူသေများအားလုံးကို တဖန်ပြန်လည်ရှင်ထစေတော်မူ၍ ၎င်းတို့ပြုလုပ်ခဲ့ကြသောကောင်းမှုနှင့် မကောင်းမှုများကို အသိပေးမိန့်ကြားတော်မူမည်။ အရှင်မြတ်သည် ထိုလုပ်ရပ်များကို တိကျစွာရေတွက် မှတ်တမ်းတင်၊ ရေးမှတ်တော်မူထားသည်။ သို့သော် ထိုသူတို့မှာမူ ထိုလုပ်ရပ်များကို မုချမေ့ပျောက်ခဲ့ကြပြီးဖြစ်သည်﴾။**

**"ကုရ်အာန်" ကျမ်း၊ ၅၈ - ၆**

ဤအကြောင်းအရာနှင့်ပတ်သက်၍ လေးနက်စွာစဉ်းစားသောအခါ မည်သည့်ပြစ်မှုကို ကျူးလွန်သည်ဖြစ်စေ ရေးမှတ်ခြင်းခံရမည့်အပြင် နောင်တမလွန်နေ့ အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်တွင် တင်ပြခြင်းခံရမည်ကို သိလျှင်၊ ကျွန်တော်တို့ကျူးလွန်ရန် ရှက်သင့်ကြပါသည်။

သေသူများကို တဖန်ပြန်လည်ရှင်ထစေ၍ စီရင်ဆုံးဖြတ်တော်မူရန် အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်နှင့်ပတ်သက်၍ ဒွိဟသံသယရှိသော မယုံကြည်သူများအတွက် အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်-

**﴿မည်သူသည် အစိတ်စိတ်အမြွာမြွာ ဆွေးမြည့်သွားသောအရိုးများကို တဖန်ပြန်လည်ရှင်ထစေမည်နည်း?﴾။ ﴿ထိုသူကိုပြောပါလေ- ထိုအစိတ်စိတ်အမြွာမြွာ ဆွေးမြည့်သွားသောအရိုးများကို ပထမအကြိမ်ဖန်ဆင်းတော်မူခဲ့သောဖန်ဆင်းရှင်ကပင် ၎င်းအရိုးများကို တဖန်ပြန်လည်ရှင်ထစေတော်မူမည်။ စင်စစ် အရှင်မြတ်သည် အရှင်မြတ်၏အဖန်ဆင်းခံများအားလုံးနှင့်ပတ်သက်၍ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်လေသည်﴾။**

**"ကုရ်အာန်" ကျမ်း၊ ၃၆ - ၇၈-၇၉**

# သုခဘုံနှင့် ငရဲမီး

သုခဘုံသည် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော၊ တစ်ပါးတည်းသောအရှင် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ကြပြီး၊ ကောင်းမှုပြုလုပ်သောသူများအတွက် ကုသိုလ်အစား ဖြစ်သည်။

**အလ္လာဟ်အရှင်မြတ်က မြင့်မြတ်သော "ကုရ်အာန်" ကျမ်းတွင် မိန့်တော်မူထားသည်-**
**﴿ထိုနေ့တွင် ဥယျာဉ်ဘုံသို့ဝင် ရောက်ကြရမည့်သူတို့မှာ စည်းစိမ်အမျိုးမျိုးကို စံစားနေကြပြီး၊ မွေ့လျော် ပျော်ရွှင်နေကြမည်﴾။ ﴿၎င်းတို့သည် ၎င်းတို့၏ကြင်ရာကြင်ဖက်များနှင့်အတူ ပလ္လင်များအပေါ် ထိုင်နေကြပြီး၊ စည်းစိမ်စံစားနေကြမည်ဖြစ်သည်﴾။**
**﴿၎င်းတို့အတွက် ထိုဥယျာဉ်ဘုံတွင် သစ်သီးဝလံအမျိုးမျိုးရှိမည်။ ထို့ပြင် ၎င်းတို့အတွက် ၎င်းတို့တောင်းဆိုသမျှသော စည်းစိမ်အမျိုးမျိုးလည်းရှိမည်﴾။**

**"ကုရ်အာန်" ကျမ်း၊ ၃၆ / ၅၅-၅၇**

တမန်တော်မြတ်ဆင့်ပြန်ခဲ့သည်မှာ ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်- (ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ သူတော်ကောင်းကျေးကျွန်များအတွက် မည်သည့်မျက်စိမျှ မမြင်ဖူးသောအရာ၊ မည်သည့်နားမျှ မကြားဖူးသောအရာ၊ မည်သည့်လူသား၏စိတ်နှလုံး၌ မသိသောအရာများကို အသင့်ပြင်ဆင်ပေးတော်မူထားသည်)။

ဆန့်ကျင်ဘက်မှာမူ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခံထိုက်တော်မူခြင်းကို ငြင်းပယ်ကြသောသူများသည် ငရဲမီးဖြင့် အစားပေးခြင်းခံကြရမည်၊ ၎င်းတို့နှင့်ပတ်သက်၍ မိန့်တော်မူသည်မှာ-

**﴿ဤငရဲမီးသည် အသင်တို့ပေးခြင်းခံခဲ့ကြရသောသတိ ပေးခြင်းပင် ဖြစ်သည်﴾။**
**﴿ဤနေ့တွင် အသင်တို့၏မယုံကြည်ငြင်းပယ်ခြင်းကြောင့် ငရဲမီးတွင်းသို့ဝင်ရောက်ကြ﴾။**

**"ကုရ်အာန်" ကျမ်း၊ ၃၆ / ၆၃–၆၄**

CONTENTS





မယုံကြည်သောသူများအတွက် အပြင်းဆုံးပြစ်ဒဏ်ရှိလိမ့်မည်

**﴿မုချ “ဂျဟန္နမ်” ငရဲမီးသည် မယုံကြည်သူများကို စောင့်ကြပ်နေ၍၊ ၎င်းတို့အတွက် လားရာနေရာဖြစ်မည်﴾။ ﴿၎င်းတို့သည် ထိုငရဲမီးတွင် အဆုံးမရှိသည့်အပြင် ၊အဆက်မပြတ်သောအချိန်ကာလများစွာ အမြဲနေထိုင်ကြရမည်﴾။ ﴿ထိုမယုံကြည်သူတို့သည် “ဂျဟန္နမ်” ငရဲမီးတွင် ၎င်းတို့မှ ငရဲမီး၏အပူဒဏ်ကို အေးမြစေသော မည်သည့် အစားအစာကိုမျှ စားသုံးကြရမည်မဟုတ်သည့်အပြင်၊ ဆာလောင်မွတ်သိပ်ခြင်းကိုပြေစေသော မည်သည့်ရေကိုမျှ လည်း သောက်သုံးကြရမည်မဟုတ်ပေ﴾။ ﴿သို့သော် ပွက်ပွက်ဆူနေသောရေပူနှင့် ငရဲသားတို့၏ပြည်ပုပ်ကိုသာ သောက်သုံးကြရမည်ဖြစ်သည်﴾။ ﴿ဤသည် ကိုက်ညီသောအစားပင်ဖြစ်လေသည်﴾။ ﴿မုချထိုမယုံကြည်သူတို့သည် (သေပြီးနောက် တဖန်ပြန်လည်ရှင်ထရပြီး)စစ်ဆေးမေးမြန်းခြင်းခံရမည့်နေ့ကို ကြောက်ရွံ့ခြင်းမရှိခဲ့ကြ၊ ထိုနေ့ အတွက် ကောင်းမှုများ ပြုလုပ်ခြင်းမရှိခဲ့ကြ﴾။ ﴿ထို့ပြင် ၎င်းတို့သည် ငါအရှင်မြတ်၏သက်သေလက္ခဏာများကို ငြင်းပယ်ခဲ့ကြသည်﴾။ ﴿စင်စစ် ငါအရှင်မြတ်သည် အရာရာအားလုံးကိုသိတော်မူခဲ့ပြီး၊ “အလ်လောင်ဟုလ် မဟ်ဖူးဇ်” သင်ပုန်းတွင် ရေးမှတ်တော်မူခဲ့သည်﴾။ ﴿ထို့ကြောင့် အသင်တို့ကျူးလွန်ခဲ့ကြသောလုပ်ရပ်များ၏အစားကို မြည်းစမ်းကြ။ စင်စစ် ငါအရှင်မြတ်သည် အသင်တို့၏ပြစ်ဒဏ်အပေါ်ပြစ်ဒဏ်ကိုသာ တိုးပွားစေတော်မူမည်ဖြစ်သည်﴾။**

**“ကုရ်အာန်” ကျမ်း၊ ၇၈ / ၂၁–၃၀**

# နိဂုံး

**﴿အို လူသား၊ မည်သည့်အရာသည် အလွန်ရက်ရောတော်မူ၍၊ ကောင်းချီးမင်္ဂလာများစွာဖြင့် ပြည့်စုံတော်မူသော အသင်၏ဖန်ဆင်းမွေးမြူရှင်မြတ်နှင့်ပတ်သက်၍ အသင့်ကို လှည့်ဖြားစေခဲ့သနည်း?﴾။ ﴿ဤအရှင်မြတ်သည် အသင့်အား ဖန်ဆင်းတော်မူခဲ့ပြီး၊ အသင်၏ဖန်ဆင်းခြင်းကို နေရာတကျ ကောင်းမွန်စွာ အချိုးအစားကျအောင် ပြုလုပ်တော်မူခဲ့ကာ၊ အသင် ၏တာဝန်ဝတ္တရားများကို ကျေပွန်ရန် အသင့်အား စီမံတော်မူခဲ့သည် မဟုတ်သလော﴾။ ﴿အရှင်မြတ်သည် အလိုတော်ရှိသည့်ပုံပန်းသဏ္ဍာန်ဖြင့် အသင့်အား ဖန်ဆင်းတော်မူခဲ့သည် မဟုတ်သလော?﴾။ ﴿အမှန်မှာ- အသင်တို့သည် (သေပြီးနောက် တဖန်ပြန်လည်ရှင်ထရပြီး)စစ်ဆေးမေးမြန်းခြင်းခံရမည့်နေ့၊ အစားပေးခြင်းခံရမည့်နေ့ကို မယုံကြည်ငြင်းပယ်ကြသည်﴾။**

**“ကုရ်အာန်” ကျမ်း၊ ၈၂ / ၆–၉**

ကျွန်တော်တို့သည် မကြာမီအချိန်တွင် သေခြင်းတရား၏ခေါ်သံကို လိုက်နာရမည်ကို သတိရကြရမည်။ ကျွန်တော်တို့၏ပန်းတိုင်မှာ အလ္လောဟုအရှင်မြတ်၏နှစ်သက်မှုကို ရရှိရန်နှင့် နောင်တမလွန်ဘဝအတွက် ပြင်ဆင်ရန် ဖြစ်ရမည်။ စင်စစ် လောကီဘဝမှာ ကျွန်တော်တို့ဖြတ်သန်းရသော အကန့်အသတ်ရှိသည့် အခွင့်အရေးတစ်ခုမျှသာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဉာဏ်အမြော်အမြင်ဖြင့် ဤလောကီဘဝကို တန်ဖိုးရှိစွာ အသုံးချပြီး၊ ကျွန်တော်တို့၏အခြေအနေနှင့် အခြားသူတို့၏အခြေအနေကို ကောင်းမွန်အောင် လုပ်ဆောင်ရမည်။ သို့မှသာ ကျွန်တော်တို့သည် လောကီနှင့် လောကုတ္တရာတွင် အောင်မြင်သောသူများ ဖြစ်ကြမည်။

သေခြင်းတရားကို မလွှဲမရှောင်သာဖြစ်ပြီး၊ ကျွန်တော်တို့ရှင်သန်ရခြင်း၏ရည်ရွယ်ချက်မှာ အလ္လောဟုအရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ရန်နှင့် တားမြစ်ခြင်းခံထားရသာအရာများကို ရှောင်ကြဉ်ရန် ဖြစ်သည်။

**﴿စင်စစ် သူတော်စင်များသည် မုချ သုခစည်းစိမ်များတွင် ရှိကြမည် ဖြစ်သည်﴾။ ﴿ထို့ပြင် ပြစ်မှုကျူးလွန်ကြသောသူများမှာမူ “ဂျဟီးမ်” ခေါ် ငရဲမီးတွင် ရှိကြမည်ဖြစ်သည်﴾။**

**“ကုရ်အာန်” ကျမ်း၊ ၈၂ / ၁၃–၁၄**

ဤလောကီဘဝတွင် ကျွန်တော်တို့ပြုလုပ်သောလုပ်ရပ်များက ကျွန်တော်တို့၏လားရာနေရာကို ဆုံးဖြတ်ပေးမည်။ ထို့ကြောင့် သုခဉယျာဉ်ဘုံတွင် ကျွန်တော်တို့အတွက် အမြဲထာဝရနေရာထိုင်ခင်းတစ်ခုကို အာမခံရန်အတွက် ကမ္ဘာမြေပေါ်၌ တည်ရှိနေခြင်း၏အခွင့်အရေးကို တန်ဖိုးရှိစွာ အသုံးချမည်လော? သို့မဟုတ် ငရဲမီးတွင် မိမိတို့အပေါ်၌ ပြစ်ဒဏ်ကျရောက်ရန် ဤဘဝကို ဖြုန်းတီးမည်လော?။

HOTLINE
+971 56 204 2045
islamicicdxb
islamicic.com
info@islamicic.com
+971 4 355 5223
DOWNLOAD BURMESE FLYER
www.iicdxb.com/burmese

Part of the

مركز المعلومات الإسلامي
Islamic Information Center
للتعريف بالإسلام

# ISLAMIC e-LIBRARY

Learn more about Islam with our informative and educational materials, translated to over 50+ languages

Quran Flyers Books

iicdxb.com/flyers

@islamicicdxb